ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957
၁၃၇၉ ခုနှစ် တန်ခူးလကွယ် အင်္ဂါနေ့။ Tuesday, 25 April 2017 (၈၉၀၅)

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနိုပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနိုပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။ သုခဝဂ်(ဓမ္မပဒ-၁၉၉)

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြား



**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။** (သတင်းစဉ်)

**နေပြည်တော် ဧပြီ ၂၄**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ခေါင်းဆောင် ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာ နော်ကပေါ်ထူး၊ စိုင်းလ၊ ခိုင်စိုးနိုင်အောင်၊ ခွန်ဥက္ကာ၊ ပူးဇင်ကျုံး၊ ဦးသံခဲ၊ စောမိုရှေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ယခုအစည်းအဝေးသည် ပထမဆုံးကျင်းပသည့် JICM အစည်းအဝေးဖြစ်ပါကြောင်း၊ ပထမဦးဆုံးအနေဖြင့် စောမူတူးစေးဖိုးကို ဂုဏ်ပြုချင်ပါကြောင်း၊ ကေအန်ယူမှ တစ်နိုင်ငံလုံးဆိုင်ရာ ညီလာခံကို အောင်အောင်မြင်မြင် ကျင်းပသွားနိုင်သည့်အတွက် အင်မတန်ဝမ်းသာပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်သည့်အစည်းအဝေးအားလုံး၏ အဓိကရည်ရွယ်ချက်မှာ မိမိတို့နိုင်ငံ ထာဝရငြိမ်းချမ်းရေးရရှိရန်ပင် ဖြစ်ပါကြောင်း။

ဘယ်အပိုင်းကိုပဲဆွေးနွေးဆွေးနွေး၊ ဘယ်ရှုထောင့်ကနေပဲကြည့်ကြည့် နောက်ဆုံး မိမိတို့၏ ရည်ရွယ်ချက်မှာ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဘယ်လိုပိုပြီးတော့ အောင်မြင်အောင်လုပ်နိုင်မလဲ၊ ပိုပြီးတော့ ချောမွေ့အောင်လုပ်နိုင်မလဲ၊ ပိုပြီးတော့ ထိရောက်အောင်လုပ်နိုင်မလဲဆိုသည့် အတွေးအခေါ်များနှင့် ရှိကြမည်ဟု မျှော်လင့်ပါကြောင်း၊ အားလုံးကပါဝင်မှ ငြိမ်းချမ်းရေးဆိုတာရနိုင်မှာဖြစ်ပါကြောင်း၊ အားလုံးကလည်း ကိုယ့်ဘက်က ငြိမ်းချမ်းရေးအတွက် အကောင်းဆုံးဟုထင်သည့် အတွေးအခေါ်၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နယ်သာလန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

စာမျက်နှာ » ၃

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗီယင်နာမြို့ရှိ Schonbrunn နန်းတော်အတွင်း လှည့်လည်ကြည့်ရှု

စာမျက်နှာ » ၁၀

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး မေ ၂၄ ရက်တွင် စတင်ကျင်းပမည်

စာမျက်နှာ » ၉

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်




# ကြေးမုံ

## တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာ

နိုင်ငံတော်တွင်ရှိသည့် မဏ္ဍိုင်ကြီးသုံးရပ် အပြန်အလှန်ထိန်းကျောင်းညီညွတ်မျှတခိုင်မာအားကောင်းမှ နိုင်ငံတည်တံ့ခိုင်မြဲ တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ မဏ္ဍိုင်ကြီးသုံးရပ်တွင် တရားရေးမဏ္ဍိုင်တည့်မတ်ခိုင်မာအားကောင်းလျှင် နိုင်ငံအေးချမ်းသာယာခြင်းနှင့်အတူ ကောင်းမွန်သော စီမံခန့်ခွဲမှုပါဖြစ်ပေါ်လာမည်ဖြစ်၍ အရေးကြီးသည်။

နိုင်ငံတစ်နိုင်ငံတွင် တရားဥပဒေစိုးမိုးမှုရှိမှသာ နိုင်ငံတည်ငြိမ်အေးချမ်းမည်ဖြစ်သည်။ တရားဥပဒေစိုးမိုးမှုအားနည်းပါက ပြည်သူများ၏ဘဝ လုံခြုံမှုကိုထိခိုက်နိုင်သည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုပါ အဟန့်အတား ဖြစ်စေနိုင်သည်။ တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ရာတွင် တရားစီရင်ရေးလုပ်ငန်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

တရားစီရင်ရေးလုပ်ငန်းများကို တရားရုံးများက ဆောင်ရွက်ကြသည်။ တရားရုံးများ၏ စီရင်ပိုင်ခွင့်အရ တရားစီရင်ကြရာတွင် လုပ်ပိုင်ခွင့်ပြုထားသည့် ဥပဒေဘောင်အတွင်းမှ ဆင်ခြင်တုံတရားအပေါ် အခြေခံပြီး အကောင်းအဆိုး၊ အကျိုးအပြစ်တို့ကို မှန်ကန်စွာရှုမြင်သုံးသပ်ဆင်ခြင်ဆုံးဖြတ်ကြရသည်ဖြစ်ရာ အဂတိတရားလေးပါး ကင်းရှင်းစွာဖြင့် စီရင်ဆုံးဖြတ်နိုင်ရန် အထူးအရေးကြီးသည်။

တရားရုံးဟူသည်မှာ မည်သူမျှရောက်လိုသော နေရာမဟုတ်ချေ။ အကြောင်းအမျိုးမျိုးကြောင့်သာ ရောက်ခဲ့ရခြင်းဖြစ်သည်။ ထိုသို့ရောက်ရှိကြရာတွင် အချိန်ကုန် လူပန်းမဖြစ်စေအောင် ကြန့်ကြာမှုမဖြစ်စေသည့် တရားစီရင်မှုမျိုးဖြစ်စေချင်ကြသလို တရားမျှတမှုရှိသလို ထိရောက်မှုလည်းရှိသင့်သည့် စီရင်ဆုံးဖြတ်မှုမျိုးကိုလည်း လိုလားကြသည်။

ပြည်သူများ ထိတ်လန့်စိုးရိမ်မှုကို ဖြစ်စေနိုင်သော ဒုစရိုက်မှုကျူးလွန်သူတို့အပေါ် ပြစ်မှုနှင့်ပြစ်ဒဏ် မျှတမှုရှိရန် လိုအပ်သည်။ မျှတမှုမရှိခဲ့ပါလျှင် ပြည်သူများအနေဖြင့် လူ့အဖွဲ့အစည်းအတွင်း စိုးရိမ်ခြင်း၊ ကြောက်လန့်ခြင်း၊ မလုံခြုံခြင်းများ ဖြစ်ပေါ်စေနိုင်သည့်အပြင် ပြည်သူတို့ကိုပါ ခြိမ်းခြောက်အန္တရာယ်ပြုနိုင်သည့် အခြေအနေအထိ ရောက်လာနိုင်ပေသည်။ ပြစ်မှုပြစ်ဒဏ်မမျှတခြင်းသည် အဂတိတရားရှိနေခြင်းဟု ယူဆနိုင်သည်။

တရားရုံးများနှင့်အတူ အတူတကွ လက်တွဲဆောင်ရွက်ရသောအဖွဲ့အစည်းများမှာလည်း အဂတိတရား ကင်းစင်ဖို့လိုသည်။ ဥပဒေရုံး၊ မှုခင်းဆရာဝန်ဌာန၊ ပြည်သူ့ရဲတပ်ဖွဲ့တို့သည် တရားရေးလမ်းကြောင်းတွင် အရေးပါသော အဖွဲ့အစည်းများဖြစ်ပြီး ၎င်းတို့အနေဖြင့်လည်း မှန်မှန်ကန်ကန် ပူးပေါင်းဆောင်ရွက်မှသာ တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်ခိုင်မာမည်ဖြစ်သည်။

ပြည်သူများယုံကြည်ကိုးစားသည့် တိုင်းပြည်ရှိအဖွဲ့အစည်းများမှာ အဆိုပါတရားရုံးနှင့် ဆက်စပ်အဖွဲ့အစည်းများပင်ဖြစ်သည်။ ထိုအဖွဲ့အစည်းများ တည့်မတ်မှန်ကန် အားကောင်းခိုင်မာမှသာ ပြည်သူများ စိတ်လက်အေးချမ်းသာယာနိုင်မည်ဖြစ်၍ ပြည်သူကိုဗဟိုပြုသောခေတ်တွင် ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

တရားစီရင်ရေး တည့်မတ်မှန်ကန်ခိုင်မာရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည့် တရားစီရင်ရေးမူများနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ တရားစီရင်နိုင်မှသာ ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ရရှိမည်ဖြစ်သည်။ ထိုတာဝန်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဆောင်ရွက်ပေးလျက်ရှိသည်ဟု သိရသည်။

တရားစီရင်ရေးကဏ္ဍဆိုသည်နှင့် တရားသူကြီးများကိုသာ မြင်မိမည်ဖြစ်သည်။ အမှန်တွင် ဥပဒေအရာရှိ၊ ရှေ့နေရှေ့ရပ်များ၊ သက်သေများနှင့် အမှုကိုစုံစမ်းစစ်ဆေးပြီး တရားရုံးသို့ တရားစွဲဆိုတင်ပို့ရသည့် တရားစွဲ အဖွဲ့အစည်းများလည်းပါဝင်ရာ ပေါ့လျော့မှု၊ မကျွမ်းကျင်မှု၊ မရိုးသားမှုများ ကင်းစင်အောင် ဆောင်ရွက်ခြင်းဖြင့် တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တရားရေးကဏ္ဍတွင် ပါဝင်ပတ်သက်ဆောင်ရွက်ကြသောသူများအနေဖြင့် နိုင်ငံအတွက် အရေးကြီးသော တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာ အားကောင်းလာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံနှင့် လူမျိုးတိုးတက်ရေးကို ဆောင်ရွက်ကြဖို့ တိုက်တွန်းအပ်ပါသည်။ ။

## မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း(ယာယီ)၏ ရှေ့လုပ်ငန်းစဉ်များ ဝိုင်းဝန်းအကြံပြုဆွေးနွေး

**ရန်ကုန် ဧပြီ ၂၄**

မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း (ယာယီ)၏ ရှေ့လုပ်ငန်းစဉ်များ ဝိုင်းဝန်းအကြံပြုဆွေးနွေးပွဲကို ဧပြီ ၂၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ Western Park Royal ၌ ကျင်းပသည်။



အစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဦး (ဂရိတ်ဝေါ)၊ ဦးဝင်းမောင် (အောင်တမာန်)၊ ဦးကျော်စိန် (ဖြူစင်မေတ္တာ)တို့က ဆောင်ရွက်ကြသည်။ ဆွေးနွေးပွဲတွင် အသင်း၏ ရှေ့လုပ်ငန်းစဉ်များ ဖြစ်ကြသော အသင်း၏ ဆောင်ရွက်မည့် သင်းဖွဲ့စည်းမျဉ်း သင်းဖွဲ့မှတ်တမ်းရေးဆွဲရေး၊ အသင်း၏ရည်ရွယ်ချက်များ၊ တိုင်းဒေသကြီး/ပြည်နယ်အသင်းများဖွဲ့စည်းရေးစသော ပြည်သူ့ကျန်းမာရေးအကျိုးပြု ရှေ့လုပ်ငန်းစဉ်များနှင့် တိုင်းရင်းဆေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို အများသဘောတူ ဆွေးနွေးကြပြီး သဘာပတိ ဦးမောင်မောင်ဦးက အဖွင့်အမှာစကား ပြောကြားသည်။(အပေါ်ယာပုံ)

အဆိုပါ ဝိုင်းဝန်းအကြံပြုဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားမြှင့်တင်မှုကော်မတီဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဆရာကြီးဦးအောင်မြတ်ကျော်၊ တိုင်းရင်းဆေးကောင်စီဝင် ဦးသောင်းလွင်၊ သုတေသနနှင့် ဖွံ့ဖြိုးရေး ညွှန်ကြားရေးမှူး(ငြိမ်း) ဆရာကြီး ဦးဝင်းမြင့်၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဗဟို ဒုတိယဥက္ကဋ္ဌ ဆရာကြီး ဦးပေါ်ငြိမ်း၊ တိုင်းရင်းဆေး ဒုတိယညွှန်ကြားရေးမှူး တိုင်းရင်းဆေးသိပ္ပံကျောင်းအုပ်ကြီး (ငြိမ်း) ဦးလှမြင့်၊ တိုင်းရင်းဆေး စက်ရုံမှူး(ငြိမ်း) ဆရာဦးသောင်းညွန့် တို့နှင့်အတူ တိုင်းရင်းဆေး ထုတ်လုပ်သူ လုပ်ငန်းရှင် ၁၀၁ ဦးတို့ တက်ရောက်ကြသည်။

ထို့နောက် ဧပြီ ၂၇ ရက်တွင် နေပြည်တော်၌ ကျင်းပမည့် တိုင်းရင်းဆေးမှတ်ပုံတင်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ဆွေးနွေးပွဲအတွက်လည်း ကျယ်ပြန့်စွာ ဆွေးနွေးအကြံပြုခဲ့ကြသည်။ အလားတူ အထက်မြန်မာပြည်အတွက် အစည်းအဝေးကိုလည်း ဧပြီ ၂၁ ရက်က အိုရီယန်တယ်ဟောက်စ် မန္တလေး၌ ကျင်းပခဲ့သည်။

ဆက်လက်၍ သဘာပတိက တိုင်းရင်းဆေးလုပ်ငန်းရှင်အပေါင်း ပြည်သူလူထုကျန်းမာရေးကောင်းကျိုးအတွက် ဂုဏ်သိက္ခာမြင့်မြင့် အေးချမ်းဖြောင့်ဖြူးစွာ ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာစကား နိဂုံးချုပ်ပြောကြား၍ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(အောင်ထွန်း)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဧပြီ ၂၄**

ရန်ကုန်(ရွှေဈေး) ၉၀၆၅၀၀ - ၉၀၆၅၀၀ မန္တလေး(ရွှေဈေး) ၉၀၆၅၀၀ - ၉၀၆၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၅/၇၀၅ ကျပ်၊ | ၇၂၀/၇၃၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၅၀/၈၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၆၀/၇၈၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၅/၇၂၅ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၆၄/၆၇၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၃/၆၈၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၆၇၅/၆၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၆၇.၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆.၃၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉.၃၇၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၇.၃၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀.၉၁၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၈.၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉.၅၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၁.၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၀.၀၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

# ပြည်သူနှင့်အတူ

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နယ်သာလန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၂၄**
ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် လူမှုရေးရာနှင့် အလုပ်အကိုင်ရရှိရေးရာဝန်ကြီး H.E. Mr. Lodewijk Asscher ၏ ဖိတ်ကြားချက်အရ နယ်သာလန်နိုင်ငံသို့ အလုပ်သဘောခရီး သွားရောက်ခဲ့ပြီး ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**ကြိုဆို**

ဒုတိယသမ္မတနှင့် အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Wouter Robert Marie Jurgens နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြသည်။**(ယာပုံ)**

**(သတင်းစဉ်)**



## ဂျမေကာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ဦးဟောက်ဒိုဆွမ်းအား ပူးတွဲခန့်အပ်

**နေပြည်တော် မေ ၂၅**
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်းအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဂျမေကာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းနိုင် ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၂၅**
ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဝင်းနိုင်သည် ၎င်း၏ ခန့်အပ်လွှာကို မေ ၂၀ ရက်တွင် မနီလာမြို့၌ ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ မစ္စတာ ရိုဒရီဂို ရိုအာ ဒူတာဒေးထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## လွှတ်တော်နှစ်ရပ်၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး



**နေပြည်တော် မေ ၂၄**
အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် အင်ဒိုနီးရှားနိုင်ငံ အထက်လွှတ်တော် Regional Representative Council မှ အဖွဲ့အစည်းများ အရည်အချင်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ( Institutional Capacity Development Committee ) ၏ ဥက္ကဋ္ဌ Prof. Dr. John Pieris နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်ချင်း အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ လွှတ်တော်နှစ်ရပ်၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးမင်းဦးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ဩစတြေးလျနိုင်ငံမှ ရေကြောင်းရဲတပ်ဖွဲ့သို့ ရေယာဉ်ငယ်လွှဲပြောင်းပေးအပ်

**ရန်ကုန် မေ ၂၄**
ဩစတြေးလျနိုင်ငံ Australian Border Force (ABF)မှ အမေရိကန်ဒေါ်လာ ၅၂၈၀၀ တန်ဖိုးရှိ ထိုင်းနိုင်ငံ SN CRAFT ကုမ္ပဏီထုတ် Rigid Hull Inflatable Boat (RHIB) ရေယာဉ်ငယ်အား မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို မေ ၂၄ ရက် နံနက် ၁၀ နာရီတွင် ဆိပ်ကမ်းမြို့နယ် မော်တင်ရပ်ကွက် ဝါးတန်းဆိပ်ကမ်း ရွာသစ်ချောင်းလမ်းနှင့် ကမ်းနားဥပစာလမ်းထောင့်ရှိ ရေကြောင်းရဲတပ်ဖွဲ့ ရေယာဉ်စုရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း၊ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E.Mr. Nocholes Coppel နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရေယာဉ်ငယ် ပေးအပ်ပွဲတွင် Australian Border Froce (ABF) မှ DEPUTY COMMISSIONER MICHAEL OUTRAM က ရေယာဉ်ငယ် ပေးအပ်ရခြင်း၏ အကြောင်းရင်းကို ရှင်းလင်းပြောကြားခဲ့ပြီး Australian Border Force (ABF) မှ တာဝန်ရှိသူတစ်ဦးက ရေယာဉ်ငယ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ရေကြောင်းရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် နေမိုးသက်ထံ လွှဲပြောင်းပေးအပ်ရာ ရေကြောင်းရဲတပ်ဖွဲ့မှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်း၊ ဩစတြေးလျနိုင်ငံသံအမတ်ကြီး H.E.Mr. Nocholes Coppel နှင့်အဖွဲ့ဝင်များ၊ လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်လာကြသည့် ရဲအရာရှိကြီးများက ရေယာဉ်ငယ်အနီး၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❑



# သမ္မတထရန့်၏ အစိုးရနှင့် ပဋိပက္ခဖြစ်ပွားခြင်းမှရှောင်လွဲကာ အိုင်အမ်အက်ဖ် ကြေညာချက်ထုတ်ပြန်ခဲ့

ဝါရှင်တန် ဧပြီ ၂၄

**ကမ္ဘာ့ဘဏ္ဍာရေးခေါင်းဆောင်များသည် ကုန်သွယ်ရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒတို့နှင့်ပတ်သက်၍ အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်၏ အစိုးရအဖွဲ့နှင့် ပဋိပက္ခဖြစ်ပွားခြင်းမှရှောင်လွဲနိုင်ရန် ကြိုးပမ်းခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။**

ကမ္ဘာ့ဘဏ်နှင့်အတူ ပူးတွဲကျင်းပသည့် နွေဦးပေါက်ရာသီ အစည်းအဝေးများအပြီး နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် သမ္မတထရန့်၏ ကုန်သွယ်ရေးကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒနှင့်ပတ်သက်၍ လည်းကောင်း၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ မူဝါဒနှင့်ပတ်သက်၍လည်းကောင်း ပြင်းပြင်းထန်ထန် ပြစ်တင်ရှုတ်ချခြင်းမပြုဘဲ ရေးသားဖော်ပြထားသည်။

ကုန်သွယ်ရေးကိုယ်ကျိုးစီးပွားကာကွယ်ရေးပုံစံအမျိုးမျိုးကို လက်မခံပါဟူ၍ လွန်ခဲ့သည့် အောက်တိုဘာလက ပြုလုပ်သည့် နိုင်ငံတကာ ဘဏ္ဍာရေးအစည်းအဝေးတစ်ရပ်၏ ပူးတွဲကြေညာချက်တစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကုန်သွယ်ရေးအရ မမျှမတဖြစ်နေခြင်းကြောင့် တရုတ်နှင့် မက္ကဆီကိုနိုင်ငံတို့အပေါ် ကုန်သွယ်ရေးဆိုင်ရာ အခွန်ကြီးလေးစွာ ကောက်ခံသွားမည်ဟု သမ္မတထရန့်က ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလအတွင်း ခြိမ်းခြောက်ပြောဆိုခဲ့သည်။ ထို့အပြင် ရာသီဥတုပြောင်းလဲမှုပြဿနာသည် အမှန်တကယ်အားဖြင့် ပြဿနာမဟုတ်ကြောင်း၊ သိပ္ပံပညာရှင်များက ရေးကြီးခွင်ကျယ်ပြောဆိုနေကြခြင်းသာဖြစ်ကြောင်း ထရန့်က ပြောကြားခဲ့ဖူးသည်။

သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ချိန်နောက်ပိုင်း ထရန့်အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေစည်းမျဉ်းများကို ပြန်လည်သုံးသပ်ရန်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီ၏ ရန်ပုံငွေကို အကြီးအကျယ်ဖြတ်တောက်လျှော့ချရန်လည်းကောင်း သက်ဆိုင်ရာ ဌာနများအား ညွှန်ကြားခဲ့သည်။

**ရိုက်တာ။**




## ရုရှားနှင့်တရုတ်ဆက်သွယ်သော ရထားလမ်းဖြင့် ကုန်ရထားခရီးစဉ် စတင်ပြီ

**နန်ချန်း ဧပြီ ၂၄**

ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံ ကျန်ရှီးပြည်နယ် ကွမ်ကျိုးမြို့တို့ကို ဆက်သွယ်ထားသော ရထားလမ်းကိုအသုံးပြု၍ ကုန်ရထားပြေးဆွဲမှု ခရီးစဉ်ကို စတင်လိုက်ပြီဖြစ်ကြောင်း၊ တရုတ်နိုင်ငံတောင်ပိုင်းရှိ ကုန်ထုတ်လုပ်မှု အချက်အချာဒေသဖြစ်သော ကျန်ရှီးပြည်နယ်နှင့် ရုရှားနိုင်ငံအကြား ပထမဆုံးအကြိမ် ခုတ်မောင်းသော ကုန်ရထားတစ်စင်းသည် ဧပြီ ၂၃ ရက်တွင် ကွမ်ကျိုးမြို့သို့ ဆိုက်ရောက်လာခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ရုရှားနိုင်ငံ ကရာစနိုယော့ကရေဒေသရှိ ကန့်စ်မြို့မှ စတင်ထွက်ခွာလာခဲ့သော ကုန်ရထားသည် ကီလိုမီတာ ၇၀၀၀ ကျော်ကို ခုတ်မောင်းလာခဲ့ပြီးနောက် ခရီးဆုံး ပန်းတိုင်သို့ ဆိုက်ရောက်လာခဲ့သည်။

ကွမ်ကျိုးမြို့သည် တစ်ချိန်တစ်ခါက တရုတ်ကွန်မြူနစ်ပါတီ၏ တော်လှန်ရေး အစပျိုးရာဒေသအဖြစ် သမိုင်းမှတ်တမ်းဝင်သည့် မြို့ကြီးတစ်မြို့ဖြစ်သည်။

**ဆင်ဟွာ။**

## ပြင်သစ်သမ္မတရွေးကောက်ပွဲ ပထမအကျော့မဲပေးပွဲ၌ မေခရွန်နှင့် မာရင်းလီပန်းတို့အနိုင်ရ

**ပါရီ ဧပြီ ၂၄**

ပြင်သစ်နိုင်ငံ၌ ဧပြီ ၂၃ ရက်က ကျင်းပသော သမ္မတရွေးကောက်ပွဲတွင် ဗဟိုဝါဒီ အီမင်နျူယယ်မေခရွန်က ပြည်သူများအတွင်း အထူးတလည် ရေပန်းစားနေပြီး ပထမအကျော့မဲပေးပွဲတွင် အနိုင်ရရှိခဲ့ရာ မေ ၇ ရက်တွင် ကျင်းပမည့် ဒုတိယအကျော့မဲပေးပွဲတွင် လက်ယာစွန်းရောက် ခေါင်းဆောင် မာရင်းလီပန်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အသက်(၃၉)နှစ်ရှိ မေခရွန်သည် အခြားသောနိုင်ငံရေးသမားများနှင့် နှိုင်းယှဉ်လျှင် နိုင်ငံရေးအတွေ့အကြုံနည်းပါးသူဖြစ်ပြီး ရွေးကောက်တင်မြှောက်ခံ ရာထူးနေရာမျိုးတွင် ယခင်က တာဝန်ထမ်းဆောင်ခဲ့ဖူးခြင်း မရှိပေ။

ဧပြီ ၂၃ ရက်က ပြုလုပ်သော ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့သဘောထားဆန္ဒ စစ်တမ်းတစ်ရပ်၌ မေခရွန်သည် အသက်(၄၈)နှစ်ရှိ လီပန်းနှင့်အတူ ဒုတိယအကျော့မဲပေးပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့်အခါ အလွယ်တကူအနိုင်ရဖွယ်ရှိသည်ဟု ဖော်ပြထားသည်။

ဧပြီ ၂၃ ရက် ရွေးကောက်ပွဲရလဒ်အရ ဗဟိုလက်ယာယိမ်းနှင့် ဗဟိုလက်ဝဲယိမ်း အုပ်စုများမှာ အကြီးအကျယ် ရှုံးနိမ့်သွားခဲ့သည်။ ပြင်သစ်နိုင်ငံရေးတွင်နှစ်ပေါင်း ၆၀ ကြာ လွှမ်းမိုးထားခဲ့သော ပါတီကြီးများ၏ သမ္မတလောင်းများ အရေးမလှခဲ့ပေ။

အန်မရှေးလှုပ်ရှားမှုအဖွဲ့အမည်ရှိ ပါတီ၏ သမ္မတလောင်း မေခရွန်က အောင်ပွဲရမိန့်ခွန်းပြောကြားရာတွင် အကယ်၍ မိမိရွေးချယ်တင်မြှောက်ခံရမည်ဆိုပါက တိုးတက်မှုမရှိသော နိုင်ငံရေးစနစ်ကို ပြုပြင်ပြောင်းလဲနိုင်ရန် အစိုးရအဖွဲ့အတွင်းသို့ ကျွမ်းကျင်သူ ပညာရှင်များကို သွတ်သွင်းမည်ဆို၏။

သမ္မတရွေးကောက်ပွဲ၏ ဒုတိယအကျော့မဲပေးပွဲတွင် မေခရွန်က ထောက်ခံမဲ ၆၄ ရာခိုင်နှုန်း၊ လီပန်းက ၃၆ ရာခိုင်နှုန်းရရှိနိုင်သည်ဟု ဟဲရစ်အွန်လိုင်း ပြည်သူ့သဘောဆန္ဒလေ့လာရေးအဖွဲ့က ထုတ်ပြန်သော စစ်တမ်းတွင် ဖော်ပြထားသည်။

**ရိုက်တာ။**



မာရင်းလီပန်း။



မေခရွန်။

## မြောက်ကိုရီးယားအရေးနှင့်ပတ်သက်ပြီး အမေရိကန်သမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တို့ တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေး




**ကျိုတို ဧပြီ ၂၄**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်တို့သည် မြောက်ကိုရီးယားအရေးနှင့်ပတ်သက်ပြီး တယ်လီဖုန်းမှတစ်ဆင့် ယနေ့ဆွေးနွေးခဲ့ကြကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရသိရသည်။

အဆိုပါဆွေးနွေးမှုသည် မိနစ်သုံးဆယ်ခန့် ကြာမြင့်ခဲ့ကြောင်းနှင့် အမေရိကန်အနေဖြင့် ပြုံယမ်းအပေါ် အရေးယူဆောင်ရွက်မည့် ရွေးချယ်မှုလမ်းစဉ်များအားလုံး အဆင်သင့်ဖြစ်ပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်၏ ပြောကြားချက်များကို ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက မီဒီယာများအား ပြန်လည်ပြောကြားခဲ့သည်။

ရန်စမှုများဆက်လက်လုပ်ဆောင်နေသည့် မြောက်ကိုရီးယားနိုင်ငံအား ၎င်း၏လုပ်ရပ်များကို ရပ်တန့်ပစ်ရန် အပြင်းအထန်တိုက်တွန်းပြောကြားကြမည်ဖြစ်ကြောင်း ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့ကြသည်ဟု ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ဆိုသည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားလက်နက် ဖွံ့ဖြိုးမှုသည် ဂျပန်နိုင်ငံသာမက ကမ္ဘာ့နိုင်ငံများ၏လုံခြုံရေးကိုပါ ခြိမ်းခြောက်လျက်ရှိသည်ဟု ဝန်ကြီးချုပ်က အလေးပေးပြောကြားခဲ့သည်။

ဂျပန်ဒိုးဖျက်သင်္ဘောများနှင့် အမေရိကန်၏ USS Carl Vinson လေယာဉ်တင်သင်္ဘောများပါဝင်သည့် နှစ်နိုင်ငံစစ်ရေးလေ့ကျင့်မှုသည် ပစိဖိတ်အနောက်ဘက်ဒေသတွင် လုပ်ဆောင်လျက်ရှိကြောင်းနှင့် ဂျပန်နိုင်ငံသည် မြောက်ကိုရီးယားနိုင်ငံ၏ ဒေသတွင်းလုံခြုံရေးခြိမ်းခြောက်မှု လုပ်ရပ်များကို ဆန့်ကျင်ကာ အမေရိကန်နိုင်ငံနှင့် အတူတကွ ပူးပေါင်းလုပ်ဆောင်မှုများ ဆက်လက်ဆောင်ရွက်မည်ဖြစ်သည်ဟု ဝန်ကြီးချုပ်အာဘေးက ပြောကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# သဘာဝဘေးအန္တရာယ်ကြုံတွေ့ရမှု၊ ကယ်ဆယ်စောင့်ရှောက်ပေးနေမှုများနှင့်ပတ်သက်၍ ပြည်သူများ၏ စကားသံများ

သတင်းအဖွဲ့

**မြန်မာနိုင်ငံတွင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများကြုံတွေ့ခဲ့ရသည်။ ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် မတ်လအထိ တစ်နှစ်တာကာလအတွင်းမှာ ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၊ အင်းစိန်မြို့နယ်၊ ရွှေပြည်သာမြို့နယ်တို့မှ ပြည်သူများ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်များနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံမေးမြန်းခြင်း၊ တိုက်ကြီးမြို့နယ်တွင် မတ် ၁၃ ရက်က အင်အား ၅ ဒသမ ၈ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်ခတ်ခဲ့သဖြင့် မြေငလျင်ဘေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့ပေးခဲ့မှုများ၊ ပြည်သူအချို့ ပျက်စီးသွားသည့်နေအိမ်များကို ပြန်လည်တည်ဆောက်နိုင်ရန် အခက်အခဲကြုံတွေ့နေရမှုများ၊ ရန်ကုန်တိုင်း ဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း ဖွင့်လှစ်ထားသည့် ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းနှင့် အမျိုးသမီးကလေးများ သင်တန်းကျောင်းများ၏ လိုအပ်ချက်များ၊ မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ရေဘေးအန္တရာယ် ကြုံတွေ့ခဲ့ရမှုများနှင့်ပတ်သက်၍ ဒေသခံများနှင့် တွေ့ဆုံမေးမြန်းထားသည်-**

**တိုက်ကြီး၊ အင်းစိန်နှင့် ရွှေပြည်သာမြို့နယ်တို့မှ ပြည်သူများ၏ စကားသံများ**

**ဦးတင်အေး(မနေသိဗ္ဗိလမ်း၊ အင်းစိန်မြို့နယ်)**

မြန်မာနိုင်ငံမှာ မီးဘေးတို့၊ ရေဘေးတို့ဆိုတာ အများဆုံးခံစားနေရတာပါ။ အများဆုံးဖြစ်တဲ့နေရာကတော့ လှိုင်သာယာမြို့နယ်နဲ့ သဃ်န်းကျွန်းမြို့နယ်တို့ဖြစ်ပါတယ်။

**ဦးဇော်တိုးအောင်(အမှတ်-၆ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်)**

ကျွန်တော်တို့အနေနဲ့ နာဂစ်မုန်တိုင်းလို ဘေးအန္တရာယ်ကြီးကြီးမားမား ခံစားခဲ့ကြရပါတယ်။ သာမန်အားဖြင့်ကတော့ မိုးများတဲ့အခါမျိုးမှာ ရေဘေးအန္တရာယ်တွေ ခံစားရတယ်။ ပတ်ဝန်းကျင်မှာ မီးလောင်မှုလည်း အနည်းငယ်ရှိခဲ့တော့ မီးဘေးနဲ့ပတ်သက်လို့လည်း အထိတ်တလန့် ခံစားခဲ့ရတာလေးတွေလည်း ရှိပါတယ်။

ပြည်ထောင်စုဝန်ကြီး လာရောက်ပြီးတော့ ပျက်စီးတဲ့အိမ်တွေ၊ နောက်သာသနာ့အဆောက်အအုံ ပျက်စီးတာတွေကို ကူညီထောက်ပံ့ပေးတာတွေလည်း ကျွန်တော်တို့ သိရပါ တယ်။ ပျက်စီးသွားတဲ့အိမ်တစ်အိမ်ဆိုရင် နှစ်သိန်းနှုန်း၊ နောက်တစ်ခါ သာသနိကအဆောက်အအုံတွေမှာ ပျက်စီးသွားတဲ့အတိုင်းအတာတွေမှာလည်း အဆောက်အအုံပျက်တိုင်းပျက်တိုင်း တစ်သိန်းနှုန်း ဒီလိုထောက်ပံ့တာတွေရှိသလို ဆေးရုံတက်တဲ့လူနာတွေကိုလည်း တစ်ဦးကို ငါးသောင်းနှုန်း ထောက်ပံ့တာ တွေ့ရှိခဲ့ရပါတယ်။

ကျွန်တော်တို့တိုက်ကြီးမှာ အခုလို ထူးထူးခြားခြားလှုပ်တဲ့ ငလျင်မျိုးဟာ နှစ်ပေါင်း ၈၀ ဝန်းကျင်လောက်မှာ တစ်ကြိမ်ပြန်လည်ခံစားရတဲ့ အနေအထားရှိပါတယ်။ နှစ်စဉ်နှစ်တိုင်း ခံစားနေရတာကတော့ ရေကြီးတာပါ။ လွယ်လင့်တကူ ရေဘေးရှောင်နိုင်ဖို့ကတော့ Center တွေရှိရင် ပိုကောင်းပါတယ်။



ဦးတင်အေး



ဦးဇော်တိုးအောင်



ဦးနီထွန်း



ဦးညွန့်ဝေ



ဦးချာလီ



ဦးစံထွန်း



ဦးဆန်းနိုင်



ဦးစံသိန်း



မခိုင်စုဝေ



ဦးသန်းရီ



ကိုအောင်ခိုင်လင်း



ဦးဆန်းနိုင်(ဘီးလင်းမြို့နယ်)

**ဦးညွန့်ဝေ(နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်)**

သဘာဝဘေးအန္တရာယ်ဖြစ်ရင် အဖွဲ့အစည်းတွေနဲ့ ကြိုတင်ပြင်ဆင်ထားတာ၊ ဟောပြောပွဲတွေလုပ်ပြီးတော့ လုပ်ဆောင်ထားတာရှိပါတယ်။

**ဦးနီထွန်း( စေတနာ့ဝန်ထမ်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အင်းစိန်မြို့နယ်)**

လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ မြို့နယ်အဆင့်တွေမှာ အခုနောက်ပိုင်းဆိုရင် ပရဟိတအဖွဲ့တွေ၊ စေတနာရှင်၊ လုပ်ငန်းရှင်တွေ တော်တော်များများရှိပါတယ်။ ဒီအဖွဲ့တွေနဲ့ စနစ်တကျ သေချာပူးပေါင်းဆောင်ရွက်ပြီးတော့ သင်တန်းတွေဖွင့်လှစ်တာမျိုးတွေ၊ လူမှုဝန်ထမ်းဦးစီးဌာနကနေပြီး တကယ့်တကယ်ဖြစ်ပေါ်လာရင် မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကတော့ နည်းနည်းအားနည်းနေသေးတယ်လို့ ထင်မြင်မိပါတယ်။ ထင်မြင်မိတယ်ဆိုတာက ထဲထဲဝင်ဝင် လုပ်ဆောင်နိုင်ဖို့အတွက် အစုအဖွဲ့တွေနဲ့ခေါ်ယူပြီးတော့မှ သင်တန်းဖွင့်တာတွေ၊ Workshop ဖွင့်တာမျိုးတွေ ဆောင်ရွက်သင့်တယ်လို့ ထင်မြင်ယူဆပါတယ်။

**တိုက်ကြီးမြို့နယ်မှ ပြည်သူများ၏ စကားသံများ**

**ဦးချာလီ(အမှတ် ၈ ရပ်ကွက်၊ တိုက်ကြီးမြို့)**

ပန်းကန်တွေ၊ ခွက်တွေ ဆေးပြီးလို့ ကျန်တဲ့ ထမင်းဟင်းအကျန်တွေကို ငှက်တွေစားဖို့ အစာထည့်နေတဲ့အချိန် ဝုန်းဆိုတဲ့ အသံလည်းကြားရောဘာဖြစ်လဲကြည့်တော့ အရှေ့က အကန့်လိုက်ပြုတ်ကျသွားတယ်။ ပြုတ်ကျပြီးတဲ့အခါကျတော့ ဆက်တိုက် လှုပ်လာတယ်။ ပြုတ်ကျတဲ့ နေရာကို ပြေးကြည့်တော့ အမေနဲ့ ညီမလေးက အုတ်ခဲကြားထဲမှာပိနေတယ်။ အဲဒီလိုပိနေတော့ ဆွဲပြီးတော့ ထုတ်ရတယ်။ ကျွန်တော်ကတော့ လွတ်သွားပါတယ်။ ဒဏ်ရာရတဲ့လူကတော့ ငါးယောက်ရှိပါတယ်။ နောက်ဆက်တွဲ ဘယ်လိုဆောင်ရွက်ပေးမလဲဆိုတာတော့ မသိသေးပါဘူး။ အခု လောလောဆယ်တော့ ကျွန်တော်တို့ တခြားနေရာမှာ အိမ်ငှားပြီးတော့ နေရပါတယ်။

**ဦးစံထွန်း(ဂျိုးဖြူကန်လမ်း၊ တိုက်ကြီးမြို့)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဆိုရင်လည်း လူကုန်/တားနဲ့ ချိတ်ဆက်ပါတယ်။

နောက်တစ်ခါ ဥပဒေပိုင်းဆိုင်ရာမှာလည်း အခက်အခဲတွေမရှိရအောင် ကလေးတွေကို အခမဲ့ကူညီဆောင်ရွက်တဲ့ ရှေ့နေအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီးတော့ ကူညီဆောင်ရွက်ခဲ့ပါတယ်။

**မရမ်းကုန်းမြို့နယ်အတွင်း ဖွင့်လှစ်ထားသည့် ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းနှင့် အမျိုးသမီးကလေးများ သင်တန်းကျောင်းများနှင့် ပတ်သက်သည်များ**

**မခိုင်စုဝေ(သင်တန်းသူ)**

ကျွန်မတို့ကို ဒီကျောင်းမှာ ဆရာ ဆရာမတွေနဲ့လည်း သင်တန်းပေးတယ်။ ပြီးတော့ ပြင်ပက ဆရာမတွေကိုလည်းခေါ်ပြီးတော့ သင်တန်းပေးပါတယ်။ ညနေ ၄ နာရီခွဲကနေ ည ၈ နာရီလောက်အထိ သင်တန်းပေးပါတယ်။

**အမျိုးသမီးများ၊ ကလေးသူငယ်များနှင့်ပတ်သက်ပြီး ဆောင်ရွက်ပေးနေမှုအပေါ် ပြည်သူအချို့၏ အတွေ့အကြုံများ**

**ဦးဆန်းနိုင်(ရွှေပြည်သာမြို့နယ်)**

ကျွန်တော်တို့ကို လာပြီးတော့ စခေါ်တုန်းက လားရှိုးဆိုပြီးခေါ်တော့ သွားလုပ်ပါတယ်။ အဲဒီနေရာမှာ လူပြည့်သွားပြီ၊ တခြားနေရာကို ထပ်သွားရမယ်ဆိုပြီးတော့ သွားရပါတယ်။ သွားတော့ တစ်နေ့ကို တစ်သောင်းရမယ်ဆိုလို့ သွားလုပ်တာပါ။ ရောင်းစားမှန်းလည်း မသိပါဘူး။ အလုပ်လုပ်နေရတယ်လို့ပဲ ထင်တာပါ။ နောက်ဆုံးကျတော့ သူက အရောင်းစားခံရတာပါ။ အဲဒီဖြစ်စဉ်ကို သိရတဲ့အခါကျတော့ ဇနီးဖြစ်သူက ပြန်လာတော့မှ သူ့ကို ရောင်းစားခံရတယ်ဆိုတာ သူက ပြောပြပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနကို ဦးစံသိန်းနဲ့အတူ သွားပါတယ်။ သွားပြီးတော့ ကျွန်တော့် အမျိုးသမီးဖြစ်တာကို ပြောပြပါတယ်။ ပြောပြတော့ အကူအညီပေးပါတယ်။ ကောင်းကောင်းမွန်မွန်အကူအညီပေးတဲ့အခါကျတော့ ကျွန်တော်တို့ ပြန်လာပါတယ်။

**ဦးစံသိန်း(Child Production Group၊ ရွှေပြည်သာမြို့နယ်)**

ကျွန်တော်တို့က လူမှုဝန်ထမ်းဦးစီးဌာနနဲ့ပေါင်းပြီးတော့ ကလေးတွေ ဖြစ်စဉ်ဖြစ်ပေါ်လာတဲ့အခါမှာဆိုရင် အဲဒီအပေါ်မှာ မူတည်ပြီးတော့ လူမှုဝန်ထမ်းနဲ့ပေါင်းပြီး ဆောင်ရွက်တာပါ။ ဆောင်ရွက်နေရင်းနဲ့ ကလေးတွေရဲ့ ဖြစ်စဉ်တွေ ဖြစ်ပေါ်လာမယ်ဆိုရင် ကလေးတွေရဲ့ သတင်းအချက်အလက်ကို မြေပြင်ကို ကွင်းဆင်းပြီးတော့ ကာယကံရှင်ရဲ့ ထွက်ဆိုချက်၊ နောက် မိဘရဲ့ ထွက်ဆိုချက် သတင်းအချက်အလက်ကို အတိအကျ အခိုင်အမာယူတယ်။ ယူပြီးရင် ကျွန်တော်တို့အဖွဲ့အစည်းမှာ ပြန်လည်သုံးသပ်ဆွေးနွေးကြတယ်။ ဆွေးနွေးချက်အပေါ်မှာ မူတည်ပြီးတော့ အတည်ယူပြီး လူမှုဝန်ထမ်းကို အကြောင်းကြားတယ်။ ချိတ်ဆက်တယ်၊ ချိတ်ဆက်ပြီးတော့ အကြံဉာဏ်တွေ တောင်းတယ်။ အဲဒီကနေတစ်ဆင့် ရဲစခန်းနဲ့ချိတ်ဆက်ပါဆိုရင် အဲဒီကအကြံဉာဏ်အတိုင်း ရဲစခန်းနဲ့ ချိတ်ဆက်တယ်။ ဆေးရုံဆေးခန်းနဲ့ ချိတ်ဆက်ပါဆိုရင် ဆေးရုံဆေးခန်းနဲ့ ချိတ်ဆက်တယ်။ နောက်လူကုန်/တားနဲ့ ချိတ်ဆက်ပါ

ဒီနှစ်ကတော့ နွေရာသီကျောင်းပိတ်ရက်မှာ နှစ်လလောက်အထိ သင်ပါမယ်။ ကျွန်မတို့ အခုသင်နေရတာတွေအားလုံးက အင်္ကျီချုပ်တာတွေက လက်မတွေနဲ့ပဲ သင်ရပါတယ်။ လက်မတွေနဲ့ပဲသင်ရတော့ စင်တီမီတာနဲ့ ချုပ်တာသင်ချင်ပါသေးတယ်။ ပြီးတော့ ပစ္စည်းတွေက စုံတယ်ဆိုပေမယ့်လည်း တချို့ချွတ်ယွင်းချက်ရှိတဲ့ဟာတွေလည်းရှိတဲ့အတွက် ပစ္စည်းစုံတာလည်း လိုချင်ပါသေးတယ်။ ပိတ်စအပြင် ရောင်စုံချည်လေးတွေလည်း များများလိုချင်ပါသေးတယ်။

**တာဝန်ရှိသူတစ်ဦး(ကျိုက်ဝိုင်းလူငယ် သင်တန်းကျောင်း)**

ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းမှာတော့ အသက် (၈)နှစ်မှ အသက် (၁၈) နှစ်အထိ ကျောင်းသား ၃၀၀ ကျော်ကို လက်ခံထိန်းသိမ်းစောင့်ရှောက်ထားပြီး အမျိုးသမီးကလေးများ သင်တန်းကျောင်းမှာတော့ သင်တန်းသူ ၁၀၃ ဦးကို လက်ခံစောင့်ရှောက်ပေးနေပါတယ်။

**မွန်ပြည်နယ် ဘီးလင်းမြို့ရှိ ပြည်သူများ၏ အသံများ**

**ဦးသန်းရီ(ဆရာစံရပ်ကွက်၊ ဘီးလင်းမြို့နယ်)**

ကျွန်တော်တို့ ဘီးလင်းမှာ ရေဘေး၊ လေဘေးတွေ နှစ်စဉ်လိုလို ဖြစ်ပါတယ်။ ရေဘေးလည်း ကြုံတွေ့ခဲ့ရပါတယ်။ သဘာဝဘေးအန္တရာယ် ကျရောက်လာတဲ့အခါမှာ အရေးပေါ်ခေါ်ဆိုရမယ့် ဖုန်းနံပါတ်တွေကိုလည်း မှတ်ထားပါတယ်။ ရေဘေးဖြစ်တာကများတော့ ရေစိုမယ့်အရာတွေအားလုံးကို ရေမစိုတဲ့နေရာမှာ သိမ်းဆည်းထားပါတယ်။ လှေတွေ ပြင်ဆင်ထားပါတယ်။ အဲဒါတွေကတော့ ကြိုတင်ကာကွယ်တဲ့ပုံစံမျိုးနဲ့ လုပ်ထားပါတယ်။

**ကိုအောင်ခိုင်လင်း(လိပ်ခုံကျေးရွာ၊ ဘီးလင်းမြို့နယ်)**

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုသင်တန်းကျောင်းတက်ဖြစ်ရတဲ့ရည်ရွယ်ချက်ကတော့ လူမှုကယ်ဆယ်ရေးလုပ်ငန်းမှာ ပါဝင်ဆောင်ရွက်ချင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။ မီးဘေးနဲ့ပတ်သက်ပြီးတော့ မီးလောင်ရင် မီးသတ်ဆေးဘူးနဲ့ဘယ်လိုဖျန်းရမယ်ဆိုတာနဲ့ ပတ်သက်ပြီး ကိုယ်တိုင်ပါဝင်ခဲ့ရပါတယ်။

စာမျက်နှာ ၁၁ သို့ ■

# တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်မှု သတင်းစာရှင်းလင်းပွဲ ကျင်းပ



**နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။** (သတင်းစဉ်)

**နေပြည်တော် မေ ၂၄**

နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများမှ သတင်းထောက်များ တက်ရောက်ကြသည်။

### ကုန်စည်စီးဆင်းမှု ရပ်တန့်ခြင်းမရှိ

သတင်းစာရှင်းလင်းပွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက မိမိတို့ယခုဖွင့်ထားသည့် စစ်ဆေးရေးစခန်း နှစ်ခုတွင် ကားအစီးရေ တစ်စီးချင်း မဟုတ်ဘဲ သုံး၊ လေးစီး တစ်ပြိုင်နက် စစ်ဆေးနိုင်ရန် ဆောင်ရွက်ထားပါကြောင်း၊ စစ်ဆေးရာတွင်လည်း ကာလတိုမိနစ်ပိုင်းအတွင်း စစ်ဆေးနိုင်ရန် စီစဉ်ထားပါကြောင်း၊ ထို့ပြင် သတင်းအချက်အလက် ခိုင်ခိုင်မာမာရရှိမှုအပေါ် အခြေခံပြီး စစ်ဆေးဆောင်ရွက်သည့်အတွက် ကုန်စည်စီးဆင်းမှု ရပ်တန့်ခြင်းမရှိပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများက မိမိတို့၏တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျှင် နိုင်ငံတော်မှ အသိအမှတ်ပြုသည့်အနေဖြင့် ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ရန် ဆောင်ရွက်ခဲ့သည့်အတွက် ယခုဆိုလျှင် စစ်ဆေးရေးစခန်းများ၌ ဝန်ကြီးဌာနအသီးသီးမှ ပူးပေါင်းအဖွဲ့များသည် လွဲမှားသည့် အပြုအမူများကို မလုပ်ဘဲ နိုင်ငံ့တာဝန်အား ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည်ကို မှတ်တမ်းတင်ပြောကြားလိုပါကြောင်း။

နိုင်ငံတော်မှအခွန်အခ တိုးမြှင့်ကောက်ခံပါကလည်း နိုင်ငံသားအားလုံးက မျှမျှတတ မှန်မှန်ကန်ကန် ပေါ့ပေါ့ပါးပါးနှင့် ထမ်းဆောင်နိုင်သည့် အခွန်အကောက်ဖြစ်အောင် အခြေခံ စဉ်းစားထားပါကြောင်း၊ စဉ်းစားရာတွင် ပြည်တွင်း၊ ပြည်ပ အတတ်ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အခွန်အကောက်စနစ်ကို ပြင်ဆင်ခဲ့သည်များရှိပါကြောင်း။

### စီးပွားရေးလုပ်ငန်းတစ်ခု လုပ်နိုင်သည့်ပမာဏဖြစ်

လက်ရှိပြင်ဆင်ထားသည့်အပိုင်းတွင် ပထမဆုံးအချက်မှာ အောင်ဘာလေထီအား ငွေကျပ် ၅၀၀ နှင့် ရောင်းချရာ၌ ပြည်သူများ ကံစမ်းရာတွင် ထူးထူးခြားခြား ကံထူးပြီး ထီဆုပေါက်သော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအနေဖြင့် ရရှိသည့်ထီဆုငွေသည် ၎င်းတို့အတွက် စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ဖြစ်မြောက်မြောက် လုပ်နိုင်သည့် ပမာဏဖြစ်ရန် မိမိတို့အနေဖြင့် ငွေကျပ် သိန်း ၁၀၀၀၀ ဆုပေးထားပါကြောင်း၊ နောက်ပိုင်းတွင် ထီဆုငွေများအား သိန်း ၅၀၀၀ ဆု၊ ၃၀၀၀ ဆု၊ ၂၀၀၀ ဆု စသည်ဖြင့် ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ပြည်သူများအနေဖြင့် မပင်မပန်းဘဲ နိုင်ရာနိုင်ရာ အခွန်အကောက်ကို တစ်နည်းအားဖြင့် သွယ်ဝိုက်ပြီး ဆောင်၍ရသည့် အခွန်သဘောမျိုးဖြစ်ပါကြောင်း၊ ထီထိုး၍ မပေါက်သည့်တိုင်အောင် မိမိတို့ ထိုးလိုက်သည့် ထီသည် နိုင်ငံအတွက် ပညာရေး၊ ကျန်းမာရေးအတွက် အသုံးပြုနေခြင်းဖြစ်သည်ဟု ပြည်သူများ ကျေနပ်နှစ်သိမ့်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့်ပတ်သက်၍ မြန်မာ့စိုက်ပျိုးရေးဘဏ်ကို စနစ်တကျ၊ အစီအစဉ်တကျ အသုံးချနိုင်ပါက လယ်ယာကဏ္ဍသည် တိုးတက်လာနိုင်မည်ဟု ယုံကြည်သည့်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပြောင်းလဲလုပ်ဆောင်ခဲ့ပါကြောင်း၊ လယ်ယာကဏ္ဍတွင် သီးနှံစိုက်ပျိုးစရိတ် ချေးငွေသာမက လယ်ယာကဏ္ဍသွင်းအားစုများကို တောင်သူလယ်သမားများအတွက် အထောက်အပံ့ဖြစ်ရန် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ဝန်ထမ်းများနှင့်ပတ်သက်၍ ဝန်ထမ်းများ ပင်စင်ယူသည့်အချိန်တွင် တစ်အိုးတစ်အိမ်ဖြင့် နေထိုင်နိုင်အောင် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအနေဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာများကို ရေးဆွဲသွားမည့်အပြင် တိုက်ရိုက်နှင့်သွယ်ဝိုက် ဆက်စပ်နေသည့်လုပ်ငန်းများကို အခြားသောဝန်ကြီးဌာနများ အထောက်အပံ့ဖြင့် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဂြိုဟ်တုစနစ်အား ယခုတစ်နှစ်အတွင်း အသုံးချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့အတူ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် DATA IT Card System ဖြင့် e-Government လုပ်ငန်းစဉ်များကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း၊ လာမည့် သုံးနှစ်အတွင်းမှာ မြန်မာနိုင်ငံသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို မဂ္ဂါဝပ် ၃၀၀၀ အထိ ရောက်ရှိအောင် အစီအစဉ်များ ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ပညာရေးကဏ္ဍတွင်သုံးစွဲရန် လွှဲပြောင်းပေး

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တောင်သူလယ်သမားများသို့ တစ်ဧက ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်မှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ စိုက်ပျိုးစရိတ်ထုတ်ချေးငွေကျပ် ၁၇၉၂ ဒသမ ၈၁၁ ဘီလီယံထုတ်ချေးပေးခဲ့ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် Two Step Loan နှင့် စပ်လျဉ်း၍ KBZ, AYA, MCB, MAB, CB နှင့် SMIDB ဘဏ်များမှ တစ်ဆင့် SMEs လုပ်ငန်းရှင် ၁၇၅ ဦးအတွက် မြန်မာငွေကျပ် ၃၆၇၅၀ ဒသမ ၄၃ သန်းကို ထုတ်ချေးခဲ့ပါကြောင်း။

ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု အခွန်အကောက်ဥပဒေအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်းပြောဆိုခများမှ ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်း စတင်ကောက်ခံခဲ့ရာ ၂၀၁၆ ခုနှစ် ဧပြီလအထိ ကောက်ခံရရှိငွေ ၇ ဒသမ ၄၅၄ ဘီလီယံကို ပညာရေးကဏ္ဍတွင်သုံးစွဲရန် လွှဲပြောင်းပေးခဲ့ပါကြောင်း။

### MACCs စနစ်ကို ဆောင်ရွက်နိုင်

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ရန်ကုန်ဆိပ်ကမ်းနှင့် လေဆိပ်တို့တွင် မြန်မာ အလိုအလျောက်နည်းသုံး ကုန်စည်ရှင်းလင်းရေးစနစ်(Myanmar Automated Cargo Clearance System- MACCS) အသုံးပြုပြီး ကုန်စည်ရှင်းလင်းရေးလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် MACCS စနစ်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၂ ရက် မှစတင်၍ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းကျော်၏ လူမှုဘဝ တိုးတက်မြင့်မားရေးကို အထောက်အကူဖြစ်စေရန်အတွက် အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်း ၁၇၀ အား လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များခွင့်ပြုထားပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၁၅၉၈၆ ရွာ၊ လူဦးရေ ၂ ဒသမ ၅၁၉ သန်းကို ထုတ်ချေးငွေကျပ် ၂၃၅၄ ဘီလီယံနှင့် စုဆောင်းငွေကျပ် ၁၄၀ ဘီလီယံအထိ ငွေကြေးဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန အနေဖြင့် ယခုနှစ်အတွင်း တောင်သူပေါင်း ၅၃၉၄၁ ဦး၊ ဦးပိုင်ပေါင်း ၁၀၉၅၇၂ ခု အတွက် မြေဧရိယာ ၄၁၇၅၈ အား ပုံစံ(၇)ကို ထပ်မံထုတ်ပေးနိုင်ခဲ့ပါကြောင်း။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေရရှိရေး ဆည်ရေသောက်လုပ်ငန်း ၄၁၉၆ ခု၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ရင်ဆိုင်နိုင်ရန် လုပ်ငန်း ၁၁၂၆ ခု စီမံဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထူးခြားမှုအနေဖြင့် ညောင်ဦးမြို့နယ် အနောက်ပုလင်းကျေးရွာတွင် ရှစ်လက်မစက်ရေတွင်းမှ အစက်ချရေပေးစနစ် (Drip Irrigation System) အသုံးပြုပြီး စိုက်ပျိုးရေပေးဝေခြင်းကို ရှေ့ပြေးစံပြအနေနှင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

### ရှေ့ပြေးစံပြကျေးရွာများအဖြစ် ဆောင်ရွက်နိုင်

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးစေ့ထုတ်လုပ်သူများအသင်းကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအရ မြို့နယ် ၂၀၆ မြို့နယ်က တောင်သူ ၃၁၈ ဦး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မျိုးစေ့ထုတ် ဧကပေါင်း ၁၀၅၆၁ ဧက ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မြန်မာဆယ်မားအူးလ်ဒုန်ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းကို ကိုရီးယားနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတိုင်း KOICA ၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၂၂ သန်းနှင့် ငါးနှစ်တာကာလ လုပ်ငန်းစဉ်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ် ကိုးခုရှိ ကျေးရွာ ၁၀၀ တွင် ရှေ့ပြေးစံပြကျေးရွာများအဖြစ် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာရေးနှစ်အတွင်း ထွန်ယက်ရေးလုပ်ငန်း ဧက ၈၈၅၀၀၀၊ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဧက ၄၂၀၀၀၊ ကောက်စိုက်စက်အသုံးပြုလုပ်ငန်း ဧက ၇၀၀၀ ကိုလည်း စက်အငှားစနစ်ဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ယခင်နှစ်လျာထားဆောင်ရွက်နိုင်ခဲ့မှုထက် ဧက ၅၀၇၉၀၀ ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တောင်သူများအတွက် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍမှလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ပုဂ္ဂလိကလယ်ယာဝန်ဆောင်မှုလုပ်ငန်း ၃၉ ခု ဖွဲ့စည်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

### လယ်တစ်ဧက ကျပ်တစ်သိန်းခွဲ တိုးမြှင့်ထုတ်ချေးပေးခဲ့

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း သမဝါယမအသင်းပေါင်း ၃၉၁ သင်းကို တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ စက်မှုလယ်ယာကူးပြောင်းရေးနှင့် လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းတို့ကို သမဝါယမအသင်း ၅၅၁ အသင်းရှိ သမဝါယမအသင်းသား ၇၁၅၇ ဦးတို့အတွက် လယ်ယာမြေဧကစုစုပေါင်း ၂၇၉၄၉ ဒသမ ၉၉ ဧက အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ ဝန်ဆောင်မှုသမဝါယမအသင်း ၂၀၊ ဝန်ဆောင်မှုလုပ်ငန်းခွဲ ၂၉ ခု၊ ရိတ်သိမ်းခြွေလှေ့စက် ၂၁ စီးနှင့် ထွန်စက်ကြီး ၁၀၇ စီးတို့ဖြင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနအနေဖြင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်းလုပ်ငန်းအနေနှင့် ၂၃၀၃ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် လယ်တစ်ဧကကို ယခင် ကျပ်တစ်သိန်းကနေပြီး ယခုနှစ်တွင် ကျပ်တစ်သိန်းခွဲအထိ တိုးမြှင့်ထုတ်ချေးပေးခဲ့ပါကြောင်း၊ ဘဏ်လုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့အောင် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်သို့ ဧပြီ ၁ ရက်နေ့က စတင်ပြောင်းရွှေ့ရန်ဆောင်ရွက်ခဲ့ပြီး လက်ရှိအခြေအနေတွင် ယာတစ်ဧကအတွက်ပါ ပိုမိုတိုးမြှင့်ထုတ်ချေးနိုင်ရေး စီစဉ်ဆောင်ရွက်နေပါကြောင်း။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းကို FAO-LIFT Fund စီမံကိန်းအကူအညီရယူပြီး မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ မလှိုင်၊ ပခုက္ကူနှင့် ရေစကြိုမြို့နယ်များတွင် ဆောင်ရွက်နိုင်ခဲ့ပြီး ဆက်လက်၍ ကျောက်ဆည်ခရိုင် လေးမြို့နယ်၊ မိတ္ထီလာခရိုင် သုံးမြို့နယ်နှင့် မြင်းခြံခရိုင် တစ်မြို့နယ်မှာလည်း ရှေ့ပြေးစာရင်းကောက်ယူသွားရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း။

### မြစိမ်းရောင်ကျေးရွာစီမံကိန်းကို တိုးချဲ့ဆောင်ရွက်ခဲ့

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် နိုင်ငံ ၁၃ နိုင်ငံသို့ တင်ပို့သည့် ပင်လယ်ရေထွက်ပစ္စည်းများအတွက် Catch Certificate ၆၁၇ ခု၊ Health Certificate ၃၈၂၁ စောင်ကို ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ဧရာဝတီလင်းပိုင် မှတ်တမ်းတင်ခြင်းနှင့် သမီးလှကျွန်းအတွက် ပင်လယ်လိပ်မျိုးထိန်းသိမ်းခြင်းဆိုင်ရာ အသိအမှတ်ပြု Site Network Certificate ကို ရယူနိုင်ခဲ့ပါကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၂၁၀၇ ရွာအထိ တိုးချဲ့ဆောင်ရွက်ခဲ့ပြီး လက်ရှိကျေးရွာ ၈၇၅၆ ကို အကျိုးပြုလျက်ရှိပါကြောင်း၊ ထောက်ပံ့ခွင့်ပြုငွေ ကျပ်သန်း ၂၁၅၃၄၀၊ အတိုးရရှိငွေ ကျပ်သန်း ၃၃၉၁၉ ဒသမ ၀၆ နှင့် အကျိုးပြုလူဦးရေ ၅၈၂၁၀၉၉ ဖြစ်ပါကြောင်း။

လူထုဗဟိုပြုစီမံကိန်း(CDD)ဆောင်ရွက်မှုအနေဖြင့် ကမ္ဘာ့ဘဏ်အထောက်အပံ့ ချေးငွေအကူအညီ အမေရိကန်ဒေါ်လာ သန်း ၄၈၀ ဖြင့် မြို့နယ် ၆၃ မြို့နယ်ကို ဆောင်ရွက်ရန်လျာထားခဲ့ပြီး ယခင်ကာလတွင် ၂၇ မြို့နယ်၊ ယခုအစိုးရသစ်ကာလ မြို့နယ် ၂၀ စုစုပေါင်း ၄၇ မြို့နယ်အား လူထုဗဟိုပြုစီမံကိန်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

### တရားမဝင်သစ်ခုတ်လှဲမှု တားဆီးကာကွယ်ရန် ဆောင်ရွက်

ယင်းနောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက တရားမဝင်သစ်ခုတ်လှဲမှု တားဆီးကာကွယ်ရန် လက်ကိုင်စက်လွှ(Chain Saw)များ ပြည်ပမှ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ စည်းကမ်းသတ်မှတ်ချက်များ ထုတ်ပြန်ထိန်းချုပ်ခြင်း၊ တရားမဝင် ကျွန်း၊ သစ်မာ၊ အခြား စုစုပေါင်း ၅၀၀၂၆ တန် ဖမ်းဆီးနိုင်ခြင်း၊ ဥရောပသမဂ္ဂနိုင်ငံများသို့ တရားဝင်သစ်တင်ပို့ရာတွင် တရားမဝင်သစ်ခိုးထုတ်မှုနှင့် ကုန်သွယ်မှုကို တိုက်ဖျက်တားဆီးရန် Forest Law Enforcement, Governance and Trade Voluntary Partnership Agreement (FLEGT VPA)လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

သစ်တောများ ပြန်လည်တည်ထောင်ရာတွင် ပြုန်းတီးသွားသည့်သစ်တောများ ပြန်လည်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းဖြင့် မူလသဘာဝတောများကဲ့သို့ ဂေဟစနစ် ပြန်လည်ရရှိပြီး ရာသီဥတုပြောင်းလဲမှု လျော့ချသက်သာစေရန်၊ ရေရှည်တည်တံ့သည့် သစ်တောစီမံအုပ်ချုပ်မှုကို ရရှိစေရန်နှင့် နိုင်ငံစီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုရန် ရေရှည်မျှော်မှန်းချက်ထား၍ ဆောင်ရွက်နေပါကြောင်း။

**စာမျက်နှာ ၇ သို့ »»**

## ပြည်တွင်းရေးရာ

»» စာမျက်နှာ ၆ မှ

သဘာဝနယ်မြေများ စီမံအုပ်ချုပ်ရာ၌ ခါကာဘိုရာဇီကို ကမ္ဘာ့အမွေအနှစ် နယ်မြေ (World Heritage Site) နေရာတစ်ခုအဖြစ် တင်ပြနိုင်ရေးဆောင်ရွက်လျက်ရှိခြင်း၊ ယူနက်စကိုအဖွဲ့၏ လူသားနှင့် ဇီဝအဝန်းနယ်မြေ (Man and the Bioshphere Reserve Programme-MAB) အဖြစ် အင်းတော်ကြီးကန်ဒေသအား အဆိုပြုတင်ပြခြင်း၊ ရေဝပ်ဒေသထိန်းသိမ်းရေး ရမ်ဆာကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ဧရာဝတီတိုင်းဒေသကြီးရှိ မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို ကမ္ဘာလုံးဆိုင်ရာ ရေဝပ်ဒေသနယ်မြေ (Ramsar Site) စာရင်းဝင်ဖြစ်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

### ကျောက်မျက်လုပ်ကွက်အသစ်များ ရပ်ဆိုင်းထား

ဓာတ်သတ္တုနှင့် ကျောက်မျက်ရတနာများကို အကန့်အသတ်ဖြင့် တူးဖော်ထုတ်လုပ်ရာ၌ ၂၀၁၆ ခုနှစ် မတ် ၁ ရက်မှစ၍ ကျောက်မျက်လုပ်ကွက်အသစ်များ ထပ်မံ၍ ခွင့်ပြုမိန့်ချထားပေးခြင်းများ မပြုလုပ်ဘဲ ရပ်ဆိုင်းထားရှိခြင်း၊ သက်တမ်းကုန် ကျောက်မျက်လုပ်ကွက်များကိုလည်း ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ထပ်မံသက်တမ်းတိုးခွင့် မပေးဘဲ လစ်လပ်လုပ်ကွက်များအဖြစ် မှတ်တမ်းတင်ထားရှိခြင်း၊ ၂၀၁၆ ခုနှစ် ဇူလိုင် ၂၆ ရက်မှစ၍ ဓာတ်သတ္တုလုပ်ကွက်အသစ်များထပ်မံ၍ ခွင့်ပြုမိန့်ချထားပေးခြင်းများ မပြုလုပ်ဘဲ ရပ်ဆိုင်းထားရှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

အနာဂတ်အတွက် အရန်သတ္တုသိုက်များ သတ်မှတ်ထားရာ၌ ကျောက်မီးသွေးကဏ္ဍအနေဖြင့် ၁၁၆၈၃၄၅ ဧက ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ၈၆၅၄၄၂ ဧက၊ မကွေးတိုင်းဒေသကြီးတွင် ၃၀၂၉၀၃ ဧက ရှိကြောင်း၊ ဂရပ်ဖိုက်ကဏ္ဍအနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင် ဧက ၁၁၁၀၀၊ သံသတ္တုကဏ္ဍအနေဖြင့် (ကချင်ပြည်နယ်) တွင် ၈၀၄၇ ဧက စုစုပေါင်း အရန်သတ္တုသိုက် ၁၁၈၇၄၉၂ ဧက ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

### ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ရ

ထို့နောက် မော်ကွန်းမဂ္ဂဇင်း၊ 7 Days မီဒီယာ၊ The Voice ဂျာနယ်နှင့် မြန်မာ့သတင်းစဉ်အပါအဝင် သတင်းထောက်များက အခွန်ငွေကောက်ခံရရှိမှုနှင့် ဆုကြေးငွေ ချီးမြှင့်မှုများ၊ တရားမဝင်ကုန်စည်များ၊ ငွေကြေးဖောင်းပွမှု၊ အောင်ဘာလေထီ၊ သဘာဝသယံဇာတထုတ်ယူမှု အပါအဝင် မေးမြန်းချက်များကို ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထိုသို့ဖြေကြားရာတွင် **အခွန်ဝန်ထမ်းများ လစာနှစ်ဆတိုးပေးခြင်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လစာနှင့်ဆုကြေးငွေများ ချီးမြှင့်ခြင်းကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ရပါကြောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းနှင့် မညီညွတ်ပါက ဆောင်ရွက်ပေး၍ မရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကို အခြေခံဆောင်ရွက်ရပါကြောင်း။

ယင်းဥပဒေ၏ ပုဒ်မ ၃၇(က)တွင် ပြည်တွင်းအခွန်ဦးစီးဌာန အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့် အညီ အခွန်အကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ ဥပဒေကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း၊ ပြုလုပ်ပေးရမည်ဟုပါရှိကြောင်း၊ အဆိုပါဥပဒေနှင့်အညီ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေ ချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရပါကြောင်း။

### လစာနှစ်ဆပေးမည့်ကိစ္စ လုံးဝမဟုတ်ပါ

လစာတိုးမည် သို့မဟုတ် လစာနှစ်ဆပေးမည့်ကိစ္စသည် လုံးဝမဟုတ်ပါကြောင်း၊ မိမိတို့ တိုးပေးမည့်အစီအစဉ်မှာ ဆုကြေးငွေ ချီးမြှင့်ခြင်းဖြစ်ပါကြောင်း၊ စွမ်းဆောင်ရည်ကောင်းမွန်သည့် ဝန်ထမ်းများအား ဆုကြေးငွေ ချီးမြှင့်နိုင်ရန်အတွက် သာမန်အသုံးစရိတ်ထဲတွင် ထည့်သွင်းထားခြင်းဖြစ်ပါကြောင်း၊ ဆုကြေးငွေ ချီးမြှင့်ရာတွင် အခွန်ရုံးဝန်ထမ်းများ၏ လုပ်ရည်ကိုင်ရည်၊ အဂတိတရားကင်းရှင်းမှု၊ အခွန်တိုးတက်ကောက်ခံရရှိမှု စသည်ဖြင့် သုံးလတစ်ကြိမ် အကဲဖြတ်စစ်ဆေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

### ဆုကြေးချီးမြှင့်မှုအရေးအတွက် တိုးချဲ့နိုင်ရန်စီစဉ်နေ

**အောင်ဘာလေထီမှ ရရှိငွေများအား ခွဲဝေအသုံးချမှု**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အောင်ဘာလေ ထီလက်မှတ်ရောင်းချရငွေများ၏ ၆၀ ရာခိုင်နှုန်းအား ဆုကြေးအဖြစ် ပြန်လည်ခွဲဝေပြီး ၄၀ ရာခိုင်နှုန်းအား နိုင်ငံတော်၏ဘတ်ဂျက်သို့ အောင်ဘာလေထီအခွန်အဖြစ် ထည့်သွင်းပါကြောင်း၊ နိုင်ငံတော်ဘတ်ဂျက်သို့ ထည့်သွင်းသည့် ၄၀ ရာခိုင်နှုန်းအား ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများတွင် အသုံးပြုပါကြောင်း၊ အောင်ဘာလေထီ ဆုကြေးအား ငွေကျပ် သိန်း ၁၀၀၀၀ အဖြစ် ချီးမြှင့်ရာမှ ဆုကြေးချီးမြှင့်မှု အရေအတွက်အား တိုးချဲ့နိုင်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အောင်ဘာလေထီ လက်မှတ်များ ရောင်းချရသည့်အပေါ်တွင် မူတည်ပြီး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

### e - Lottery စနစ် ပါဝင်လာမည်

ငွေကျပ် ၅၀ တန် ထီလက်မှတ်ကို ထီထိုးသူများအနေဖြင့် တတ်နိုင်သည့် ပမာဏအရထိုးနိုင်ရန် နောင်ပေါ်ပေါက်လာမည့် e - Lottery စနစ်တွင် ပါဝင်လာမည်ဖြစ်ပါကြောင်း၊ ယခုလက်ရှိ ကျင့်သုံးနေသည့် စနစ်မှာ ထီလက်မှတ်နှင့် ထီပေါက်စဉ် တိုက်ဆိုင်စစ်ဆေး၍ ထီဆုငွေထုတ်ယူသော စနစ်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် အသုံးပြုထားသည့် e - Lottery စနစ်မှာ အင်တာနက်အွန်လိုင်းမှ ထိုး၍ အွန်းလိုင်းမှ ဆုကြေးငွေ ခွဲယူသည့် စနစ်များရှိပါကြောင်း၊ အဆိုပါ စနစ်များအနက်မှ မိမိတို့နိုင်ငံနှင့် ကိုက်ညီသော စနစ်ကျင့်သုံးနိုင်ရန် ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ထီဥပဒေနှင့် သက်ဆိုင်သည့်အတွက် e - Lottery စနစ် ကျင့်သုံးနိုင်ရန် ထီဥပဒေအား ပြန်လည် ပြင်ဆင်ဆောင်ရွက်နေပါကြောင်း၊ e - Lottery စနစ် ကျင့်သုံးပါက ဈေးနှုန်းအမျိုးမျိုး ပါဝင်လာမည့်အပြင် တစ်လတစ်ကြိမ် ထီဖွင့်လှစ်ခြင်းမှ နှစ်ပတ်တစ်ကြိမ်သို့ ပြောင်းလဲလာနိုင်ပါကြောင်း ဖြေကြားသည်။

**သယံဇာတမှ ရရှိသည့်ဘဏ္ဍာငွေ (revenues) ခွဲဝေသုံးစွဲမှု**နှင့်ပတ်သက်၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက သယံဇာတထုတ်လုပ်နေသည့် လုပ်ငန်းများတွင် ပေးဆောင်ရသည့် ကုန်သွယ်လုပ်ငန်းခွန်များထဲမှ ၁၅ ရာခိုင်နှုန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေပေးပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ယခုသွားမည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနှင့် လိုက်လျောညီထွေဖြစ်မည့် ရရှိသည့်ဘဏ္ဍာငွေ ခွဲဝေခြင်းများကိုလည်း လေ့လာနေပါကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြားတွင် ဘဏ္ဍာငွေခွဲဝေမှုများကို မည်သို့ဆောင်ရွက်သင့်သည်ကို အဆက်မပြတ် လေ့လာဖော်ထုတ်လျက်ရှိပါကြောင်း ဖြေကြားသည်။

### အခွန်ရငွေများ တိုးတက်လာ

**အခွန်ကောက်ခံမှု**နှင့်ပတ်သက်၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အခွန်ရငွေကို တိုးတက်အောင် ဆောင်ရွက်ကြရာတွင် အခွန်၏ အခြေခံများကို ချဲ့ထွင်ရန် လိုအပ်ပြီး အခွန် တိမ်းရှောင်သူများကိုလည်း ဖော်ထုတ်ရန် လိုအပ်ပါကြောင်း၊ သတ္တုကဏ္ဍတွင် အခွန်ဝန်ထမ်းနှင့် အခွန်ထမ်းသည့် ကုမ္ပဏီကြားထဲတွင် ညှိနှိုင်းပြီး လွတ်နေနိုင်သည်များ ရှိနိုင်ပါကြောင်း၊ ထိုသို့ မရှိနိုင်အောင် နည်းအမျိုးမျိုးဖြင့် ဝန်ထမ်းများကို စိစစ်ခြင်း၊ ဆုကြေး ပေးခြင်း၊ အခြားသော အဖွဲ့အစည်းများ၏ အကူအညီဖြင့် ဖော်ထုတ်ခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်အတွက် အခွန်ရငွေများ တိုးတက်လာပါကြောင်း ဖြေကြားသည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အသုံးမပြုတော့သည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို အမှန်တကယ်လုပ်ကိုင်မည့် မည်သူမဆိုသတ်မှတ်ပုံစံများနှင့်အညီ လျှောက်ထားရယူပြီး လုပ်ကိုင်နိုင်ပါကြောင်း ဖြေကြားသည်။

### ကျေးရွာသစ်စီမံကိန်း သုံးနှစ်ဆောင်ရွက်မည်

နိုင်ငံခြားချေးငွေဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးရေးလုပ်ငန်း စီမံကိန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်က စိုက်ပျိုးရေး စီမံကိန်းများကို နိုင်ငံတကာအဖွဲ့အစည်း ၁၁ ဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ကိုရီးယားနိုင်ငံ KOICA ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်နေသည့် ကျေးရွာသစ်စီမံကိန်းရှိပါကြောင်း၊ ယင်းစီမံကိန်းကို ၂၀၁၆ ခုနှစ်ကစ၍ သုံးနှစ်ဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်းတန်ဖိုးမှာ စုစုပေါင်း ဒေါ်လာ ၂၂ သန်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုရှိ ကျေးရွာပေါင်း ၁၀၀ ကို ရှေ့ပြေးစီမံကိန်းအဖြစ် ဆောင်ရွက်ခဲ့ပါကြောင်း၊ တစ်နှစ်လျှင် ကျေးရွာတစ်ရွာအတွက် ဒေါ်လာနှစ်သောင်းနှင့် ညီမျှသည့် မြန်မာကျပ်ငွေကို ထောက်ပံ့ပေးပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ငန်း သုံးရပ်ဖြင့် အခြေခံပြီးဆောင်ရွက်ပါကြောင်း။

ပထမလုပ်ငန်းမှာ ကျေးရွာနေပြည်သူများ၏ စွမ်းဆောင်ရည်မြင့်မားတိုးတက်ရေးကို ဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ဒုတိယလုပ်ငန်းစဉ်မှာ ထောက်ပံ့လိုက်သည့် ငွေကြေးများ စဉ်ဆက်မပြတ် ရေရှည်တည်တံ့သည့် ရန်ပုံငွေအဖြစ် ရပ်တည်နိုင်ရန် ဝင်ငွေတိုးသည့် လုပ်ငန်းများကို အကောင်အထည်ဖော်သည့် လုပ်ငန်းဖြစ်ပါကြောင်း၊ တတိယလုပ်ငန်းစဉ်မှာ ဖွံ့ဖြိုးမှုကို အခြေခံသည့် စာသင်ကျောင်း၊ လမ်း၊ ရေပေးဝေရေးစနစ်များ ပြုပြင်သည့်လုပ်ငန်းများကို ဆောင်ရွက်ပါကြောင်း ဖြေကြားသည်။

**သမဝါယမ ဘဏ်ချေးငွေ ထုတ်ချေးခြင်း**နှင့်ပတ်သက်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်က သမဝါယမဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်များကို သီးခြားချေးပေးခြင်းမရှိပါကြောင်း၊ သမဝါယမအသင်းများ အဆင့်မြင့်တင်မည်၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်မည်ဆိုပါက သမဝါယမဘဏ်မှ ထုတ်ချေးပေးပါကြောင်း ရှင်းလင်းပြောကြားသည်။

### သယံဇာတများ ကန့်သတ်စနစ်ဖြင့် ထုတ်ယူနေ

**သယံဇာတတူးဖော်မှု**နှင့်ပတ်သက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဌေးအောင်က သယံဇာတများကို သားစဉ်မြေးဆက်ခံစားနိုင်အောင် ကန့်သတ်စနစ်ဖြင့် ထုတ်ယူနေပါကြောင်း၊ ကျောက်မျက်လုပ်ကွက် အသစ်များကို ထပ်မံချထားပေးခြင်း မပြုတော့ပါကြောင်း၊ သက်တမ်းကုန်ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များကို သက်တမ်းတိုး မပေးတော့ဘဲ လစ်လပ်လုပ်ကွက်အဖြစ် မှတ်တမ်းတင်ထားရှိပါကြောင်း၊ သတ္တုလုပ်ကွက်များနှင့်ပတ်သက်၍လည်း လုပ်ကွက်အသစ်များ လျှောက်ထားခြင်းကို ခွင့်မပြုတော့ဘဲ ယာယီရပ်ဆိုင်းထားရှိပါကြောင်း၊ သတ္တုတွင်းနည်းဥပဒေထုတ်ပြန်ပြီးပါက သတ္တုလုပ်ကွက်သစ်များ လျှောက်ထားခြင်းကို ပြန်လည် စဉ်းစားသုံးသပ်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

**ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်မှု**နှင့်စပ်လျဉ်း၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွန့်သိန်းက ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကို တိုင်းရင်းသားကုမ္ပဏီကိုသာ လုပ်ကိုင်ခွင့်ပေးပါကြောင်း၊ နိုင်ငံခြားကုမ္ပဏီများအနေဖြင့် အချောထည် လက်ဝတ်ရတနာထုတ်လုပ်သည့် လုပ်ငန်းများကိုသာ လုပ်ကိုင်ခွင့်ရပါကြောင်း ဖြေကြားသည်။

### သစ်တောများ ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

**သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများ**နှင့်စပ်လျဉ်း၍ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က သစ်တောများ ထိန်းသိမ်းရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၃၀ ခုနှစ်တွင် မိမိတို့နိုင်ငံ ဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို အမြဲတမ်းသစ်တောနယ်မြေအဖြစ် ဖွဲ့စည်းနိုင်ရန် စီမံချက်ချ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများကိုလည်း နိုင်ငံ့ဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ ဖွဲ့စည်းရန် စီမံလျက်ရှိပါကြောင်း၊ သစ်တောများကို ခုတ်ထွင်ရှင်းလင်းခြင်း ခွင့်မပြုပါကြောင်း၊ ရှိနေသည့် သစ်တောများကို ပြန်လည်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်း၊ သဘာဝတောများ မူလအတိုင်းရှိပါက မျိုးဆက်ပင်များကောင်းအောင်ဆောင်ရွက်ခြင်း၊ ဖြည့်စွက်စိုက်ပျိုးခြင်းများ၊ ပြုန်းတီးသွားသော တောများအား သစ်တောစိုက်ခင်းများအဖြစ် ပြန်လည် စိုက်ပျိုးခြင်းများကို စီမံကိန်းချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

**(သတင်းစဉ်)**

■

# တာချီလိတ်၌ မူးယစ်ဆေးဝါးများနှင့်အတူ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ

**တာချီလိတ် ဧပြီ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် ယနေ့ နံနက် ၉ နာရီက ငွေကျပ် သိန်း ၄၃၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ ကျောက်စိမ်းတုံးများနှင့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ မူးယစ်ဆေးဝါး သတင်းအရ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် အမှတ်(ဝက/၁၆)နေ စိုင်းခမ်းကျောက်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိရပြီး နေအိမ်နှင့်ခြံဝင်း အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၂၁၄၀၀ (ဒေသတန်ဖိုးငွေကျပ် ၃၂၁ သိန်းခန့်)၊ WY စာတန်းပါ နီညိုရောင် စိတ်ကြွဆေးပြား ၄၃ ပြား (ဒေသတန်ဖိုးငွေကျပ် သုည ဒသမ ၆၄၅ သိန်းခန့်)၊ ဘိန်းစိမ်း အမည်းရောင်အစေးခဲ အလေးချိန် ၁ ဒသမ ၅ ကီလိုခန့်ပါ တစ်ထုပ် (ဒေသတန်ဖိုးငွေကျပ် ၂၂ ဒသမ ၅ သိန်းခန့်)၊ ပန်းရောင်စိတ်ကြွဆေးမှုန့် အလေးချိန် ၂၅၀ ဂရမ်ပါ တစ်ထုပ်၊ လိမ္မော်ရောင် စိတ်ကြွဆေးမှုန့် ၃၀ ဂရမ်ပါတစ်ထုပ် စုစုပေါင်း စိတ်ကြွဆေးမှုန့် ၂၈၀ ဂရမ်ခန့် (ဒေသတန်ဖိုးငွေကျပ် ၄၂ သိန်းခန့်)၊ အိုက်စ်အဖြူရောင် ပုံဆောင်ခဲ အလေးချိန် ၁၈၀ ဂရမ်ခန့်ပါ တစ်ထုပ် (ဒေသတန်ဖိုးငွေကျပ် ၄၅ သိန်းခန့်)၊ အဝါရောင်အနံ့အမှုန့် ၁ ဒသမ ၅ ကီလိုခန့်ပါ တစ်ထုပ်၊ အဖြူရောင်အမှုန့် ငါးကီလိုခန့်ပါ တစ်ထုပ် စုစုပေါင်း ၆ ဒသမ ၅ ကီလိုခန့်၊ စိတ်ကြွဆေးပြားရိုက်နှိပ်ရာတွင် အသုံးပြုသည့် မှိုငါးချောင်း၊ ပြောင်းအရှည် ၆ ဒသမ ၅ လက်မခန့်ရှိ ကိုးလုံးကျည်ပစ် လုပ်သေနတ်အတို တစ်လက်၊ ပြောင်းအရှည် ၃၀ လက်မခန့် အရှည်ရှိ ပြုပြင်ထားသော လေသေနတ်ကိုယ်ထည်တစ်ခု၊ ပြောင်းအရှည် ၂၃ လက်မခန့်ရှိ စတီးပြောင်းတပ်ထားသော ပြုလုပ်ဆဲ သေနတ်တစ်လက်၊ ကိုးလုံးကျည် သုံးတောင့်၊ (.38) Special ကျည် လေးတောင့်၊ (. ၄၅) ကျည်နှစ်တောင့်၊ ကျောက်စိမ်းဟုယူဆရသည့် ကျောက်အရိုင်းတုံး ၁၀ တုံး စုစုပေါင်းအလေးချိန် ၄၈ ဒသမ ၈ ကီလိုခန့်၊ စိတ်ကြွဆေးပြားထည့်ရာတွင် အသုံးပြုသည့် အပြာရောင် ပလတ်စတစ်ကပ်ခွာအိတ် အလေးချိန် ၁၅ ကီလိုခန့်စီပါ သုံးထုပ် စုစုပေါင်း အလေးချိန် ၄၅ ကီလိုခန့်အား သိမ်းဆည်းရမိကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးများ၊ ကျောက်စိမ်းတုံးများ၊ လက်နက်များနှင့်အတူ ဖမ်းဆီးရမိသည့် စိုင်းခမ်းကျောက်အား တာချီလိတ်မြို့မ ရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**






**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

**ရှေ့ဖုံးမှ**

အမြင်များနှင့် တင်ပြကြမည်ဟု မျှော်လင့်ပါကြောင်း၊ မိမိတို့၏ရည်ရွယ်ချက် ပန်းတိုင်ကို မျက်ခြည်မပြတ်သွားနေမည့် တစ်ချိန်တည်းမှာ မိမိတို့၏ ခြေလှမ်းများကလည်း မှန်မှန်ကန်ကန်၊ တက်ညီလက်ညီရှိရန်အတွက် အများကြီးလိုအပ်ပါကြောင်း၊ ယခုလိုအစည်းအဝေးများကိုလုပ်ရခြင်းမှာ တစ်ယောက်နှင့် တစ်ယောက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ရန်ဖြစ်ပါကြောင်း၊ ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်သည်ဆိုရာတွင် တစ်ယောက်နှင့်တစ်ယောက် အချေအတင်ပြောပြီးရန်ဖြစ်ဖို့ မဟုတ်ပါကြောင်း၊ မိမိတို့ ဆွေးနွေးမှုအားလုံးသည် မှန်ကန်သည့် စိတ်ဓာတ်၊ ဖြောင့်မတ်သည့်စိတ်ဓာတ်အပေါ် အခြေခံရန် မိမိရည်ရွယ်ပြီး ပြောခြင်း ဖြစ်ပါကြောင်း။

မိမိတို့ အမြဲသင်ခဲ့ရသည့်အတိုင်း စကားဆိုသည်မှာ သူခံသာသည့်စကားနှင့် သူမခံသာသည့်စကားဆိုတာရှိပါကြောင်း၊ ဒါပေမယ့် ပထမဦးဆုံး ဆုံးဖြတ်ရမည်မှာ စကားတစ်ခုသည် မှန်သလား၊ မမှန်သလားဆိုတာ ဆုံးဖြတ်ရမည်ဖြစ်ပါကြောင်း၊ ဒုတိယက အကျိုးရှိသလား၊ မရှိဘူးလား၊ စကားတစ်ခုဟာ မှန်သလား၊ မမှန်ဘူးလားဆိုတာ တစ်ယောက်နှင့် တစ်ယောက် သဘောထားချင်း မတူပါကြောင်း၊ နောက်တစ်ခုမှာ မှန်သည်ဟု ဆုံးဖြတ်ပြီးလျှင်တောင်မှ အကျိုးရှိသလား၊ အကျိုးမရှိဘူးလား ဆိုသည်ကို ဆင်ခြင်ရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးအတွက်ပြောသည့်အခါ မှန်ကန်သည့်စကားများ ဖြစ်ရန်လိုသလို အကျိုးရှိသည့် စကားများဖြစ်ရန်လည်းလိုပါကြောင်း၊ တတိယနှင့် စတုတ္ထအဆင့်မှာ သူခံသာသည့်စကားနှင့် သူမခံသာသည့်စကား ဖြစ်ပါကြောင်း၊ ခံသာသည်၊ မခံသာဘူးဆိုတာ အများအားဖြင့် လက်ခံနိုင်သည်၊ လက်မခံနိုင်ဘူးဆိုသည့်ဘက်က စဉ်းစားရမည်ဖြစ်ပါကြောင်း၊ လက်ခံနိုင်သည်၊ လက်မခံနိုင်ဘူးဆိုသည်မှာ အမြဲတစေ မပြောင်းမလဲ အခြေအနေမဟုတ်ပါကြောင်း၊ တချို့စကားများသည် တစ်ချိန်က လက်မခံနိုင်သော်လည်း နောက်တစ်ချိန်တွင် လက်ခံနိုင်သည်ဟု ဖြစ်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ ယခုလို အစည်းအဝေးများကျင်းပနိုင်ခြင်းဖြစ်ပါကြောင်း၊ အရင်တုန်းက တစ်ယောက်နှင့် တစ်ယောက် စကားမပြောခဲ့သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ ယခုလိုထိုင်ပြီး ဆွေးနွေးနိုင်သည်ဆိုတာ တစ်ခါတုန်းက လက်မခံနိုင်သည့်ကိစ္စ၊ အတွေးအခေါ်များ၊ အမြင်များကို ယခုလက်ခံနိုင်သည့်အခြေအနေသို့ ရောက်လာပြီဆိုတာ ပြသခြင်းပင်ဖြစ်ပါကြောင်း၊ မိမိတို့အားလုံး၊ ယခုအစည်းအဝေးသို့ တက်ရောက်လာသည့်ပုဂ္ဂိုလ်များသည် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဘယ်လိုပံ့ပိုးမလဲ၊ ဘယ်လိုတိုးတက်အောင် လုပ်ပေးမလဲ၊ ဘယ်လိုအောင်မြင်အောင် လုပ်နိုင်မလဲဆိုသည့် အတွေးအခေါ်များဖြင့် ချဉ်းကပ်မည်ဟု မိမိအနေဖြင့် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ယနေ့ကျင်းပသည့် JICM အစည်းအဝေးသည် လက်ရှိနိုင်ငံတော်အစိုးရသက်တမ်းကာလအတွင်း ပထမဆုံးအကြိမ်ကျင်းပသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးအပါအဝင် ယခင်အစိုးရသက်တမ်းတွင် အစည်းအဝေး(၄)ကြိမ်ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၅ ရက်က ကျင်းပသည့် Nationwide Ceasefire Agreement ၏ နောက်ဆက်တွဲပေါ်ပေါက်လာသည့် အကောင်အထည်ဖော်ရမည့် အစည်းအဝေးဖြစ်ပါကြောင်း။

ယနေ့ တစ်နိုင်ငံလုံးတွင် လူဦးရေ ၁၀ ရာခိုင်နှုန်းသည် ယနေ့အချိန်အထိ တိုက်ပွဲနယ်မြေထဲတွင် ရှိနေပါကြောင်း၊ အလားတူ ၂၀ ရာခိုင်နှုန်းလောက်သည်လည်း ပဋိပက္ခဖြစ်ပွားသည့်နယ်မြေထဲတွင် ရှိနေဆဲဖြစ်ပါကြောင်း၊ ၇၀ ရာခိုင်နှုန်းလောက်သာလျှင် NCA ၏ အကျိုးဆက်ကြောင့် ငြိမ်းချမ်းရေး အသီးအပွင့်များ အချိန်တိုအတွင်း ခံစားရရှိပြီးဖြစ်ပါကြောင်း၊ ကျန်ခဲ့သည့် ၁၀ ရာခိုင်နှုန်းနှင့် ၂၀ ရာခိုင်နှုန်းကို ၇၀ ရာခိုင်နှုန်းတွင်ပါအောင် တစ်နည်းအားဖြင့် တစ်နိုင်ငံလုံးငြိမ်းချမ်းရေး အပြည့်အဝရရှိအောင် ဆက်လက်ပြီး ကြိုးစားအကောင်အထည်ဖော်သွားရန် လိုအပ်ပါကြောင်း။

NCA တွင်ပါသည့် အချက်အလက်များကို မည်မျှအထိ ဆက်လက်အကောင်အထည်ဖော်မည်ဆိုသည့် အကောင်အထည်ဖော်မှုအပိုင်းသည် မိမိတို့အတွက် တန်ဖိုးရှိသည့်အချက်ဖြစ်သည်ဆိုသည်ကို သတိပြုရန်လိုပါကြောင်း။

ငြိမ်းချမ်းရေးဆောင်ရွက်သည့်အခါတွင် တစ်ယောက်နှင့်တစ်ယောက်၊ တစ်ဖက်နှင့်တစ်ဖက်၊ အဖွဲ့အစည်းများအားလုံး အပြန်အလှန် ယုံကြည်မှု၊ လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းမှု၊ ပင်လုံစိတ်ဓာတ်နှင့် ဆောင်ရွက်မှသာလျှင် ၂၁ ရာစုအတွက် မရှိမဖြစ်လိုအပ်သည့် အချက်များဖြစ်သည်ဟု မှာကြားထားပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုပါအချက်များအပေါ် အခြေခံပြီး ဆက်လက်အောင်မြင်အောင် NCA တွင် ပါဝင်သည့်အချက်အလက်များအတိုင်း အောင်မြင်အောင် လုပ်ဆောင်သွားရန်ဖြစ်ပါကြောင်း။

တပ်မတော်အနေဖြင့် ချမှတ်ပြီးဖြစ်သည့် ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ရှိပါကြောင်း၊ NCA စာချုပ်တွင်ပါဝင်သည့် အချက်အလက်များ ရှိပါကြောင်း၊ Code of Conduct ဟုခေါ်သည့် လိုက်နာရမည့်အချက်များ၊ တပ်ပိုင်းဆိုင်ရာ လိုက်နာရမည့် မူဝါဒများရှိပါကြောင်း၊ ထိုအချက်များ တစ်ဖက်နှင့်တစ်ဖက်၊ အဖွဲ့အစည်းအချင်းချင်း၊ လက်နက်ကိုင်အဖွဲ့အစည်းအချင်းချင်း၊ ပြီးလျှင် အားလုံးကိုယ့်အမြင်၊ သူ့အမြင်များနှင့် ပတ်သက်ပြီး တိတိကျကျ လိုက်နာဆောင်ရွက်သွားမည်ဆိုပါက လက်မှတ်ထိုးပြီးအဖွဲ့များအပြင် မထိုးရသေးသည့် အဖွဲ့များလည်း ထိုးလာနိုင်မည့်အနေအထားဖြစ်ပါကြောင်း၊ မိမိတို့အားလုံး၊ ပြည်သူအားလုံး မျှော်မှန်းထားသည့် ပြည်ထောင်စုထာဝရငြိမ်းချမ်းရေးကိုလည်း အမြန်ဆုံးရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ခေါင်းဆောင် ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ သဘောသဘာဝအရ Dialogue ပျောက်လျှင် သာမန်နိုင်ငံရေးဆွေးနွေးပွဲသာဖြစ်ပြီး မကျေလည်မှုများ၏အဖြေကိုမထုတ်နိုင်ဘဲ မလိုလားအပ်သည်များ မဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ လူမှုအဖွဲ့အစည်းများထဲတွင် မတူကွဲပြားမှုများ နက်နက်ရှိုင်းရှိုင်းရှိနေသည်ကို သတိမမေ့သင့်ပါကြောင်း။

တစ်ဖက်တွင်လည်း Dialogue Spirit နှင့် နိုင်ငံပြန်လည်ထူထောင်ရေးတွင် အမြင်မတူသည်များကို ညှိနှိုင်းမည့် တရားဝင်စင်မြင့်ရှိရန် လိုအပ်ပါကြောင်း၊ ယခု JICM တွင် ၎င်းတို့ကို အဖြေရှာရန်လိုမည် ဖြစ်ပါကြောင်း၊ သူ့အမြင်၊ ကိုယ့်အမြင်များကို အသေကိုင်မထားဘဲ ဘုံသဘောထားများ ရှာကြံကြရန် လိုပါကြောင်း။

အချုပ်ပြောရပါက NCA ကို ပေတံအဖြစ်တိုင်းပါက အားလုံးက နည်းနည်းချင်းစီဖြင့် စပြီးလွဲနေပြီးဖြစ်သည့်အတွက် ယင်းတို့ကို ယခုမပြင်ပါက ကြာလေပိုလွဲလေ ဖြစ်နေမည်ဖြစ်ကြောင်း၊ ၎င်းတို့ကို အားလုံးက လေးလေးနက်နက် ပြန်လည်သုံးသပ်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဘက်က NCA အကောင်အထည်ဖော်မှုကို ပြန်လည်သုံးသပ်ရန်၊ Bilateral Agreement ကို ပြန်လည်သုံးသပ်ရန်၊ နှစ်ဖက်သဘောတူညီထားမှုများမှ ဆက်ရှိနေသေးသည်။ လွဲချော်သွားပြီဆိုသည်ကို ပြန်လည်သုံးသပ်ရန်လည်း တောင်းဆိုပါကြောင်း၊ JICM မှ လမ်းညွှန်ဆုံးဖြတ်ချက်ချပေးပါရန် တင်ပြလိုပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင်-

- ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ဒုတိယ အစည်းအဝေးကျင်းပရန် နေ့ရက်သတ်မှတ်ခြင်းကိစ္စ၊
- ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယ အစည်းအဝေးတွင် အားလုံးလက်ခံနိုင်သော အခြေခံမူဝါဒ ဖော်ထုတ်နိုင်ရေးကိစ္စ၊
- အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ မကျင်းပရသေးသော အဖွဲ့များဆိုင်ရာကိစ္စ၊
- JMC မှ အတည်ပြုထားသော Standard Operating Procedure (SOP)များအား JICM က အတည်ပြုခြင်းကိစ္စ၊
- JMC က တင်ပြသော ဆက်ဆံရေးရုံး ToR ကိစ္စ၊
- ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန်တွင် JMC အဆင့်ဆင့်၏ လုပ်ပိုင်ခွင့်များ ပြင်ဆင်ဖြည့်စွက်ခြင်းကိစ္စ၊
- ကြားကာလစီမံမှု အစီအစဉ်ဆိုင်ရာကိစ္စ၊
- အပစ်ရပ်နယ်မြေ၊ အပစ်ရပ်ဒေသ သတ်မှတ်ရေးကိစ္စ၊
- တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို JCB သို့တင်ပြ၍ ညှိနှိုင်းဆောင်ရွက်ရေးကိစ္စ၊
- ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပိုမိုပါဝင်လာရေးကိစ္စ၊
- ချင်းပြည်နယ်တွင် JMC-S ဖွဲ့စည်းရေးကိစ္စ၊
- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ နှစ်ဖက်သဘောတူညီထားသော Bilateral Agreement စာချုပ်ပါ သဘောတူညီချက်များမှ ဆောင်ရွက်ရန်ကျန်ရှိသော သဘောတူညီချက်များဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ခေါင်းဆောင် ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းတို့က နိဂုံးချုပ်အမှာစကား ပြောကြားကြသည်။

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အစည်းအဝေးကို တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးတင်ပါတယ်။ အခု ဒီအစည်းအဝေး တစ်လျှောက်မှာဆိုရင် အများကြီး ဆွေးနွေးခဲ့ကြတယ်။ ကျွန်မဒီအစည်းအဝေးကို အကျိုးရှိတယ်လို့ သတ်မှတ်ပါတယ်။ ဘာဖြစ်လို့အကျိုးရှိတယ်လို့ သတ်မှတ်သလဲဆိုတော့ ပွင့်ပွင့်လင်းလင်းပြောတဲ့နေရာမှာ ပိုပြီးတော့တိုးတက်လာတယ်လို့ ကျွန်မတို့မြင်ရပါတယ်။ တစ်ယောက်နဲ့တစ်ယောက် သဘောမတူတာတွေရှိပါတယ်။ သဘောမတူချက်တွေကို ပွင့်ပွင့်လင်းလင်း ပိုပြီးတော့ပြောနိုင်တာကိုက အတိုင်းအတာတစ်ခုအထိ ယုံကြည်ချက်တည်ဆောက်ရေးဟာ အောင်မြင်လာတယ်လို့ ကျွန်မ ဒီလိုပဲသတ်မှတ်ပါတယ်။

သဘောမတူခြင်းကို တင်ပြနိုင်လောက်အောင် ရန်မပွားဘဲနဲ့၊ အမုန်းမပွားဘဲနဲ့ တင်ပြနိုင်လောက်အောင် အခြေအနေရောက်လာနိုင်တယ်ဆိုတာ တိုးတက်မှုတစ်ခုပဲ။ ဒါယုံကြည်ချက်တိုးတက်မှုတစ်ခုပဲလို့ ကျွန်မထင်ပါတယ်။ ကိုယ်မယုံကြည်တဲ့သူဆိုရင် ကိုယ့်စိတ်ထဲမှာရှိတဲ့ဟာကို ဖော်ထုတ်ပြီးတော့ မပြောချင်ဘူး။ ပြောလိုက်ရင် ပြဿနာဖြစ်မလား၊ ပြောလိုက်ရင် ဒီ့ကို တစ်မျိုးမြင်မလား စသည့်သံသယတွေ များကြပါတယ်။ ကျွန်မတို့ ဆွေးနွေးပွဲမှာ မတူတဲ့အမြင်တွေကို ဖွင့်ဟပြီးပြောတာရှိပါတယ်။ နောက် ကျွန်မတွေ့ရသလောက်ကတော့ အားလုံးကလည်း သဘောမတူဘူးဆိုရင် ယဉ်ယဉ်ကျေးကျေးနဲ့ သဘောမတူဘူးဆိုတာကို ပြန်ပြောတာကို သတိပြုမိပါတယ်။ ယဉ်ယဉ်ကျေးကျေးနဲ့၊ ရန်မဖြစ်ဘဲနဲ့ သဘောမတူပါဘူးလို့ ပြောနိုင်တဲ့ဟာက သဘောတူညီချက်ရတဲ့အဆင့်ကိုရောက်ဖို့ လမ်းဖွင့်ပေးလိုက်တယ်လို့ ကျွန်မ ဒီလိုပဲထင်ပါတယ်။

ငါပြောတာရမှ၊ ငါလိုချင်တာရမှ အလုပ်ဖြစ်မယ်ဆိုတဲ့ စိတ်ဓာတ်တွေကနေ ပြောင်းလဲလာတယ်လို့ ကျွန်မဒီလိုပဲမြင်ပါတယ်။ ကျွန်မအနေနဲ့ အခု အစည်းအဝေးဟာ သဘောမတူတဲ့ကိစ္စတွေ ဆွေးနွေးနိုင်ခဲ့ခြင်းကိုက အောင်မြင်ခြင်းတစ်ခုပဲလို့ ယူဆပါတယ်။ ဒီလိုအောင်မြင်ခြင်းအပေါ်မှာ ထောက်ကြည့်ပြီးတော့ ပိုမိုပြီးအောင်မြင်မှုရအောင်လို့ ကျွန်မတို့အနေနဲ့ ကြိုးစားသွားမယ်လို့လည်း ဆုံးဖြတ်ပြီးသားဖြစ်ပါတယ်။ ကျွန်မတို့ရည်မှန်းထားတဲ့ ဒုတိယအကြိမ် ပင်လုံညီလာခံ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အစည်းအဝေးမှာ အခုအကြိမ်ချလိုက်တဲ့ နားလည်မှုများ တစ်ဦးပေါ်တစ်ဦး ပိုပြီးတော့ ယုံကြည်နိုင်မှာ၊ တစ်ဦးကိုတစ်ဦး ပိုပြီးလေးစားတဲ့အခါ နားလည်မှုပေးနိုင်တာတွေအပေါ်မှာ အခြေခံပြီး ထပ်ပြီးအောင်မြင်မှုကို ပြည်သူလူထုအားလုံးလိုလားနေတဲ့ ငြိမ်းချမ်းရေးရအောင် အများကြီးတိုးတက်မှုဖြစ်နိုင်မယ်လို့ ကျွန်မမျှော်လင့်ပါကြောင်းပြောရင်း နိဂုံးချုပ်ပါတယ်ဟု ပြောကြားခဲ့သည်။

၎င်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများအားလုံး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

ယနေ့ကျင်းပသော JICM အစည်းအဝေး သဘောတူညီချက်အရ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို မေလ ၂၄ ရက်နေ့တွင် ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**

# မြန်မာနှင့် OCHA တို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေး



**နေပြည်တော် မေ ၂၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA)၏ OCHA Donor Support Group (ODSG) အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် OCHA အဖွဲ့၏ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ လူသားချင်းစာနာမှု အကူအညီပေးရေးစီမံချက်နှင့် မြန်မာနိုင်ငံအတွင်း လက်ရှိလူသားချင်းစာနာမှု အကူအညီပေးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနှင့် OCHA တို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**




# ကရင်ပြည်နယ်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဆဋ္ဌမအကြိမ်ညှိနှိုင်းစည်းဝေး

**ဘားအံ မေ ၂၄**

ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)၏ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးကို မေ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ဘားအံမြို့ အမှတ်(၄)ရပ်ကွက် သီရိလမ်းရှိ ကရင်ပြည်နယ် (JMC) ရုံး၌ ပြုလုပ်သည်။

ရှေးဦးစွာ ကရင်ပြည်နယ်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းက အမှာစကားပြောကြားရာတွင် “ကရင်ပြည်နယ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမျိုးရေး၊ လူမှုရေးနဲ့ ဘာသာရေးစတဲ့ ကိစ္စရပ်တွေမှာ ကော်မတီအနေဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့နဲ့ ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ညှိနှိုင်းတိုင်ပင် ဆွေးနွေးခြင်းအားဖြင့် အဖွဲ့အစည်းတွေအတွက်၊ ပြည်သူလူထုအတွက်၊ ပြည်နယ်အတွက်၊ နိုင်ငံတော်အတွက် အေးအေးချမ်းချမ်းနဲ့ ဒေသဖွံ့ဖြိုးမှုတွေပိုမိုဆောင်ရွက်လာမှာ ဖြစ်ပါတယ်။ နှစ်ဖက်အဖွဲ့အစည်း အနေနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးခြင်းနဲ့ လက်အောက်တပ်ဖွဲ့ဝင်တွေကိုပါ ချပြရှင်းလင်းခြင်းဖြင့် အားလုံးပါဝင်ဆောင်ရွက်ကာ ငြိမ်းချမ်းရေးကို ပိုမိုဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်” ဟု ပြောကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ(၂) ဒေါ်နန်းစေးအွာ(အရပ်သားကိုယ်စားလှယ်)၊ ကော်မတီအတွင်းရေးမှူး(၁) ဗိုလ်မှူးကြီး ကြည်လင်း၊ ဒဗိုရွှေမောင်း၊ ကော်မတီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးရဲထွဋ်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်နယ်ရဲမှူးကြီး ကြည်လင်း၊ DKBA မှ စောထွန်းထွန်းနှင့် KNU/KNLA PC မှ စောဩဘာတို့က အသီးသီး ဆွေးနွေးကြပြီး ဆွေးနွေးမှုများအပေါ် ပြန်လည်သုံးသပ်ကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်းနှင့် ကရင်ပြည်နယ်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ အတွင်းရေးမှူးများနှင့် လေ့လာသူများ စုစုပေါင်း ၂၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

❐

## တောင်သူများအား လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများ ရှင်းလင်း

**ဖျာပုံ မေ ၂၄**

၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများနှင့်ပတ်သက်၍ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို မေ ၂၀ ရက်က ဒေးဒရဲမြို့နယ် ကျုံသင်ကျေးရွာအုပ်စု၌ ကျင်းပရာ ဒေးဒရဲမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် တောင်သူများတက်ရောက်ကြပြီး အခမ်းအနားတွင် ဒေးဒရဲမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဇော်မျိုးလွင်က ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ ဥပဒေနှင့် လယ်ယာမြေပုံစံ(၇)များ အပြည့်အဝ ထုတ်ပေးနိုင်ရေး ဆောင်ရွက်နေမှုများ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သပြေထွန်း)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေး မေ ၂၄ ရက်တွင် စတင်ကျင်းပမည်

**နေပြည်တော် မေ ၂၄**

ယနေ့ ကျင်းပသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးအပြီးတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဇော်ဌေးက မီဒီယာများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးကို မေ ၂၄ ရက်တွင် စတင်ကျင်းပရန် ယခုအစည်းအဝေး (JICM) တွင် အတည်ပြုသဘောတူ ဆုံးဖြတ်ခဲ့ပါကြောင်း၊ ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အစည်းအဝေးတွင် အားလုံးလက်ခံနိုင်သည့် အခြေခံမူဝါဒ ဖော်ထုတ်နိုင်ရေးကြိုးစားဆောင်ရွက်ရန် သဘောတူဆုံးဖြတ်ခဲ့ပါကြောင်း။



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး။

အမျိုးသားအဆင့်နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ မကျင်းပနိုင်သေးသည့်အဖွဲ့များနှင့်ပတ်သက်၍ အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ရန်၊ အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲများကျင်းပသည့်အခါ အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် သဲသဲကွဲကွဲမဖြစ်သည့် အရာများအပေါ် လုပ်ထုံးလုပ်နည်းများ တိတိကျကျရေးဆွဲရန် သဘောတူဆုံးဖြတ်ခဲ့ပါကြောင်း။

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) တင်ပြသည့် တင်ပြချက်များ၊ လုပ်ထုံးလုပ်နည်းပြင်ဆင်ချက်များ၊ ဆက်ဆံရေးရုံးများနှင့်ပတ်သက်ပြီး ရေးသားထားသည်များမှ အချို့ကိစ္စရပ်များသည် JMC ဘောင်ကိုကျော်လွန်နေသည့်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) က လုပ်ရမည့်ကိစ္စရပ်များ ပါဝင်နေသဖြင့် ဒါကို UPDJC တွင်ဆွေးနွေးပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM)ကိုပြန်တင်ရန် သဘောတူခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးသည့် အချိန်မှစပြီး ပြည်ထောင်စုသဘောတူညီချက်စာချုပ် မထွက်ခင်အချိန်အထိ ကြားကာလတွင် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများနှင့်ပတ်သက်၍ သဘောတူညီချက်များရရှိပါကြောင်း။

ကြားကာလအစီအစဉ်တွင် လုပ်ငန်းအဖွဲ့ဖွဲ့ရန် JICM က သဘောတူခဲ့ပါကြောင်း၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)နှင့် တပ်မတော်အငြင်းပွားနေသည့် နယ်မြေဒေသသတ်မှတ်ချက်၊ ကျေးရွာဒေသသတ်မှတ်ချက်များကို ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC)က လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ပါကြောင်း။

အဆိုပါကြားကာလတွင် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရန်ပုံငွေဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့(JCB)က တင်ပြ၍ ညှိနှိုင်းဆောင်ရွက်သွားရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပိုမိုပါဝင်လာရေး NCA အပေါ်အခြေခံပြီး ကြိုးပမ်းဆောင်ရွက်သွားရန် နှစ်ဖက်သဘောတူခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် လက်မှတ်မထိုးရသေးသည့် အဖွဲ့များပါဝင်လာရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ချင်းပြည်နယ်တွင် JMC ဖွဲ့စည်းရေးနှင့်ပတ်သက်ပြီး JMC တွင် ဆွေးနွေးရန် အဆင်မပြေဖြစ်နေသည်ကို JICM က ပူးတွဲအဖွဲ့ ဖွဲ့ပြီး အသေးစိတ်ဆွေးနွေးပြီး JICM ကိုပြန်လည်တင်ပြရန် သဘောတူဆုံးဖြတ်ခဲ့ပါကြောင်း။

NCA မတိုင်ခင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတွင် အစိုးရနှင့် EAOs တို့အကြား ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် သဘောတူညီချက်များ ရှိပါကြောင်း၊ အဆိုပါ သဘောတူညီချက်များအနက် အကောင်အထည်ဖော်ရန် ကျန်နေသည့်အချက်များကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကို တင်၍ နှစ်ပတ်တစ်ကြိမ်ကျင်းပသည့် ပုံမှန်အစည်းအဝေးတွင် တင်ပြဆွေးနွေးပြီး ဆောင်ရွက်ရန် သဘောတူခဲ့ပါကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗီယင်နာမြို့ရှိ Schonbrunn နန်းတော်အတွင်း လှည့်လည်ကြည့်ရှု

**နေပြည်တော် ဧပြီ ၂၄**

ဩစတြီးယားနိုင်ငံ၌ အလုပ်သဘော ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ယနေ့ နံနက် ဒေသစံတော်ချိန် ၁၀ နာရီတွင် ဩစတြီးယား တပ်မတော်စစ်ဦးစီးချုပ် General Othmar Commenda က ဩစတြီးယား ကာကွယ်ရေးဝန်ကြီးဌာနတွင် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဩစတြီးယား တပ်မတော်စစ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးကြသည်။

ဂုဏ်ပြုကြိုဆိုပွဲ အပြီးတွင် တပ်မတော်ကာကွယ်ရေးစစ်ဦးစီးချုပ်နှင့် ဩစတြီးယားတပ်မတော်စစ်ဦးစီးချုပ်တို့သည် ဩစတြီးယား တပ်မတော်စစ်ဦးစီးချုပ်၏ ညှိခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဧပြီ ၂၃ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲက ဗီယင်နာမြို့ရှိ Schonbrunn Palace သို့ ရောက်ရှိလေ့လာကြသည်။

Schonbrunn Palace တွင် ဩစတြီးယားနိုင်ငံ Habsburger မင်းဆက်၏ စိတ်ဝင်စားဖွယ်ရာ ဓလေ့ထုံးစံများနှင့် အလေ့အထများကို ပြသထားရှိသည်။ Schonbrunn နန်းတော်အား UNESCO ၏ ကမ္ဘာ့ ရှေးဟောင်းအမွေအနှစ် စာရင်း၌ ၁၉၉၆ ခုနှစ်တွင် မှတ်တမ်းတင်ခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန်ညနေ ၄ နာရီ ၁၀ မိနစ်တွင် Donau Tower မှ ဗီယင်နာမြို့၏ ရှုမျှော်ခင်းများအား ကြည့်ရှုကြသည်။

ဒေသစံတော်ချိန် ည ၇ နာရီတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ဩစတြီးယား တပ်မတော် စစ်ဦးစီးချုပ် General Othmar Commenda နှင့်ဇနီးတို့က ဗီယင်နာမြို့ရှိ Marriott ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

## ဘာသာပြန်စာပေစာတမ်းဖတ်ပွဲနှင့် နွေရာသီစာအုပ်ဈေးရောင်းပွဲတော်ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၄**

ဘာသာပြန်စာပေစာတမ်းဖတ်ပွဲနှင့် နွေရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ဧပြီ ၂၉ ရက်မှ မေ ၁ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ ကျင်းပမည်ဖြစ်ရာ စာတမ်းဖတ်ပွဲတွင် ဘာသာပြန်စာတမ်း ၁၅ စောင် ဖတ်ကြားမည်ဖြစ်ပြီး နွေရာသီ စာအုပ်ဈေးရောင်းပွဲတော်တွင် စာအုပ်ဆိုင်ခန်းပေါင်း ၁၄၀ ကျော် ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့(၂၀၁၇) အထိမ်းအမှတ်အခမ်းအနား ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၄**

ပညာရေးဝန်ကြီးဌာန (သိပ္ပံနှင့်နည်းပညာ)က ကြီးမှူး၍ ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့(၂၀၁၇) အထိမ်းအမှတ်အခမ်းအနားကို ဧပြီ ၂၆ ရက်တွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။ အခမ်းအနားတွင် မူပိုင်ခွင့်နှင့်သက်ဆိုင်သော ဆွေးနွေးပွဲများ၊ ဒေသထွက်ကုန်ခင်းကျင်းပြသခြင်းများ၊ ဧည့်ခံကျွေးမွေးခြင်းနှင့် အမှတ်တရလက်ဆောင်ပေးခြင်းအစီအစဉ်များ ပါဝင်မည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူ မည်သူမဆို ဖုန်း-၀၉-၂၆၁၈၈၂၅၈၈၊ ၀၉-၄၂၁၇၂၇၀၂၀၊ ၀၉-၄၃၀၀၄၀၉၃၊ ၀၉-၇၄၀၆၀၀၃၄ တို့သို့ ကြိုတင်စာရင်းပေးသွင်း၍ တက်ရောက်နိုင်ကြောင်း သိရှိရသည်။

**(ကြေးမုံ)**

## လယ်ဝေးမြို့နယ်၌ ခရိုင်အခြေပြု မူလတန်းဆရာအတတ်ပညာသင်တန်း ဖွင့်လှစ်

**လယ်ဝေး ဧပြီ ၂၄**

ခရိုင်အခြေပြု မူလတန်းဆရာအတတ်ပညာသင်တန်းဖွင့်ပွဲကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီက ပြည်ထောင်စုနယ်မြေ လယ်ဝေး မြို့ အထက(၁)ရွှေရတုခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းနှင့် ဦးအေးမောင်စိန်(လယ်ဝေးမြို့နယ်တာဝန်ခံ)တို့ တက်ရောက်အမှာစကားပြောကြားသည်။ ဆက်လက်၍ နေပြည်တော် ပညာရေးညွှန်ကြားရေးမှူး ဦးမျိုးဝင်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဧပြီ ၂၀ ရက်မှ မေ ၂၀ ရက်အထိ တစ်လကြာဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းနည်းပြ ၁၉ ဦးက ဘာသာရပ် ၁၃ မျိုးကို သင်ကြားပို့ချသွားမည်ဖြစ်သည်။ သင်တန်းသို့ လယ်ဝေးမြို့၊ ပျဉ်းမနားမြို့နှင့် ဒက္ခိဏသီရိမြို့နယ်တို့မှ ဆရာ ဆရာမ ၁၅၀ တက်ရောက်လျက်ရှိသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးကျော်မြင့်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦး၊ ဒက္ခိဏခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စွာ(လယ်ဝေး)**



## တောင်သမန်အင်းနှင့် ဦးပိန်တံတားသို့ ပြည်တွင်း ပြည်ပခရီးသွားများ လာရောက်မှုများပြား၊ ငှက်လှေများစီးနင်း၍ နေဝင်ချိန်အလှကြည့်ရှု

**မန္တလေး ဧပြီ ၂၄**

မန္တလေးခရိုင် အမရပူရမြို့နယ်ရှိ တောင်သမန်အင်းနှင့် ဦးပိန်တံတားသို့ သင်္ကြန်ကာလနှင့် သင်္ကြန်အပြီးကာလ ပြည်တွင်း ပြည်ပဧည့်သည်များ လာရောက်လည်ပတ်မှု များပြားလျက်ရှိသည်။ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များတွင် ဂျာမနီ၊ နယ်သာလန်၊ ပြင်သစ်၊ ဗြိတိန်၊ စပိန်၊ အီတလီ၊ အမေရိကန်ပြည်ထောင်စု၊ နယူးဇီလန်၊ ထိုင်း၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ အများဆုံးဖြစ်သည်။ ရှေးဟောင်းသစ်သားတံတားကြီးအား မှတ်တမ်းဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးပြီး ငှက်လှေများစီး၍ တောင်သမန်အင်း နေဝင်ဆည်းဆာအလှ ကြည့်ရှုကြသည်။ ရန်ကုန်မြို့အခြေစိုက် ခရီးသွားအေးဂျင့်များက စီစဉ်သော မြန်မာပြည်အနှံ့ဘုရားဖူးပို့ဆောင်ရေးအဖွဲ့များဖြင့် လာရောက်သူများ၊ မိသားစုအလိုက် လာရောက်သူများဖြင့် စည်ကားလျက်ရှိသည်။ ပြည်တွင်း ပြည်ပဧည့်သည်များသည် တောင်သမန်နှင့် ဦးပိန်တံတားရောက်အမှတ်တရပစ္စည်းများ ဝယ်ယူကြကာ တောင်သမန်အင်းအတွင်းရှိ စားသောက်ဆိုင်များတွင်လည်း ဒေသအစားအစာများ သုံးဆောင်အပန်းဖြေကြသည်။

ဦးပိန်တံတားကို မြို့စာရေး ဦးပိန်ကဦးဆောင်၍ မြန်မာသက္ကရာဇ် ၁၂၁၁ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ၁၂၁၃ ခုနှစ်တွင် ပြီးစီးခဲ့သည်။ တိုင်လုံးရေ ၁၀၈၆ လုံးရှိပြီး နားနေဇရပ် လေးဆောင်၊ ဖောင်ကြောင်းကိုးခုရှိကာ အရှည် ၇ ဒသမ ၈ ဖာလုံရှိသည်။ နှစ်သက်တမ်းကြာမြင့်ပြီး ဧရာဝတီမြစ်ရေးတိုက်စားမှုကြောင့် တိုင်၊ ရက်မ၊ ကြမ်းခင်းများပျက်စီးခဲ့သဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ပံ့ပိုးကူညီမှုဖြင့် ရေရှည်တည်တံ့ရေး ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## မောင်တောမြို့နယ်၌ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၂၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကြိမ်ချောင်းနယ်မြေရဲစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညနေပိုင်းက လိပ်ရလမ်းဆုံအနီး၌ ဆိုင်ကယ်စီးလာသူနှစ်ဦးထံမှ စိတ်ကြွဆေးပြား ၇၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် ကြိမ်ချောင်းနယ်မြေရဲစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညနေ ၄ နာရီခွဲက နယ်မြေ(၄)လိပ်ရလမ်းဆုံအနီး၌ လုံခြုံရေးဆောင်ရွက်စဉ် ရွှေဇားကျေးရွာနေ မူဟာမက်အလီယက်နှင့် ဟာမီတူဆောင်းတို့ နှစ်ဦးစီးလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးစဉ် အာလူး၊ ငါးခြောက်၊ ဆပ်ပြာမှုန့်ထုပ်များဖြင့်ရော၍ သယ်ဆောင်လာသော WY စာတန်းပါ စိတ်ကြွဆေးပြား ၇၀၀၀ (ကာလတန်ဖိုး ငွေကျပ်သိန်း ၁၄၀ ခန့်)အား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ရွှေဇား(ကန်ဘဲ့)ရွာနေ အဒူက သယ်ဆောင်ခငွေကျပ် ၅၀၀၀၀ ပေး၍ တောင်ပြို(ယာ)မြို့နေ ဒီမာမောက်ထံသို့ ပို့ဆောင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူများအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပူတာအိုး၌ စာပေရေချမ်းစင် စာစဉ်အသစ်စာအုပ်များ ဖြည့်တင်းပေးခြင်းလုပ်ငန်း ဆောင်ရွက်

**ပူတာအို ဧပြီ ၂၄**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာနေ ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရေးနှင့် အလွယ်တကူဖတ်ရှုလေ့လာနိုင်ရန်အတွက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူစည်ကားရာနေရာများတွင် ခင်းကျင်းထားသော စာပေရေချမ်းစင်ငယ်များသို့ ယနေ့ နံနက် ၁၀ နာရီက စာပေရေချမ်းစင် အတွဲ(၅) အမှတ်(၂)ဖြည့်တင်းပေးခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီး စာစဉ်အသစ်စာအုပ်များ ထပ်မံဖြည့်တင်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ကြသည်။

ပူတာအိုခရိုင်တွင် ရပ်ကွက်/ကျေးရွာနေပြည်သူများ ဖတ်ရှုလေ့လာနိုင်ရန်အတွက် စာပေရေချမ်းစင် ၂၉ စင်ထားရှိပြီး အဆိုပါစာပေရေချမ်းစင်များသို့ တစ်လလျှင် တစ်ကြိမ် စာအုပ်အသစ်များဖြည့်တင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဖုန်းကန်(ပူတာအို)**

# ဒေသအလိုက်နိုင်ငံရေးဆွေးနွေးပွဲများသည် (၂၁)ရာစုပင်လုံညီလာခံကို များစွာအထောက်အကူပြုသွားမည်ဖြစ်


ဦးဝင်းကျော်(ခ) ဦးအိုက်မိန်း


ဦးခွန်သိန်းမောင်


ဒေါက်တာမျိုးထွန်း


ခွန်းကလဲမင်း


ဒေါ်ခင်စန်းရီ


စိုင်းထွန်း


နန်းမြဦး


ခွန်အောင်သိန်းနိုင်

**နေပြည်တော် မေ ၂၄**

ရှမ်းပြည်နယ် ဒေသအလိုက်အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို မေ ၂၃ ရက်မှ ၂၅ ရက်အထိ တောင်ကြီးမြို့၌ ကျင်းပလျက်ရှိသည်။

အဆိုပါအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ၏ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ထားရှိသည့် သဘောထား၊ ဆွေးနွေးပွဲတွင် တင်ပြမည့်အကြောင်းအရာများ၊ ဆွေးနွေးပွဲမှတစ်ဆင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ်သို့ ရောက်ရှိရန် ၎င်းတို့၏ ကိုယ်စီသဘောထားများကို မေးမြန်းတင်ပြလိုက်ရပါသည်။

**ဦးဝင်းကျော်(ခ) ဦးအိုက်မိန်း**
**(ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ)**

ဒေသအလိုက်အမျိုးသားနိုင်ငံရေးအဆင့် ဆွေးနွေးပွဲကို ပြည်နယ်အစိုးရက ဖိတ်လို့ တက်ရောက်တာပါ။ ရှမ်းပြည်နယ်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသငါးခုရှိတယ်။ ကျွန်တော့်အနေနဲ့တော့ နမ့်စန်မြို့မှာ ဖြစ်ပျက်ခဲ့တဲ့ စစ်ရေး၊ နိုင်ငံရေးအဖြစ်အပျက်တွေကို ဆွေးနွေးခဲ့ပါတယ်။ ပထမအကြိမ် (၂၁)ရာစုပင်လုံညီလာခံကို တက်ခဲ့ဖူးပါတယ်။ အခုလာမယ့် ဒုတိယအကြိမ် ပင်လုံညီလာခံဟာ ဒေသအလိုက်ရလာတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေက စာတမ်းတွေ၊ ပြည်သူလူထုလိုလားချက်တွေ၊ ပြည်သူလူထုဖြစ်စေချင်တာတွေကို စုစည်းပြီးတော့ ညီလာခံကျင်းပတဲ့ ဗဟိုကော်မတီတွေက ပြန်လည်စိစစ်သုံးသပ်မယ်လို့ မျှော်လင့်ပါတယ်။ ငြိမ်းချမ်းရေးအောင်မြင်သွားရင်တော့ ပြည်သူလူထုကိုယ်စား အတိုင်းထက်အလွန် ပီတိဖြစ်တာပေါ့။

**ဦးခွန်သိန်းမောင်**
**(ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအတွင်းရေးမှူး)**

ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ရဲ့ ဘုံရည်မှန်းချက်ဖြစ်တဲ့ ငြိမ်းချမ်းရေးရရှိဖို့။ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုဖက်ဒရယ်စနစ်နိုင်ငံရေးကို သွားတဲ့အခါမှာ ငြိမ်းချမ်းရေးအတွက်သော်လည်းကောင်း၊ အခြေခံဥပဒေရေးဆွဲတဲ့နေရာမှာ သော်လည်းကောင်း၊ ဖက်ဒရယ်အတွက် သော်လည်းကောင်း ကျွန်တော်တို့ရဲ့ စာတမ်းဟာ အထောက်အကူပြုစေဖို့ ပြည်သူတွေရဲ့ဆန္ဒ၊ တိုင်းရင်းသားတွေရဲ့ဆန္ဒတွေကို ပြုစုပြီးတော့ တင်ပြရခြင်းဖြစ်ပါတယ်။ ဒီလိုနိုင်ငံရေးဆွေးနွေးပွဲတွေ ဆောင်ရွက်ခြင်းအားဖြင့် (၂၁)ရာစု ပင်လုံညီလာခံကို ထိုက်သင့်တဲ့ အတိုင်းအတာတစ်ခုထိတော့ အကျိုးပြုသွားမှာဖြစ်ပါတယ်။ အခုတိုင်းရင်းသားတွေအားလုံး ဆွေးနွေးခဲ့တာကို နားထောင်ရင် လိုလားချက်ဆန္ဒတွေဟာ အများစုတူညီနေတာကို တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံက တိုင်းရင်းသား ၁၃၀ ကျော်စုစည်းပြီး နေထိုင်တဲ့နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ကြီး ငြိမ်းချမ်းဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အခုဆွေးနွေးပွဲမှာ ရှိနေတဲ့ တိုင်းရင်းသားတွေဟာ ရေတိုကိုမကြည့်ဘဲ ရေရှည်ကိုကြည့်ပြီး သည်းခံတဲ့စိတ်၊ တစ်ဦးကိုတစ်ဦး နားလည်တဲ့စိတ်နဲ့ ငြိမ်းချမ်းစွာအတူလက်တွဲနေထိုင်ပြီး ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ မလွဲမသွေ ငြိမ်းချမ်းပြီးတော့ ဖွံ့ဖြိုးတိုးတက်သွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း (ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး )**

ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိဖို့အတွက် ပါဝင်သင့်သူအားလုံးပါဝင်နိုင်ဖို့ လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် ကျွန်တော်တို့ ဆွေးနွေးပွဲတွေလုပ်ပါတယ်။ ဒီလိုလုပ်တဲ့အခါမှာ ရှမ်းပြည်နယ်မှာတော့ ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲဆိုပြီး လုပ်ပါတယ်။ ဒီဆွေးနွေးပွဲကနေ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ နိုင်ငံရေးစာတမ်းတစ်စောင်၊ စီးပွားရေးစာတမ်းတစ်စောင်နဲ့ မြေယာနဲ့ သယံဇာတဆိုင်ရာ စာတမ်းတစ်စောင် ထွက်လာမှာ ဖြစ်ပါတယ်။ ဒုတိယအကြိမ်ကျင်းပမယ့် (၂၁)ရာစုပင်လုံ ညီလာခံမှာ တင်ပြဖို့အတွက် ရှမ်းပြည်နယ်ကိုယ်စားပြုတဲ့ စာတမ်းသုံးစောင်ထွက်ပေါ်လာတဲ့ အကျိုးရလဒ်ရပါတယ်။

ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိဖို့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူတွေအားလုံးအပါအဝင် ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားအားလုံး ပူးပေါင်းမှ အောင်မြင်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ငြိမ်းချမ်းရေးကအရေးကြီးတယ်။ ငြိမ်းချမ်းမှုမရှိရင် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ဖို့ အဆင်မပြေပါဘူး။ လက်ရှိ ရှမ်းပြည်နယ် မြောက်ပိုင်းမှာ ခံစားနေရတဲ့ ဒုက္ခတွေက ပြည်သူလူထုတွေ သွားရေးလာရေးခက်ခဲတယ်။ စီးပွားရေးအရခက်ခဲတယ်။ ဒါဟာ မငြိမ်းချမ်းလို့ ကျွန်တော်တို့ လူမှုစီးပွားတွေဆုံးရှုံးတာပေါ့။ အဓိကကတော့ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားအားလုံး ငြိမ်းချမ်းရေးကို ရှေးရှုတဲ့စိတ်ဓာတ်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ချင်တဲ့ စိတ်ဓာတ်နဲ့ အားလုံးဝိုင်းပြီး ပူးပေါင်းဆွေးနွေးမယ်ဆိုရင် ဒီဆွေးနွေးပွဲက အင်မတန်မှအကျိုးရှိတဲ့ ဆွေးနွေးပွဲဖြစ်မှာပါ။

**ခွန်းကလဲမင်း (ကယန်းစာပေနှင့် ယဉ်ကျေးမှု)**

ကျွန်တော်တို့ ကယန်းလူမျိုးတွေမှာလည်း ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေရဖို့အတွက် ဒီဆွေးနွေးပွဲကို လာရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ကယန်းဆိုတဲ့ လူမျိုးတွေစုစည်းပြီး ငြိမ်းချမ်းရေးအတွက် အခြားတိုင်းရင်းသားတွေနဲ့ အတူတူဆောင်ရွက်မယ်။ ဒီဆွေးနွေးပွဲပြီးရင် ရလဒ်တစ်ခုအနေနဲ့ ဘုံသဘောတူညီချက်ကို စာတမ်းပြုစုနိုင်ပြီး (၂၁)ရာစုပင်လုံညီလာခံမှာ ရှမ်းပြည်နယ်ကိုယ်စားပြုအနေနဲ့ တင်ပြနိုင်လိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။

**ဒေါ်ခင်စန်းရီ (တောင်ရိုးလူမျိုး)**

ဒီနိုင်ငံရေးဆွေးနွေးပွဲကို လူနည်းစု တောင်ရိုးတိုင်းရင်းသားတွေရဲ့ ကိုယ်စား လာရောက်ခြင်းဖြစ်ပါတယ်။ ကျွန်မအနေနဲ့ လူမျိုးတစ်မျိုးချင်းစီရဲ့ အခွင့်အရေးတွေကိုတင်ပြရတဲ့အတွက် ဝမ်းသာပါတယ်။ ဒီဆွေးနွေးပွဲမှာ လူမျိုးတစ်မျိုးစီရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ မြေယာပိုင်ဆိုင်မှုတွေကို တင်ပြခြင်းအားဖြင့် (၂၁)ရာစုပင်လုံညီလာခံအတွက် အကျိုးရှိမယ်လို့ ထင်ပါတယ်။

**စိုင်းထွန်း (ယင်းကြားလူမျိုး)**

ကျွန်တော့်အနေနဲ့ နမ့်ဆန်မြို့နယ်အတွင်းမှာ နေထိုင်တဲ့ ယင်းကြားလူမျိုးစုအတွက် တင်ပြစရာတွေရှိလို့ ဒီနိုင်ငံရေးဆွေးနွေးပွဲကို တက်ရောက်ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသက စိုက်ပျိုးရေးအတွက် ရေမိုး အခက်အခဲဖြစ်တယ်။ ဒါကြောင့် ဆွေးနွေးပွဲမှာ တောင်းဆိုမှာပါ။ ကျွန်တော်တို့ရဲ့တောင်းဆိုမှုတွေကိုလည်း စာတမ်းပြုစုတဲ့အခါမှာ ပါသွားစေချင်ပါတယ်။

**နန်းမြဦး (ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ တောင်ကြီးမြို့နယ် အတွင်းရေးမှူး)**

ဒီဆွေးနွေးပွဲမှာ ကျွန်မတို့ပါတီရဲ့ သဘောထားလေးတွေ ပါသွားအောင်လာပြီး ဆွေးနွေးတင်ပြခြင်း ဖြစ်ပါတယ်။ ငြိမ်းချမ်းရေးအောင်မြင်ဖို့ဆိုရင် ကျွန်မတို့ ခဏခဏသုံးနေတဲ့ အမျိုးသားရင်ကြားစေ့ရေးပေါ့။ ဥပမာအားဖြင့် တစ်ဦးကိုတစ်ဦး ဘယ်သူကဘာအလိုရှိတယ်ဆိုတာ တွေ့ဆုံဆွေးနွေးမယ့်နေရာလိုပါတယ်။ တိုင်းရင်းသားတွေလိုလားတဲ့ နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းခွင့်ရမယ်ဆိုရင် အခုလိုအပ်နေတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးကို ရရှိမှာအမှန်ပါပဲ။

**ခွန်အောင်သိန်းနိုင် (ပအိုဝ်းတိုင်းရင်းသား)**

ပအိုဝ်းတိုင်းရင်းသားတွေအနေနဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ထောင်တော့မယ်ဆိုရင် တစ်ဖက်တစ်လမ်းကပါဝင်နိုင်ဖို့ ဒီဆွေးနွေးပွဲကို တက်ရောက်တာပါ။ ဒီဆွေးနွေးပွဲမှာ နိုင်ငံရေး၊ စီးပွားရေးနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာတွေကို တင်ပြဆွေးနွေးခဲ့ပါတယ်။ အခုတင်ပြဆွေးနွေးခဲ့ကြတဲ့အထဲမှာ ကျွန်တော်တို့လူမျိုးသာမက အခြားတိုင်းရင်းသားအားလုံးရဲ့ တင်ပြမှုတွေကလည်း ပြည့်စုံတယ်လို့မရှိပါဘူး။ လိုအပ်ချက်ဆိုတာ အမြဲရှိနိုင်တာပါပဲ။ အခုတင်ပြတဲ့ ဆွေးနွေးချက်တွေထဲက အကောင်းဆုံးထုတ်နုတ်ပြီး ထွက်ပေါ်လာတဲ့ စာတမ်းသုံးစောင်ဟာ ငြိမ်းချမ်းရေးညီလာခံကြီး အောင်မြင်ဖို့အတွက် အကျိုးရှိမယ်လို့ ယုံကြည်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့ဆိုရင် ငြိမ်းချမ်းရေးညီလာခံကြီးမှာ တစ်သွေးတည်းတစ်သားတည်း စုစုစည်းစည်းနဲ့ ပါဝင်ဆွေးနွေးသွားကြဖို့ လိုပါတယ်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

---

■ စာမျက်နှာ ၅ မှ

**ဦးဆန်းနိုင်(မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအသင်း၊ ဘီးလင်းမြို့နယ်)**


ဦးချစ်လှိုင်

ပြည်သူလူထုတွေ ကိုယ့်လိုကြုံတွေ့နေရတဲ့ ရေဘေးဒုက္ခသည်တွေ စသည်အားဖြင့် ဖြစ်ပျက်နေတဲ့ လူကြီး၊ လူငယ်၊ ကလေးတွေအားလုံးကို အခုလို ဒီမှာ ရုံးတစ်ရုံးဆောက်ပေးရင် ပိုကောင်းလိမ့်မယ်လို့ ထင်ပါတယ်။ ဆောက်ပေးတဲ့အခါမှာ ပြည်သူလူထုကလည်း ဒီရုံးကို အမြဲတမ်းချိတ်ဆက်မှုရှိမယ်။ ပြည်သူလူထုကိုလည်း ထောက်ပံ့မှုတွေက ဒီရုံးမှာရှိရင် ပိုရလိမ့်မယ်လို့လည်း ထင်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီရုံးတစ်ရုံးကို မဖြစ်မနေဆောက်ပေးပါလို့ ဘီးလင်းမြို့သူ မြို့သားတွေရဲ့ကိုယ်စား ကျွန်တော့်အနေနဲ့ တောင်းဆိုပါတယ်။

**ဦးချစ်လှိုင်(ဘီးလင်းမြို့)**

အခုလတ်တလောအားဖြင့် ပိုက်ဆံ တစ်သောင်းရှစ်ထောင် လာပေးသွားပါတယ်။ လေမုန်တိုင်းကျမယ်ပြောတယ်။ တို့ဘယ်လိုလုပ်မလဲ။ သူတို့ပြောတာက ဘယ်လိုနေပါ။ ဘယ်လိုထိုင်ပါ။ ဘယ်လိုလုပ်ပါ ပြောတာတွေကတော့ စုံနေတာပါပဲ။

**တာဝန်ရှိသူတစ်ဦး(ဘီးလင်းမြို့နယ်)**

ဘီးလင်းမြို့နယ် ကမာစိုင်ကျေးရွာမှာ ၂၀၁၆ ခုနှစ် စက်တင်ဘာလက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဦးစီးဌာနက ကျေးရွာအတွက် စက်ရေတွင်း ထောက်ပံ့လှူဒါန်းပေးခဲ့တဲ့အတွက် ကျေးရွာသူ၊ ကျေးရွာသားတွေအတွက် သောက်သုံးရေလုံလောက်မှု ရှိနေပြီဖြစ်ပါတယ်။

---

## မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း သုံးသပ်ဆွေးနွေး

**မိုးကောင်း မေ ၂၄**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း သုံးသပ်ဆွေးနွေးပွဲနှင့် စံပြမြစိမ်းရောင်ကျေးရွာဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက နောင်ကိုက်တော်အထက်တန်းကျောင်းခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်မြစိမ်းရောင် ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေသူရိန်စိန်လှက ၂၀၁၆-၂၀၁၇ ခုနှစ် မိုးကောင်းမြို့နယ်အတွင်း ဆုရရှိသည့် ကျေးရွာသုံးရွာ၏ ဆောင်ရွက်ချက်များ၊ ကျန်ကျေးရွာများ၏ ကောင်းမွန်သော လုပ်ဆောင်ချက်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

မိုးကောင်းမြို့နယ်အတွင်း ၂၀၁၆- ၂၀၁၇ ခုနှစ် စံပြမြစိမ်းရောင်ကျေးရွာ ပထမဆု ကြာအင်းကျေးရွာ၊ ဒုတိယဆု အုတ်ကျင်းကျေးရွာ၊ တတိယဆု ထီးချိုင့်ကျေးရွာတို့အား ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ဝင်းနိုင်(ကချင်မြေ)**

# ဒေသအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(ဒုတိယနေ့)ကျင်းပ

**တောင်ကြီး မေ ၂၄**

ဒေသအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိနှင့်အဖွဲ့ဝင်များအဖြစ် ဦးခွန်မောင်သောင်း (ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်)၊ ဦးကျိုင်းလုံ (ဥက္ကဋ္ဌ၊ လားဟူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့)၊ ဦးဝင်းမြင့် (အင်းတိုင်းရင်းသားရေးရာဝန်ကြီး (ငြိမ်း))၊ ဦးထွန်းနိုင် (ဥက္ကဋ္ဌ၊ ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့)၊ ဦးကံလှ (တအာင်းပလောင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့) တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ ဦးခွန်မောင်သောင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ အစီအစဉ်အလိုက်စာတမ်းများဖတ်ကြားရာ စီးပွားရေးဆိုင်ရာကိစ္စရပ်များစာတမ်းကို ဦးစိုင်းနောင့် (လင်းခေးခရိုင်)၊ အမျိုးသားအဆင့်စီးပွားရေးဆိုင်ရာ စာတမ်းကို ဒေါ်မီမီသိန်း(ကျိုင်းတုံခရိုင်)၊ ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံရမည့်မူများစာတမ်းကို ဦးစိုင်းလုံစံခတ် (တာချီလိတ်ခရိုင်)၊ ဖက်ဒရယ်ပြည်ထောင်စုအား အထောက်အကူဖြစ်စေမည့် ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များစာတမ်းကို ဒေါ်နန်းကြည်မြင့်(လားရှိုးခရိုင်)၊ စီးပွားရေးဆိုင်ရာ မူဝါဒကိစ္စရပ်များစာတမ်းကို ဦးစိုင်းမွမ် (မူဆယ်ခရိုင်)၊ဖက်ဒရယ်စနစ်ကို အခြေခံသည့် တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေးဆိုင်ရာအခြေခံလိုအပ်ချက်များစာတမ်းကို ဒေါ်ရီရီဝင်း (မိုးမိတ်ခရိုင်)၊ စီးပွားရေးဆိုင်ရာစာတမ်းကို ဦးဆမ်ဆောင်း("ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း)၊ ဦးဝင်းဝဏ္ဏဝင်း(ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)၊ ဒေါ်နန်းခမ်းယဉ်အောင်(ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ)၊ ဦးနေဝင်းထွန်း (တောင်ကြီးခရိုင်)၊ ဦးခွန်သိန်းမောင်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ ဦးမောင်မောင်စိန်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)တို့က ဖတ်ကြားကြသည်။ "ဝ"အမျိုးသားစည်းလုံးညီညွတ်ရေးပါတီမှ တင်သွင်းသောစာတမ်းကို ဦးဆိုင်နပ် ("ဝ"အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ)၊ "ဝ"ဒီမိုကရက်တစ်ပါတီမှ တင်သွင်းသော စာတမ်းကို ဦးအိုက်ဆောတို့က ဖတ်ကြားကြသည်။

မွန်းလွဲပိုင်းတွင် စာတမ်းများကို ဆက်လက်ဖတ်ကြားရာ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ မူဝါဒစာတမ်းကို ဒေါ်နန်းငယ်ငယ်(ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်)၊ ဦးဝင်းဇော်ဦး (တောင်ကြီးခရိုင်)၊ ဒေါ်မီးမီး (လွိုင်လင်ခရိုင်)၊ အမျိုးသားအဆင့်နိုင်ငံရေး၊ စီးပွားရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစာတမ်းကို ဦးစိုင်းလုံ(ခ)ဦးအိုက်ပွင့် (ကျိုင်းတုံခရိုင်)၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ မူဝါဒများကို ဦးနန်တိ(မိုင်းဆတ်ခရိုင်)၊ ဦးတင်မြင့်ဝင်း(တာချီလိတ်ခရိုင်)၊ ဦးဆမ်ဗရား (လားရှိုးခရိုင်)၊ ဦးစိုင်းဆန်စိန် (လားရှိုးခရိုင်)၊မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒဆိုင်ရာစာတမ်းကို ဦးစိုင်းအောင်မြတ်(မူဆယ်ခရိုင်)၊ ဖက်ဒရယ်စနစ်ကို အခြေခံသည့် မြေအသုံးချမှုဆိုင်ရာ ပြောင်းလဲဆောင်ရွက်သင့်သည့် အချက်များစာတမ်းကို ဦးအောင်မြင့်ရှိန်(မိုးမိတ်ခရိုင်)၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာတမ်းကို ဦးအိုက်ဆော("ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း)၊ ဦးစိုင်းဝဏ္ဏဝင်း (ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)၊ ဦးစိန်ဝင်း (ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ)၊ ဦးစိုင်းဟွမ်နွံ့ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ ဒေါ်နီလာဝင်း(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ တင်သွင်းသောစာတမ်းကို ဒေါ်နန်းမြဦး (ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်)၊ တအာင်းအမျိုးသားပါတီမှ တင်သွင်းသောစာတမ်းကို ဦးအောင်ကျော်(တအာင်းအမျိုးသားပါတီ)၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒစာတမ်းကို ဦးတင်လှိုင် (ကျောက်မဲခရိုင်)တို့က ဖတ်ကြားကြသည်။

အဆိုပါ ဒေသအလိုက်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ(ဒုတိယနေ့)ကို ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ NCAလက်မှတ်ရေးထိုးထားသည့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်၊ ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီတို့မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာမှတာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ စုစုပေါင်းအင်အား ၃၂၇ ဦး တက်ရောက်ကြပြီး စာတမ်း ၃၃ စောင် ဖတ်ကြားခဲ့ကြောင်းသိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ❂ YBS ယာဉ်လိုင်းမှ

YBS ယာဉ်လိုင်းများတွင် ကြုံတွေ့နေရသော အခက်အခဲ အကျပ်အတည်းများသည် ယာဉ်အစီးရေ မလုံလောက်သည့်အတွက် အောက်ဆိုက်ကား၊ ကြားကားပြေးဆွဲမှုများရှိပြီး ခရီးသွားပြည်သူများအနေဖြင့် ယာဉ်စီးခပိုမိုပေးဆောင်ရသော်လည်း အဆိုပါကြားကားများကို အားထားစီးနင်းနေရသည်ဟု သိရသည်။ ယင်းအပြင် မြို့တွင်းပတ် ယာဉ်လိုင်းများမှလွဲ၍ ကျန်ယာဉ်လိုင်းများ ယာဉ်စီးခပုံသေ ကျပ် ၂၀၀ ကောက်ခံနေခြင်းကြောင့်လည်း ခရီးနှစ်ဆင့်၊ သုံးဆင့်ပြောင်းစီးရသူများအတွက် ယာဉ်စီးခ ပိုမိုကုန်ကျနေခြင်းကို ကြုံတွေ့နေရဆဲဖြစ်သည့်အပြင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ၏ စည်းကမ်းမဲ့မှုများကို ကြုံတွေ့နေရသည်ဟု သိရသည်။ အလားတူ YBS စတင်ပြေးဆွဲချိန်ကကဲ့သို့ မှတ်တိုင်များတွင် ရပ်/တင်/ချ စနစ်ကို မကျင့်သုံးတော့ဘဲ ယခင်ကဲ့သို့ပင် အချိန်ကြာမြင့်စွာ ရပ်တန့်မှုများ ရှိလာသည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုများလည်း ကြုံတွေ့နေရကြောင်း သိရသည်။

"ဘတ်စ်ကားပြုပြင်ပြောင်းလဲမှုစနစ်ဆိုတာက နှစ်ပေါင်းများစွာ အသားကျလာတဲ့စနစ်ကို ပြောင်းရတယ်။ ပြီးတော့ လူတွေကလည်း အရင်လူဟောင်းတွေပဲ။ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တွေပါ။ ဒီလို အခြေအနေနှစ်ခုကို ပြောင်းလဲရတာမှာ ခက်ခဲပါတယ်။ ကိုရီးယားမှာဆိုရင် မိသားစုပိုင် စနစ်ကနေ ကုမ္ပဏီစနစ်ကို ကူးပြောင်းခဲ့တာတောင် သုံးနှစ်လောက် ကြာခဲ့ပါတယ်။ ဝန်ဆောင်မှုကို အခြေပြုတဲ့ ပို့ဆောင်ရေးစနစ်ဆိုတာ ဒီမှာ ဖော်ဆောင်နိုင်ဖို့အတွက် အလွန်အရေးကြီးပါတယ်။ တစ်ခုနှစ်ခုတည်း ပြောင်းတာမဟုတ်ဘဲနဲ့ အကုန်လုံးကို ပြောင်းလဲပစ်ရတာပါ။ ဒါကြောင့် အချိန်အများကြီး မယူပေမယ့် တစ်နှစ်လောက်ကြာရင် သိသာတဲ့ ပြောင်းလဲမှုတွေ ဖြစ်လာမယ်လို့ ယုံပါတယ်။ အခုလည်း ကားသစ်တွေရောက်ရင် နောက်တစ်ဆင့်ကို ပြောင်းလဲနိုင်မှာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

YBS စနစ် ပြောင်းလဲမှုတွင် သုံးလအတွင်း လက်ရှိစနစ်၏ အဆင့်မြှင့်တင်မှုများကို ပြုလုပ်သွားမည်ဖြစ်ပြီး ခရီးသည်တင်ယာဉ်များ အားလုံးတွင် GPS စနစ်ချိတ်ဆက်ကာ ပြည်သူ့ဥယျာဉ်အတွင်းရှိ Bus Operator နှင့် ချိတ်ဆက်ထိန်းချုပ်ဆောင်ရွက်ခြင်း၊ ဘတ်စ်ကားသစ်များ ဝယ်ယူဖြည့်တင်းခြင်း၊ လက်ရှိကားလိုင်းများအား အများပိုင်ကုမ္ပဏီများအဖြစ် အမြန်ဆုံးဆောင်ရွက်နိုင်ရန် တွန်းအားပေးခြင်းများကို ဆောင်ရွက်သွားမည်ဟု ဝန်ကြီးချုပ်က YBS ပြေးဆွဲမှု တစ်လပြည့်ကာလတွင် ကျင်းပပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ သုံးလတာကာလအကျော် ဧပြီလနောက်ပိုင်းတွင် နောက်တစ်ဆင့် အဆင့်မြှင့်တင်မှုအဖြစ် Yangon Payment Services စနစ်ဖြင့် ကတ်စနစ်သုံးငွေပေးချေမှုကို ပြုလုပ်နိုင်ရန်ဆောင်ရွက်သွားမည်ဟု သိရသည်။ ဆက်လက်၍ သုံးလတစ်ကြိမ် အဆင့်မြှင့်တင်မှုများကို အဆင့်လိုက် ပြုလုပ်သွားမည်ဖြစ်ပြီး လာမည့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ တစ်နှစ်တာကာလ ပြည့်မြောက်ချိန်တွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်တွင် ခေတ်မီသော စနစ်တစ်ရပ်ကို ဖြစ်ပေါ်လာစေရန် ကြိုးပမ်းသွားမည်ဟု တစ်လပြည့်ကာလတွင် ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ်၏ ပြောကြားထားမှုများရှိခဲ့သည်။

ယင်းအတွက် သုံးလအလွန်ကာလတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ပိုမိုကောင်းမွန်သော စနစ်တစ်ရပ်ကိုဖော်ဆောင်နိုင်ရန် တိုက်တွန်းအကြံပြုသည့်အဆိုကို ဆွေးနွေးခဲ့ကြခြင်းဖြစ်ပြီး လက်ရှိတွင် အစိုးရအနေဖြင့် တရုတ်နိုင်ငံအစိုးရနှင့် အစိုးရချင်း တိုက်ရိုက်ချိတ်ဆက်မှုစနစ်ဖြင့် ဘတ်စ်ကားအစီး ၁၀၀၀ ဝယ်ယူထားပြီး လာမည့် မေလကုန်တွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ YBS ယာဉ်လိုင်းတွင် ပြေးဆွဲမည့် အခြားသော ကုမ္ပဏီများမှ ကားသစ်များလည်း ရန်ကုန်မြို့သို့ ရောက်ရှိနေပြီဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

**(ဆုနှင်းလှဲ့)**

## ❒ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းမှ

စီးတီးရန်ကုန်အသင်းနှင့် မြဝတီအသင်း၊ မေ ၄ ရက်တွင် သုဝဏ္ဏကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် တက္ကသိုလ်လက်ရွေးစင်အသင်း၊ အောင်ဆန်းကွင်း၌ နေပြည်တော်အသင်းနှင့် ဒဂုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပထမအဆင့်တွင် လက်ရှိပထမတန်းလိဂ်၌ ထိပ်ဆုံးမှ ရပ်တည်နေသည့် စီးတီးရန်ကုန်နှင့် ဒုတိယနေရာမှ မြဝတီအသင်းတို့တွေ့ဆုံလျက်ရှိသည်။

ဒုတိယအဆင့်ပွဲစဉ်များအဖြစ် မေ ၁၀ ရက်တွင် အောင်ဆန်းကွင်း၌ ဟံသာဝတီအသင်းနှင့်ဇွဲကပင်အသင်း၊ သုဝဏ္ဏကွင်း၌ မြဝတီ/စီးတီးရန်ကုန်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ မေ ၁၁ရက်တွင် သုဝဏ္ဏကွင်း၌ ရခိုင်အသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ အောင်ဆန်းကွင်း၌ ဖီးနစ်/မောရဝတီအသင်းနှင့် ဧရာဝတီအသင်း၊ မေ ၁၇ ရက်တွင် အောင်ဆန်းကွင်း၌ လက်ရှိချန်ပီယံ မကွေးအသင်းနှင့် ဖုန်ဂန်/GFA အသင်း၊ သုဝဏ္ဏကွင်း၌ ငွေကြယ်ပွင့်/ စီးတီးစတားအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ မေ ၁၈ ရက်တွင် သုဝဏ္ဏကွင်း၌ Southern အသင်းနှင့် နေပြည်တော်/ဒဂုံအသင်း၊ အောင်ဆန်းကွင်း၌ မဟာ/တက္ကသိုလ်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

၂၀၁၆ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မကွေးအသင်းက ရန်ကုန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲထားသည်။ ဆုကြေးများအဖြစ် ပထမ ကျပ်သိန်း ၃၀၀၊ ဒုတိယ ကျပ်သိန်း ၁၅၀ နှင့် ဆီမီးဖိုင်နယ်ရောက်ရှိသည့် အသင်းများမှာ ကျပ် ၇၅ သိန်းစီ ရရှိမည်ဖြစ်ကာ ပွဲစဉ်များကို မြဝတီရုပ်မြင်သံကြားမှ တိုက်ရိုက်ပြသမည်ဖြစ်သည်။ ရှုံး/ထွက်ပြိုင်ပွဲကို ခုနစ်ကြိမ်မြောက်ကျင်းပခြင်းဖြစ်ပြီး ပြီးခဲ့သည့် ခြောက်ကြိမ်တွင် ဧရာဝတီအသင်းက သုံးကြိမ်၊ ဟံသာဝတီ၊ ရန်ကုန်နှင့် မကွေးအသင်းတို့က တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ဓာတ်ပုံ-ဖိုးသော်ဇင်**

## သက်ကြီးသတင်းစာဆရာကြီးများအား ကန်တော့ပွဲကျင်းပမည်

**ရန်ကုန် မေ ၂၄**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်ရှိ အသက်(၇၀)နှစ်နှင့်အထက်ရှိ သက်ကြီးသတင်းစာဆရာကြီးများအား တတိယအကြိမ်မြောက် ကန်တော့ပွဲကို မေ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပမည်ဟု အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ၊ ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)က ပြောသည်။

ကန်တော့ခံ သက်ကြီးသတင်းစာဆရာကြီးများမှာ ဒေါက်တာသန်းဦး (မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့ဥက္ကဋ္ဌ)၊ အင်းစိန်မြို့နယ် သတင်းစာဆရာအသင်း နာယကကြီးအပါအဝင် သတင်းစာဆရာကြီးခြောက်ဦးတို့ဖြစ်ပြီး သက်ကြီး သတင်းစာဆရာကြီးများအား ပူဇော်ကန်တော့ပွဲနှင့်အတူ သတင်းစာဆရာများ၊ သတင်းထောက်များကိုလည်း ဝတ်စုံများ လှူဒါန်းသွားမည်ဖြစ်သည်။

ထို့နောက် အောင်ဆန်းသီဟိုရ်ကျောင်း ဆရာတော်နှင့် ဖော့ကန်မင်္ဂလာသီရိ ပရိယတ္တိစာသင်တိုက်ဆရာတော်တို့က ငွေကျပ် ၅၀၀၀၀ စီ၊ အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့က ငွေကျပ် ၁၃၀၀၀၀ စုစုပေါင်းမတည်လှူဒါန်းငွေကျပ် ၂၃၀၀၀၀ တို့ကို မေ ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။ ပါဝင်လှူဒါန်းလိုသူများအနေဖြင့် မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများ၊ ဖုန်း-၀၁-၆၄၇၁၆၃၊ ၀၉-၇၃၀၀၉၂၂၀၊ ၀၉-၄၂၀၀၇၂၆၈၇၊ ၀၉-၂၅၀၀၄၄၆၀၀၊ ၀၉-၇၉၉၄၇၇၃၀၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(၆၈၄)**

## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၃ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၁၃ စီး၊ သွင်းကုန် ၃၉၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၉ စီး၊ သွင်းကုန် ၁၅၄ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၃ ရက်တွင် မူဆယ်မှ မန္တလေးမြို့သို့ သွားရောက်မည့် "Foton" ခြောက်ဘီးယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် "BLUE CLASSIC" Beer (1× 24Can) 900 Pkgs နှင့် သယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၃ သန်းခန့်အား သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။

# ချယ်လ်ဆီးကွင်းလယ်လူ ကန်တီနှင့် စပါးကွင်းလယ်လူ ဒီလီအလီ ပီအက်ဖ်အေ၏ တစ်နှစ်တာအကောင်းဆုံးဆုများ ဆွတ်ခူး

**ချယ်လ်ဆီးကွင်းလယ်ကစားသမား ကန်တီသည် ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့(ပီအက်ဖ်အေ)က ပေးအပ်ချီးမြှင့်သည့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။ ထို့အတူ စပါးကွင်းလယ်ကစားသမား ဒီလီအလီသည်လည်း ပီအက်ဖ်အေ၏ တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည်။**

ကွင်းလယ်ကစားသမား ကန်တီသည် ချယ်လ်ဆီးအသင်း၏ ကွင်းလယ်ပိုင်းတွင် အဓိကအားထားရသည့် ကစားသမားတစ်ဦးဖြစ်သည်။ ၎င်းအား ပြီးခဲ့သည့်ဇူလိုင်လအတွင်းက လက် စတာစီးတီးအသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၃၂ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ပြီး လက်စတာစီးတီးအသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ပရီမီယာလိဂ်ဖလားကို ရယူနိုင်ခဲ့သည့်အပြင် ယခုဘောလုံးရာသီတွင် လည်း ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလား ဆွတ်ခူးရန် သေချာသလောက် ရှိနေခဲ့ပြီဖြစ်သည်။


ချယ်လ်ဆီးကွင်းလယ်ကစားသမား ကန်တီ


စပါးကွင်းလယ်ကစားသမား ဒီလီအလီ

ကွင်းလယ်ကစားသမား ကန်တီသည် ပီအက်ဖ်အေ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက် ချယ်လ်ဆီးအသင်းကစားဖော် တိုက်စစ်မှူး အေဒင်ဟာဇက်၊ စပါးတိုက်စစ်မှူး ဟယ်ရီကိန်း၊ မန်ယူအသင်းတိုက်စစ်မှူး အီဘရာဟီမိုဗစ်၊ အဲဗာတန်တိုက်စစ်မှူး လူကာကူနှင့် အာဆင်နယ်အသင်းတိုက်စစ်မှူး အလက်ဇစ်ဆန်းချက်ဇ်တို့ကို ကျော်ဖြတ်ကာ ရယူဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ကန်တီသည် ပီအက်ဖ်အေက ချီးမြှင့်သည့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို မေ ၂၃ ရက်ညနေပိုင်းက လန်ဒန်မြို့ရှိ ဂရော့စဗန်နာဟိုတယ်တွင် လက်ခံရယူခဲ့ခြင်းဖြစ်သည်။

အဆိုပါဆုကို လက်ခံရယူပြီးနောက် ချယ်လ်ဆီးအသင်းနည်းပြ ကွန်တီ၏ လွှမ်းမိုးမှုအောက်တွင် ကစားနေရသည်နှင့်ပတ်သက်၍ မေးမြန်းခဲ့ရာတွင်


မန်စီးတီးအသင်း၏ ဗဟိုနောက်ခံလူ လူစီဘရောင်းဇ်

ကစားသမားများထံမှ နည်းပြကွန်တီ ဘာလိုချင်သလဲဆိုတာကို သိရှိခဲ့ကြောင်း ကွင်းလယ်ကစားသမား ကန်တီက ဆိုသည်။

ချယ်လ်ဆီးအသင်းသည် လက်ရှိပရီမီယာလိဂ်အမှတ်ပေးဇယားတွင် အဆင့်(၄)နေရာ၌ ဒုတိယနေရာမှ စပါးအသင်းကို လေးမှတ်ဖြတ်ကာ ဦးဆောင်နေပြီး ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်ရန်အတွက် လက်ကျန်ခြောက်ပွဲတွင် အကောင်းဆုံးယှဉ်ပြိုင်ရဦးမည်ဖြစ်သည်။

ထို့ကြောင့် ကွင်းလယ်ကစားသမား ကန်တီက "ပြိုင်ပွဲတိုင်းကို နောက်ဆုံးဗိုလ်လုပွဲအဖြစ် သတ်မှတ်ပြီး အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါ။ အဲဒါဟာလည်း အခုဘောလုံးရာသီကုန်မှာ ပရီမီယာလိဂ်ဆုဖလားကို ကိုင်မြှောက်အောင်ပွဲခံနိုင်ရမယ်ဆိုတဲ့မျှော်လင့်ချက်ကြောင့်ပါ"ဟု ပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် မေ ၂၇ ရက်တွင် လန်ဒန်မြို့ရှိ ဝင်ဘလေကွင်းကြီးထဲတွင် အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲအဖြစ် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အက်ဖ်အေဖလားရော ပရီမီယာလိဂ်ဆုဖလားကိုပါ ရယူနိုင်ရေးအတွက် အကောင်းဆုံးယှဉ်ပြိုင်မည်ဟု ကန်တီက ဆိုသည်။

ကန်တီသည် ယခုနှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဆုဖလားကို ရယူနိုင်ခဲ့မည်ဆိုပါက မတူညီသည့်ကလပ်အသင်းနှစ်သင်းနှင့် ပရီမီယာလိဂ်ဆုဖလားကို နှစ်နှစ်ဆက်တိုက်ဆွတ်ခူးနိုင်ခဲ့သည့် ခူးခြားသည့်အောင်မြင်မှုတစ်ခုကို ရယူနိုင်သော ပထမဆုံးကစားသမားလည်းဖြစ်လာမည်ဖြစ်သည်။

ပီအက်ဖ်အေ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ကန်တီက ဆွတ်ခူးခဲ့ပြီး တစ်နှစ်တာလူငယ်အကောင်းဆုံးကစားသမားဆုကို စပါးကွင်းလယ်ကစားသမား ဒီလီအလီက ဆွတ်ခူးခဲ့သည်။

စပါးကွင်းလယ်ကစားသမား ဒီလီအလီသည် အဆိုပါပီအက်ဖ်အေ တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုကို ဘောလုံးရာသီ နှစ်ရာသီဆက်တိုက်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ လူငယ်ကစားသမား ဒီလီအလီသည် ပရီမီယာလိဂ်သွင်းဂိုး ၁၆ ဂိုးအထိသွင်းယူနိုင်ခဲ့ပြီး အဆိုပါသွင်းဂိုး ၁၆ ဂိုးမှာ ပရီမီယာလိဂ်တွင် ဂိုးအများဆုံး ကစားသမားအဖြစ် မသတ်မှတ်နိုင်သော်လည်း စပါးအသင်းအား ပရီမီယာလိဂ်အဆင့်(၂) တက်လှမ်းနိုင်ရေးအတွက် စွမ်းဆောင်ပေးခဲ့ရာတွင် အရေးပါသောကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရကာ ယခုပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ပီအက်ဖ်အေ၏ တစ်နှစ်တာအကောင်းဆုံးအမျိုးသမီးကစားသမားဆုကို အင်္ဂလန်ဗဟိုနောက်တန်းကစားသမား လူစီဘရောင်းဇ်က ရယူဆွတ်ခူးခဲ့သည်။ လူစီဘရောင်းဇ်သည် ၂၀၁၆ ခုနှစ်အတွင်းက တစ်ပွဲမျှရှုံးနိမ့်ခဲ့ခြင်းမရှိဘဲ အမျိုးသမီးစူပါလိဂ်ပြိုင်ပွဲတွင် မန်စီးတီးအသင်းရယူနိုင်ခဲ့သည့် အောင်မြင်မှုတွင် အဓိကအရေးပါသော ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့ပြီးနောက် ပီအက်ဖ်အေတစ်နှစ်တာအကောင်းဆုံးအမျိုးသမီးကစားသမားဆုကို ဒုတိယအကြိမ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ပီအက်ဖ်အေ၏ တစ်နှစ်တာအကောင်းဆုံးအမျိုးသမီးလူငယ်ကစားသမားဆုကို ဘာမင်ဂမ်ကွင်းလယ်တွင် ခြေစွမ်းပြကစားနေသည့် ကာတာက ရယူဆွတ်ခူးနိုင်ခဲ့သည်။


ဘာမင်ဂမ်အသင်း၏ ကွင်းလယ်လူ ကာတာ

# အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲ ချယ်လ်ဆီးနှင့် အာဆင်နယ် တွေ့ပြီ

ငွေကြယ် - ရေးသားသည်

အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ပြီးနောက် ချယ်လ်ဆီးအသင်းသည် စပါးအသင်းကို အနိုင်ရရှိခဲ့ကာ အာဆင်နယ်အသင်းသည် မန်စီးတီးအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲတွင် ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့ပြီဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် စပါးအသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အာဆင်နယ်အသင်းက မန်စီးတီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းတို့၏ အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်တွင် သာမန်ပွဲကစားချိန်အတွင်း မန်စီးတီးအသင်းက အဂူရို၏ သွင်းဂိုး၊ အာဆင်နယ်အသင်းက မွန်ရီယဲလ်၏ သွင်းဂိုးတို့ဖြင့် တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ခြင်းကြောင့် အချိန်ပိုကစားခဲ့ရာ အာဆင်နယ်အသင်းက အလက်ဇစ်ဆန်းချက်ဇ်၏ သွင်းဂိုးထပ်မံရရှိခဲ့သည်။ ထို့ကြောင့် အာဆင်နယ်အသင်းက မန်စီးတီးအသင်းကို အနိုင်ရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ အလက်ဇစ်ဆန်းချက်ဇ်သည် ယခုသွင်းဂိုးကြောင့် ဝင်ဘလေကွင်းတွင် လေးဂိုးအထိသွင်းယူနိုင်ခဲ့ကာ အာဆင်နယ်အသင်း၏ ထိပ်တန်းဂိုးသွင်းရှင်လည်းဖြစ်လာခဲ့သည်။

ထို့အတူ မန်စီးတီးတိုက်စစ်မှူး အဂူရိုသည်လည်း မန်စီးတီးအသင်းနှင့်အတူ ပြိုင်ပွဲအရပ်နောက်ဆုံး ၁၂ ပွဲတွင် ၁၂ ဂိုးအထိသွင်းယူနိုင်ခဲ့ပြီး ဝင်ဘလေကွင်းတွင် ဒုတိယမြောက်သွင်းဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ယခုမန်စီးတီးအသင်းကို အနိုင်ရရှိခဲ့ခြင်းကြောင့် အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲကို အကြိမ်(၂၀)မြောက်အဖြစ် တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်ပြီး ၁၂ ကြိမ်အထိ ချန်ပီယံဖြစ်ထားကာ မန်ယူအသင်းနှင့် အက်ဖ်အေဖလားရရှိမှုတူညီနေသည်။

ချယ်လ်ဆီးအသင်းနှင့် အာဆင်နယ်အသင်းတို့၏ အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲကို မေ ၂၇ ရက်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၏ ဝင်ဘလေကွင်းအတွင်း ယှဉ်ပြိုင်သွားမည်ဖြစ်သည်။









# ဆယ်ကျော်သက်အရွယ်၌ အဝေးမှုန်ခြင်း


**မောင်ပြည့်အောင်**

ဆေးဝါးကုသမှုနယ်ပယ်၌ လူနာများခံစားနေရသော ရောဂါဝေဒနာများ သက်သာပျောက်ကင်းလျက် ချမ်းသာရာရစေရန်၊ ဆေးပညာရှင်အသီးသီးက ကုသနည်းအမျိုးမျိုးကိုစူးစမ်းလေ့လာ၍ ကျင့်သုံးကြရပါသည်။ ထိုထိုသော ကုသနည်းများအနက် အကောင်းဆုံးနည်းစနစ်ဖြစ်သည့် ရောဂါမဖြစ်မီက ကြိုတင်ကာကွယ်ကာ ချမ်းသာရာရစေသောနည်းများကို ပိုမိုလေ့လာကျင့်သုံးကြသည်ကို တွေ့မြင်ကြရပါသည်။ အထူးသဖြင့် အဖြစ်များသော ရောဂါများကို မဖြစ်မီက ကြိုတင်ကာကွယ်ရေးအတွက် ဦးစားပေးလေ့လာကြပါသည်။

### အဖြစ်များသော ပြဿနာ

မျက်စိကျန်းမာရေး စောင့်ရှောက်မှုအတွက်လည်း၊ ပညာရှင်အသီးသီးက နယ်ပယ်စုံတွင်ဖြန့်ကြက်လေ့လာမှုမှ တွေ့ရှိချက်များကို မှတ်တမ်းတင်ထားသော စာတမ်းများတွင် မျက်မှန်တပ်ရန် လိုအပ်ချက်ရှိလာသောမျက်စိမှုန်ခြင်း(Refractive Error)သည် ယနေ့လူငယ်များတွင် အဖြစ်များသော မျက်စိပြဿနာဖြစ်ကြောင်း ဖော်ပြကြပါသည်။ သက်ကြီးမျက်စိမှုန်ခြင်းနှင့် မွေးရာပါမျက်စိမှုန်ခြင်းမဟုတ်သည့် ဆယ်ကျော်သက် လူငယ်များတွင်အဖြစ်များသော ၎င်းပြဿနာကိုဖြေရှင်းရန် တိကျသေချာသောနည်းလမ်းကို ရှာဖွေနေကြဆဲဖြစ်သော်လည်း အလေ့အကျင့်တစ်ခုကို ကာယကံရှင်ကိုယ်တိုင်နှင့် မိဘများက သတိထားလေ့ကျင့်ပြုပြင်ပေးခြင်းအားဖြင့် မဖြစ်ပွားအောင် အတိုင်းအတာတစ်ခုအထိ ကာကွယ်နိုင်မည်ဖြစ်ပါသည်။

ထိုသို့ကြိုတင်ကာကွယ်ရာတွင် အထောက်အပံ့ဖြစ်စေရန်အတွက် အခြေခံဗဟုသုတအဖြစ် အဝေး၊ အနီးရှိ အရာဝတ္ထုပုံရိပ်များကို ကြည်ကြည်လင်လင် မြင်နိုင်စေရန်အတွက် ဖန်တီးပေးသော မျက်စိအတွင်း ဖက်ရှိ အင်္ဂါအစိတ်အပိုင်းတစ်ခု၏ အလုပ်လုပ်ပုံကိုလည်း ယေဘုယျအားဖြင့်သိထားသင့်ပါသည်။




အထက်ဖော်ပြပါပုံများကို အနည်းငယ်လေ့လာကြည့်ပါ။ ပုံများ၏ အလယ်ဗဟိုရှိအဝိုင်းသည် မျက်စိအတွင်းရှိ မှန်ဘီလူးဖြစ်ပြီး အပြင်ဘက်အဝိုင်းသည် ကြွက်သားဝိုင်းတစ်ခုဖြစ်၏။ ၎င်းတို့နှစ်ခုကို ဆံခြည်မျှင်ကြွက်သားများဖြင့်ဆိုင်းထားသည်ကို တွေ့ကြရပါမည်။ အောက်ပုံနှစ်ပုံသည် အထက်ပုံနှစ်ပုံ၏ ဘေးတိုက်မြင်ရသော ပုံဖြစ်ပြီးအပြင်ကြွက်သားဝိုင်းနှင့် ဆံခြည်မျှင်ကြွက်သားတို့ တင်းခြင်း၊ လျော့ခြင်း ပြုမှုကြောင့် မျက်စိတွင်းရှိ မှန်ဘီလူးပါးခြင်းထူခြင်း ဖြစ်ပေါ်လာပုံကို သရုပ်ပြပါသည်။ ထိုကဲ့သို့ မှန်ဘီလူးကို အထူ၊ အပါးပြောင်းလဲစေခြင်းဖြင့် အနီးအဝေးပြောင်းလဲနေသော အရာဝတ္ထုပုံရိပ်တို့ကို ချိန်ဆနိုင်ပြီး ကြည်လင်သောအမြင်ကိုရကြခြင်းဖြစ်ပါသည်။

### မှားယွင်းသောအလေ့အကျင့်


အသက်ကြီးရင့်မှုကြောင့် ခန္ဓာကိုယ်ရှိ ကြွက်သားများ၏လှုပ်ရှားမှုများ နှေးကွေးလာသကဲ့သို့ ပုံတွင်မြင်ရသည့် မျက်စိ၏အပြင်ကြွက်သားဝိုင်းလည်း ပြောင်းလဲမှုပြုရာတွင် နှေးကွေးသွားသောကြောင့် မျက်စိ၏မှန်ဘီလူးသည် အထူအပါးခြားနားမှုနည်းသွားပြီး သက်ကြီးအနီးမှုန်ဖြစ်ရ၏။ အနီးကြည့်မျက်မှန်တပ်မှ စာဖတ် (အနီးကြည့်)ရာတွင် ကြည်ကြည်လင်လင် မြင်ရမည်ဖြစ်၏။ ဆယ်ကျော်သက်အရွယ် လူငယ်အများစု အဝေးမှုန်လာရခြင်း အကြောင်းရင်းတွင်လည်း အထက်ဖော်ပြပါ မျက်စိကြွက်သားများနှင့်မှန်ဘီလူးတို့၏ အနီး၊ အဝေး အပြောင်းအလဲ ချိန်ဆနိုင်မှု အားနည်းသွားသောကြောင့်ပင်ဖြစ်ပါသည်။ သက်ကြီးအနီးမှုန်သည် အသက်အရွယ်ကြောင့်ဖြစ်ပြီး ဆယ်ကျော်သက် အဝေးမှုန်သည့် မှားယွင်းသော အလေ့အကျင့်ကြောင့်ဖြစ်ကြောင်းKellogg Eye Center မှThe study's lead author and a resident physician ဖြစ်သူ MD ဆိုဖီယာဝမ်းက ဆိုပါသည်။

ဆယ်ကျော်သက် အဝေးမှုန်ဖြစ်သူများသည် အခန်းတွင်းအနေများသူများနှင့် အနီးကြည့်အသုံးများသူများ ဖြစ်ကြပြီး ကလေးဘဝနှင့် ဆယ်ကျော်သက်ဘဝအစ (ကိုးနှစ်၊ ၁၀ နှစ်ဝန်းကျင်)တွင် ၎င်းအလေ့အကျင့်အတိုင်းနေထိုင်ခဲ့ကြသူများဖြစ်ပါသည်။ မျက်စိတဆုံးအဝေးကြည့်ရန်ကို မေ့လျော့နေတတ်သူများဖြစ်ကြပြီး စာရေးခြင်း၊ စာဖတ်ခြင်း (ယနေ့ခေတ် စမတ်ဖုံး၊ တက်ဘလက်၊ ကွန်ပျူတာစသည်တို့သုံးစွဲခြင်း) ကဲ့သို့ အနီးကြည့်အလုပ်တစ်ခုခုကို လုပ်နေရမှ ကြေနပ်နေတတ်ကြသူများဖြစ်ပါသည်။

### မွေးရာပါအဝေးမှုန်

မွေးရာပါအဝေးမှုန်သူများသည် မွေးရာပါမျက်လုံး (Eye ball) ရှည်နေခြင်း(သို့) ကြီးနေခြင်းနှင့် မျက်လုံးတိုနေခြင်း(သို့) မျက်လုံးသေးနေခြင်းများကြောင့် အမြင်အလျားတိုခြင်း (Nearsightedness)နှင့် အမြင်အလျားရှည်ခြင်း (Farsightedness) တို့ဖြစ်နေ၍ အဝေးမှုန်ပြီး မျက်မှန်တပ်ရန်လိုအပ်ရခြင်းဖြစ်ပါသည်။အောက်ဖော်ပြပါ သရုပ်ဖော်ပုံများကို လေ့လာပါက သိနိုင်ပါသည်။

အပေါ်ဆုံးပုံသည် ပုံမှန်သဘာဝအတိုင်းဖြစ်သော မျက်စိ၏ အမြင်အလျားဖြစ်ပြီး ပုံရိပ်သည်မြင်လွှာ၌ တစ်ထပ်တည်းကျပါသည်။ လက်ဝဲဘက်အောက်ပုံသည် အမြင်အလျားတို၍ မြင်လွှာ၏ရှေ့တွင်စော၍ ပုံရိပ်ကျရောက်သောကြောင့် အဝေးမှုန်ခြင်းဖြစ်၏။ထိုနည်းတူ လက်ယာဘက်အောက်ပုံသည် အမြင်အလျားရှည်၍ မြင်လွှာကို ကျော်လွန်ကာ ပုံရိပ်ကျရောက်သောကြောင့် အဝေးမှုန်ခြင်းဖြစ်ပါသည်။ ထိုအခြေအနေသည် မွေးရာပါ ဖြစ်သောကြောင့် ကာကွယ်ခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်း တစ်စုံတစ်ရာပြုလုပ်၍ရမည်မဟုတ်ဘဲ အရှိအတိုင်းသာ လက်ခံကြရမည်ဖြစ်ပါသည်။




### ကလေးဘဝကပင်ကုသ

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝရရှိသော နိုင်ငံများတွင် ကျောင်းနေအရွယ်ကလေးငယ်များအား အထွေထွေကျန်းမာရေးစစ်ဆေးပြီး ကလေးဘဝကပင် ကုသမှုများပေးသကဲ့သို့ မျက်စိကျန်းမာရေးကိုလည်း စစ်ဆေးပေးကာ မျက်မှန်လိုအပ်သော မွေးရာပါအဝေးမှုန်ကလေးများအား မျက်မှန်တပ်ဆင်စေခြင်းဖြင့် အများနည်းတူကြည်လင်သော အမြင်အာရုံကို ရရှိကြမည်ဖြစ်ပါသည်။

ဆယ်ကျော်သက်အဝေးမှုန်သူများမှာမူ ၎င်းတို့နှင့် မတူဘဲ မှားယွင်းသော အလေ့အကျင့်များကြောင့် အဝေးမှုန်ရခြင်းဖြစ်ကြောင်း ပညာရှင်များကယုံကြည်လာကြပါသည်။ မြင့်တက်လာလျက်ရှိသော နှုန်းထားကို တားဆီးရေးအတွက် ဂလိုဘယ်အတိုင်းအတာဖြင့် ပညာရှင်အသီးသီးကသုတေသနပြုလုပ်ပြီး အကြံပြုချက်များ ထုတ်ပြန်ခဲ့ကြပါသည်။ နံရံပိတ်အခန်းများတွင် နေထိုင်ချိန်ကိုလျှော့ချ၍ အဆောက်အအုံများ၏ ပြင်ပတွင် သဘာဝအလင်းရောင်ဖြင့် နေထိုင်ချိန်ကို တိုးမြှင့်သင့်ကြောင်းအကြံပြုချက် (အဝေးမှုန်မဖြစ်အောင် ကာကွယ်နည်း- http://www.pyaeaungcoa.com တွင် ရေးသားဖော်ပြပြီး)၊ ၂၀/၂၀/၂၀ အကြံပြုချက်၊ One lecture period အကြံပြုချက်နှင့် ၁၂-၁၄- အကြံပြုချက်တို့သည် လူသိများပြီးထင်ရှားပါသည်။

### ပန်းပင် ပန်းအိုးထား

၂၀/၂၀/၂၀ အယူအဆမှာ အနီးကြည့် အလုပ်လုပ်ချိန် မိနစ် (၂၀) ကြာပြီးတိုင်း ပေ(၂၀) အကွာအဝေးရှိ အရာဝတ္ထုပုံရိပ်တို့ကို စက္ကန့် (၂၀) မျှကြည့်သင့်ကြောင်း အကြံပြုချက်ဖြစ်ပါသည်။ ထိုသို့ကြည့်ရှုနိုင်ရန်အတွက် အလုပ်ခန်း အိမ်ခန်းတို့၏ နံရံတွင် ဓာတ်ပုံ၊ ပန်းချီကား စသည်တို့ကိုချိတ်ဆွဲထားရှိခြင်း၊ အခန်းထောင့်နှင့် စားပွဲပေါ်တို့တွင် သစ်ပင်ငယ်များ၊ ပန်းပင်ပန်းအိုးများ၊ ပန်းပုလက်ရာများထားရှိခြင်းဖြင့် အထောက်အပံ့ရစေမည်ဖြစ်ကြောင်း ဆိုပါသည်။

One lecture period အယူအဆကို အကြံပြုသူတို့က ၂၀/၂၀/၂၀ အယူအဆ၏ အကြံပြုချက်များကို လက်ခံသော်လည်း မိနစ် (၂၀) အချိန်ကို စောဒကတက်ကြပြီး စာသင်ချိန်တစ်ချိန်၏ကြာမြင့်ချိန်ကဲ့သို့ (၄၅) မိနစ်မျှသတ်မှတ်သင့်ကြောင်း၊ မိနစ် (၂၀) အချိန်သည် နည်းလွန်းကြောင်းဆိုပါသည်။ စာရေး၊ စာဖတ်ပြုရာတွင်လည်းကောင်း အိုင်တီ ဒီဗိုက်စ်များကိုအသုံးပြုရာတွင်လည်းကောင်း မျက်နှာနှင့်ကပ်၍မကြည့်သင့်ကြောင်း ၁၂ လက်မ နှင့် ၁၄ လက်မအကွာအဝေးအတွင်း ထား၍ကြည့်ခြင်းသည် အကောင်းဆုံးအကွာအဝေးပင်ဖြစ်ကြောင်း အကြံပြုချက် (၁၂-၁၄ အယူအဆ)ကိုမူ အားလုံးကလက်ခံကြပါသည်။

### ဂရုတစိုက်စောင့်ကြည့်

အချုပ်အားဖြင့်ဆိုရပါမူ မွေးရာပါမဟုတ်သော ဆယ်ကျော်သက်အရွယ်အဝေးမှုန်ခြင်းသည် ကလေးဘဝ (မူလတန်းကျောင်းသားအရွယ်)မှ စတင်ကာ အခြေပြုလာပါသည်။ ကလေး၏ အမူအကျင့်များက အဓိကကျပါသည်။ ကလေးအား မိဘများက ဂရုတစိုက်စောင့်ကြည့်လျက် မှားယွင်းသောအမူအကျင့်များကို ပြုပြင်ပေးခြင်းသည်သာ ထိရောက်သော ကာကွယ်မှုဖြစ်ကြောင်း သတိမူကြရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ မိမိတို့ရင်သွေးများ၏ ဘဝအတွက်အရေးပါလှသော အရွယ်ဖြစ်သည့် ဆယ်ကျော်သက်အရွယ်တွင် အဝေးမှုန်ခြင်း မဖြစ်စေရန်အတွက် အထက်ပါ အကြံပြုချက်များကို လေ့လာပြီး ဂရုတစိုက်စောင့်ကြည့် ပြုပြင်ပေးသင့်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

> "ဆယ်ကျော်သက်အဝေးမှုန်သူများမှာမူ ၎င်းတို့နှင့် မတူဘဲ မှားယွင်းသော အလေ့အကျင့်များကြောင့် အဝေးမှုန်ရခြင်းဖြစ်ကြောင်း ပညာရှင်များက . . .
>
> အလုပ်ခန်း၊ အိမ်ခန်းတို့၏ နံရံတွင် ဓာတ်ပုံ၊ ပန်းချီကား စသည်တို့ကိုချိတ်ဆွဲထားရှိခြင်း၊ အခန်းထောင့်နှင့် စားပွဲပေါ်တို့တွင် သစ်ပင်ငယ်များ၊ ပန်းပင်ပန်းအိုးများ၊ ပန်းပုလက်ရာများထားရှိ . . ."

# မိုင်ယာမီမှာ ချိန်းဆိုတွေ့ဆုံခဲ့ကြတဲ့ ဂျနီဖာလိုပက်ဇ်နဲ့ အဲလက်ဇ်ရော့ဒရီးဂွက်ဇ်



ဟောလိဝုဒ်ရဲ့ ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဂျနီဖာလိုပက်ဇ်နဲ့ အဲလက်ဇ်ရော့ဒရီးဂွက်ဇ်တို့ဟာ များပြားလှတဲ့ အနုပညာလှုပ်ရှားမှုတွေကြားက တစ်ဦးနဲ့တစ်ဦးအချိန်ပေးကာ မကြာမကြာ ချိန်းဆိုတွေ့ဆုံခဲ့ကြပါတယ်။ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့ သောကြာနေ့မှာတော့ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မိုင်ယာမီမြို့မှာ ချိန်းဆိုတွေ့ဆုံခဲ့ကြတာဖြစ်ကြောင်း အီးတီအွန်လိုင်းဒေါ့ကွန်းရဲ့ ဖော်ပြချက်အရ တွေ့ရပါတယ်။

ဒီလိုတွေ့ဆုံရာမှာ ဂျနီဖာလိုပက်ဇ်ဟာ ပါးလွှာတဲ့ အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင်ထားရာ ခန္ဓာကိုယ်အလှပေါ်လွင်နေပြီး စွဲဆောင်မှုရှိရှိ လှနေတာဖြစ်ပါတယ်။ ချစ်သူဖြစ်တဲ့ အဲလက်ဇ်ကတော့ သူ့ရဲ့အငယ်ဆုံးသမီးလေး အယ်လာရဲ့မွေးနေ့ကို အဲဒီနေ့မှာ ဆင်နွှဲခဲ့ကာ မွေးနေ့မှာ ဝတ်ဆင်ခဲ့တဲ့ နက်ပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားတာကို တွေ့ရပါတယ်။

ဂျနီဖာလိုပက်ဇ်ဟာ လတ်တလောမှာ ခင်ပွန်းဟောင်းဖြစ်သူ မက်ခ်အန်ထော်နီနဲ့ တွဲဖက်ကာ ပြင်သစ်တေးအယ်လ်ဘမ်တစ်ခုကို ထုတ်လုပ်ဖန်တီးလျက်ရှိပြီး ဂျနီဖာလိုပက်ဇ်နဲ့ မက်ခ်အန်ထော်နီတို့ဟာ လမ်းခွဲပြီးနောက်ပိုင်းမှာလည်း မိတ်ဆွေတွေအဖြစ်ဆက်လက်ရှိနေကြကာ နှစ်ဦးအကြားက ဆက်ဆံရေးဟာ ကောင်းမွန်နေဆဲဖြစ်ပါတယ်။ တေးအယ်လ်ဘမ်အတွက် ပြင်ဆင်နေကြတဲ့ ဂျနီဖာလိုပက်ဇ်ဟာ မက်ခ်အန်ထော်နီနဲ့ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း အတူရှိနေခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ သောကြာနေ့မှာတော့ အဲလက်ဇ်ရော့ဒရီးဂွက်ဇ်နဲ့ ချိန်းဆိုတွေ့ဆုံဖြစ်ခဲ့တာ ဖြစ်ပါတယ်။

အနုပညာလုပ်ငန်းတွေကြောင့် မအားလပ်နိုင်တဲ့ကြားက ပုံမှန်တွေ့ဆုံနေကြတဲ့ ဂျနီဖာလိုပက်ဇ်နဲ့ အဲလက်ဇ်ရော့ဒရီးဂွက်ဇ်တို့ဟာ ဒီလိုတစ်ဦးနဲ့တစ်ဦး တွေ့ဆုံတာကြာလာချိန်မှာတော့ အချစ်တွေ ပိုမိုခိုင်မာလာကာ လက်ထပ်ဖို့ပင် ဆွေးနွေးနေပြီဖြစ်ကြောင်း ကောလာဟလတွေလည်း ပေါ်ထွက်လျက်ရှိတယ်လို့ သိရပါတယ်။

# တစ်ဦးတည်းအေဂျင်စီတည်ထောင်ချင်နေတဲ့ ဆူဇီ



တောင်ကိုရီးယားရဲ့နာမည်ကျော်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ဆူဇီဟာ သူ့ရဲ့အေဂျင်စီနဲ့ စာချုပ်သက်တမ်းပြည့်သွားခဲ့ပြီဖြစ်ကာ စာချုပ်သစ်နဲ့ပတ်သက်ပြီးလည်း လတ်တလောအချိန်အထိ တစ်စုံတစ်ရာ ထုတ်ပြန်ပြောကြားခဲ့ခြင်းမရှိသေးပါဘူး။ ဒီလိုဖြစ်နေချိန်မှာတော့ ဆူဇီနဲ့ ရင်းနှီးတဲ့အသိုင်းအဝိုင်းက သူဟာ အေဂျင်စီတစ်ခုအောက်မှာ ကြယ်ပွင့်တစ်ဦးတည်းသာ လှုပ်ရှားနေတဲ့ သီးသန့်အေဂျင်စီမျိုးနဲ့ အနုပညာခရီးလမ်းဆက်လိုကြောင်း သူငယ်ချင်းတွေကို ဖွင့်ဟပြောကြားခဲ့တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဆူဇီဟာ ပြီးခဲ့တဲ့ မတ် ၃၁ ရက်က သူ့ရဲ့အေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအန်တာတိန်းမန့်နဲ့ စာချုပ်သက်တမ်းပြည့်သွားခဲ့ပြီဖြစ်ကာ လတ်တလောမှာ သီတင်းပတ်သုံးပတ်ခန့်ကြာသွားခဲ့ပြီဖြစ်ပေမယ့် စာချုပ်သစ်နဲ့ပတ်သက်ပြီး ချုပ်ဆိုနိုင်ခဲ့ခြင်းမရှိသေးသလို တစ်စုံတစ်ရာပြောကြားနိုင်ခြင်းလည်း မရှိသေးတာဖြစ်ကြောင်းလည်း သိရပါတယ်။

ဒီလိုအေဂျင်စီလက်မဲ့ဖြစ်နေချိန်မှာ တေးသံရှင်တစ်ဦးအဖြစ်သာမက သရုပ်ဆောင်တစ်ဦးအဖြစ်ပါအောင်မြင်နေတဲ့ ဆူဇီကို များစွာသောအေဂျင်စီတွေက လာရောက်ကမ်းလှမ်းခဲ့တာတွေရှိပေမယ့်လည်း ဆူဇီဘက်က ငြင်းဆိုခဲ့ကြောင်းလည်း သိရပါတယ်။ အချို့သောမီဒီယာတွေကတော့ ဆူဇီဟာ လတ်တလောမှာ တေးဂီတပညာရှင်တွေကို မွေးထုတ်ပေးနေတဲ့ အေဂျင်စီသစ်တစ်ခုနဲ့ ဆွေးနွေးမှုတွေပြုလုပ်နေကြောင်းလည်း ဖော်ပြခဲ့ကြပါတယ်။ ဒါပေမယ့် ဆူဇီဟာ သူ့ရဲ့လုပ်ဖော်ကိုင်ဖက်တွေထဲက တစ်ဦးတည်းအတွက် သီးသန့်အေဂျင်စီထောင်ကာ အနုပညာလှုပ်ရှားမှုတွေကိုဆောင်ရွက်နေကြတဲ့သူတွေနဲ့လည်းဆက်သွယ်ကာ စုံစမ်းမှုတွေပြုခဲ့ကြောင်းလည်း သိရပါတယ်။

ဒီလိုအချက်တွေကိုကြည့်ခြင်းအားဖြင့် ဆူဇီဟာ လက်ရှိအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအန်တာတိန်းမန့်နဲ့ ဆွေးနွေးမှုတွေ မအောင်မြင်ခဲ့ပါက ကိုယ်ပိုင်အေဂျင်စီထောင်ကာ တစ်ဦးတည်းသီးသန့်လှုပ်ရှားဖို့ အလားအလာများနေပါတယ်။

လတ်တလောမှာတော့ ဆူဇီဟာ သူ့ရဲ့ဇာတ်လမ်းတွဲရုပ်ရှင်သစ် "While You Were Sleeping"ကို ရိုက်ကူးလျက်ရှိပြီး ရုပ်ရှင်ရိုက်ကူးရေးတွေပြီးဆုံးချိန်မှာတော့ အေဂျင်စီနဲ့ပတ်သက်ပြီး တရားဝင်ထုတ်ဖော်ပြောကြားလာနိုင်ကြောင်းလည်း အဆိုပါမီဒီယာက ဝေဖန်ခဲ့ပါတယ်။

# ပါ့ခ်ဘိုယောင်းကိုချစ်ခဲ့မိကြောင်းဖွင့်ဟလာတဲ့ ပါ့ခ်ဟွန်စစ်





မကြာသေးမီက အပြီးသတ်ထုတ်လွှင့်ပြသခဲ့ပြီး ကြည့်ရှုသူပရိသတ်များပြားခဲ့တဲ့အတွက် အောင်မြင်တဲ့ တောင်ကိုရီးယားရဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "Strong Woman Do Bong-soon"ရဲ့ အဓိကဇာတ်ဆောင်မင်းသား၊ မင်းသမီးတွေဖြစ်ကြတဲ့ ပါ့ခ်ဘိုယောင်းနဲ့ ပါ့ခ်ဟွန်စစ်တို့ဟာ ရုပ်ရှင်ထဲမှာ ချစ်သူတွေအဖြစ် သရုပ်ဆောင်ခဲ့ရာမှာတော့ ပီပြင်လွန်းတဲ့အတွက် ပရိသတ်တွေက သူတို့နှစ်ဦး အပြင်မှာလည်း ချစ်သူတွေဖြစ်နေကြောင်း စွပ်စွဲခဲ့ကြပါတယ်။ ဒီလိုပေါ်ထွက်လာခဲ့တဲ့ ကောလာဟလတွေနဲ့ ပတ်သက်ပြီး ပါ့ခ်ဟွန်စစ်က သူ့ရဲ့သဘောထားအမှန်ကို လတ်တလောမှာတော့ ထုတ်ဖော်ပြောကြားလာခဲ့ပါတယ်။

နိုင်ငံတစ်ဝန်းက ပရိသတ်တွေအကြား ရေပန်းစားနေတဲ့ ကောလာဟလအတွက် ပါ့ခ်ဟွန်စစ်က အဖြေတစ်ခုကို ယူဆောင်လာပေးခဲ့ကာ သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ပါ့ခ်ဟွန်စစ်က သူ့အနေနဲ့ ပါ့ခ်ဘိုယောင်းကို အမှန်တကယ်ချစ်မြတ်နိုးခဲ့မိကြောင်းနဲ့ ဒီအချစ်တွေဟာ လက်ရှိမှာတော့ အဆုံးသတ်သွားခဲ့ပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ပါ့ခ်ဟွန်စစ်ရဲ့ပြောကြားချက်အရ သူဟာ ပါ့ခ်ဘိုယောင်းကို "Strong Woman Do Bong-soon"ရုပ်ရှင်ရိုက်ကူးနေစဉ်ကာလအတွင်း အမှန်တကယ်ပဲ ချစ်မြတ်နိုးခဲ့ကြောင်းနဲ့ ရုပ်ရှင်ပြီးဆုံးသွားပြီဖြစ်တဲ့အတွက် သူ့ရဲ့အချစ်တွေဟာလည်း လတ်တလောမှာတော့ အဆုံးသတ်သွားခဲ့ပြီဖြစ်တယ်လို့လည်း သိရပါတယ်။

ပါ့ခ်ဟွန်စစ်က "ညီမလေး ပါ့ခ်ဘိုယောင်းရေ၊ ငါမင်းကို တကယ်ပဲချစ်ပါတယ်။ မင်းဟာ တကယ်ပဲ ဘွန်ဆွန်းပါ။ ဘာကြောင့်လဲဆိုတော့ မင်းဟာ တကယ်ကိုပြည့်စုံတဲ့ ဘွန်ဆွန်းဖြစ်ခဲ့လို့ပါပဲ။ ဒါ့ကြောင့် မင်းကိုငါချစ်သွားခဲ့တယ်ဆိုတာ သဘာဝကျပါတယ်။ ငါမင်းကို ဒီထက်ပိုပြီးချစ်ချင်ပါတယ်။ ဒါပေမယ့် အဆုံးသတ်သွားခဲ့ပြီဆိုတော့လည်း ဝမ်းနည်းမိပါတယ်"လို့ လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့ပါတယ်။

" Strong Woman Do Bong-soon"ရုပ်ရှင်မှာ ပါ့ခ်ဘိုယောင်းဟာ ထူးခြားတဲ့စွမ်းအားရှိတဲ့ အမျိုးသမီးတစ်ဦးဖြစ်တဲ့ ဘွန်ဆွန်းနေရာက ပါဝင်သရုပ်ဆောင်ခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ ဧပြီ ၁၅ ရက်က ရုပ်ရှင်ကို အပြီးသတ်ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။

ပါ့ခ်ဘိုယောင်းနဲ့ ပါ့ခ်ဟွန်စစ်တို့ဟာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၄ ရက်က စတင်ပြီး ပြသခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင် "Strong Woman Do Bong-soon"ရဲ့ အချစ်အခန်းတွေကို ရိုက်ကူးရာမှာ လိုတာထက်ပိုနေတယ်လို့ အများက ဝေဖန်ခဲ့ကြတာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ တစ်ဦးကိုတစ်ဦးဖက်ထားရတဲ့ဇာတ်ဝင်ခန်းတွေကို ရိုက်ကူးခဲ့ရာမှာလည်း ရိုက်ကွင်းပြီးဆုံးသွားတာတောင် သူတို့နှစ်ဦးရဲ့သရုပ်ဆောင်မှုက မပြီးဆုံးသေးကြောင်းလည်း သိရပါတယ်။

ဒါ့အပြင် သူတို့နှစ်ဦးဟာ နောက်ကျောကနေ ညင်ညင်သာသာလေး လှမ်းဖက်လိုက်တဲ့အခန်းတွေ၊ တစ်ယောက်ရဲ့မျက်လုံးထဲကို တစ်ယောက်က နက်နက်ရှိုင်းရှိုင်းထိုးဖောက်ကြည့်လိုက်ရတဲ့ ဇာတ်ဝင်ခန်းတွေကို ရိုက်ကူးရာမှာလည်း တမင်သရုပ်ဆောင်နေရတာမျိုး မဟုတ်ဘဲ ဖြစ်နေကျ၊ လုပ်နေကျသူတွေလို ရင်းနှီးနေကြတာကိုတွေ့ရပါတယ်။ ဒီလိုပုံရိပ်တွေကြောင့် ပရိသတ်တွေက ပါ့ခ်ဘိုယောင်းနဲ့ ပါ့ခ်ဟွန်စစ်တို့ဟာ ပါဝင်သရုပ်ဆောင်နေရတဲ့ ဇာတ်ကောင်တွေရဲ့စျာန်ကို ဝင်စားခဲ့ရင်းက လက်တွေ့ဘဝမှာလည်း ချစ်သူတွေဖြစ်နေကြောင်း အထင်ရောက်စေဖို့ တွန်းအားတွေဖြစ်ခဲ့တယ်လို့ မီဒီယာက ဝေဖန်ခဲ့ပါတယ်။

သဘာဝကျလွန်းလှတဲ့ သူတို့နှစ်ဦးရဲ့ သရုပ်ဆောင်မှုနဲ့ပတ်သက်ပြီးလည်း ပါ့ခ်ဟွန်စစ်က "ကျွန်တော်ပါဝင်သရုပ်ဆောင်ထားတဲ့ ဇာတ်ကောင် အာမင်ဟွတ်ခ်ဟာ ပါ့ခ်ဘိုယောင်းရဲ့ ဇာတ်ကောင် ဘွန်ဆွန်းကို မြင်မြင်ချင်း ချစ်မိသွားတာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်လည်း ပါ့ခ်ဘိုယောင်းကို တကယ်ကိုချစ်ကြည့်ခဲ့ပါတယ်။ အာမင်ဟွတ်ခ်ရဲ့ခံစားချက်တွေကို စိတ်ထဲသွင်းလိုက်တဲ့အခါမှာတော့ အချစ်ခန်းတွေဖြစ်ကြတဲ့ နမ်းနေတဲ့အခန်းတွေ၊ ဖက်ထားတဲ့အခန်းတွေနဲ့ တစ်ယောက်ကိုတစ်ယောက် စူးစူးနစ်နစ်ကြည့်ရတာတွေဟာ တကယ်ကို သဘာဝကျသွားခဲ့တာပါ"လို့လည်း တုံ့ပြန်ပြောကြားခဲ့ပါတယ်။

သူတို့နှစ်ဦးဟာ ရိုက်ကွင်းနားတဲ့အချိန်တွေမှာလည်း အတူရှိနေတတ်ပြီး စကားတွေဖောင်ဖွဲ့ရင်း ရယ်မောခဲ့ကာ အခြားသောချစ်သူစုံတွဲတွေကဲ့သို့ ဟာသတွေပြောကာ စနောက်တာတွေလည်းရှိနေခဲ့ပါတယ်။ ဒါ့ကြောင့် သူတို့ဟာ အလုပ်သဘောအရသာမဟုတ်ဘဲ သူတို့ရဲ့ ရင်းနှီးမှုကို လက်တွေ့ဘဝထဲထိပါ ချဲ့ထွင်လာခဲ့တာလို့လည်း ဆိုနိုင်ပါတယ်။

ဒီလိုရင်းနှီးလွန်းနေတဲ့ သူတို့နှစ်ဦးကိုလည်း ပရိသတ်တွေက တကယ်ပဲ တစ်ယောက်နဲ့တစ်ယောက် စိတ်ဝင်စားကာ ချစ်သူတွေဖြစ်နေကြပြီလား၊ တကယ်ကို သရုပ်ဆောင်ကောင်းခဲ့တာလားဆိုတာကို ဝေခွဲမရနိုင်ဖြစ်နေရကြောင်းလည်း ကိုရီးယားဘိုးဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

ပါ့ခ်ဟွန်စစ်က သူ့အနေနဲ့ " Strong Woman Do Bong-soon""ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ဖြစ်ခဲ့ပုံနဲ့ ပတ်သက်ပြီးလည်း "ကျွန်တော်ဒီဇာတ်လမ်းတွဲရုပ်ရှင်ကို လက်ခံရိုက်ကူးပေးဖို့ လွဲချော်သွားခဲ့မယ်ဆိုရင် ကျွန်တော် နောင်တရမိမှာလို့ထင်ခဲ့တယ်။ ဒါကြောင့် ကျွန်တော်လက်ခံခဲ့တယ်။ နောက်ပိုင်းမှာ ကျွန်တော်နဲ့ တွဲဖက်သရုပ်ဆောင်ရမယ့် မင်းသမီးက ပါ့ခ်ဘိုယောင်းဆိုတာ သိလိုက်ရတယ်။ အဲဒီအချိန်မှာတော့ ကျွန်တော့်အနေနဲ့ မဖြစ်မနေလက်ခံရိုက်ကူးမှဖြစ်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဒီလိုဆုံးဖြတ်ဖြစ်ခဲ့တဲ့အကြောင်းအရင်းကတော့ ကျွန်တော်နဲ့ တွဲဖက်သရုပ်ဆောင်မယ့်သူတွေဟာ တကယ်ကို ကြိုးစားပြီး ရည်မှန်းချက်ကြီးတဲ့သူတွေ ဖြစ်နေလို့ပါပဲ"လို့လည်း ရုပ်ရှင်မှာ သူ့အနေနဲ့ ပါဝင်ဖြစ်ခဲ့တဲ့ အဓိကအကြောင်းအရင်းဟာ ပါ့ခ်ဘိုယောင်းသာဖြစ်ကြောင်း အမှတ်တရပြောကြားခဲ့ပါတယ်။

အဆုံးမှာတော့ ပါ့ခ်ဟွန်စစ်က သူ့အနေနဲ့ "Strong Woman Do Bong-soon""ရုပ်ရှင်အပေါ် ကျေနပ်မိကြောင်းနဲ့ သူပါဝင်ခဲ့ရတဲ့ဇာတ်ကောင် အာမင်ဟွတ်ခ်အတွက် အကောင်းဆုံးပြည့်စုံအောင်သရုပ်ဆောင်နိုင်ခဲ့တယ်လို့ ခံစားခဲ့ရတဲ့အတွက်လည်း အထူးကျေနပ်အားရမိကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

# ဂျိုးဆက်ပါကာနဲ့ ထိုးသတ်မယ့် စိန်ခေါ်ပွဲ ဒဏ်ရာပြဿနာကြောင့် ဖျက်ရတော့မယ့် ဟူဂီဖြူရီ



ဗြိတိန်ရဲ့ ပရော်ဖက်ရှင်နယ်လက်ဝှေ့ကျော် ဟူဂီဖြူရီဟာ ဟဲဗီးဝိတ်လက်ဝှေ့လောကမှာတော့ နာမည်ကြီးလက်ဝှေ့ကျော်တစ်ဦးပါ။ ဟူဂီဖြူရီဟာ နယူးဇီလန်နိုင်ငံရဲ့ ဟဲဗီးဝိတ်လက်ဝှေ့ကျော် ဂျိုးဆက်ပါကာနဲ့ ဒဗလျူဘီအိုဟဲဗီးဝိတ်ချန်ပီယံရှစ်ပြိုင်ပွဲကို စိန်ခေါ်ပွဲအဖြစ် ထိုးသတ်ဖို့ စီစဉ်ထားတာဖြစ်ပါတယ်။ အဲဒီဒဗလျူဘီအိုဟဲဗီးဝိတ်ချန်ပီယံရှစ်ပြိုင်ပွဲကို မေ ၆ ရက်မှာ ထိုးသတ်ဖို့စီစဉ်ထားခဲ့ပေမယ့် လက်ရှိမှာတော့ ဒဏ်ရာပြဿနာကြောင့် စိန်ခေါ်ပွဲကို ဖျက်ရတော့မှာလည်းဖြစ်ပါတယ်။

ဒဗလျူဘီအိုဥက္ကဋ္ဌ ပါကိုဗယ်ကာဆယ်လ်ကလည်း အခုလို ဟူဂီဖြူရီ ဒဏ်ရာပြဿနာကြုံတွေ့နေတာကြောင့် နယူးဇီလန်နိုင်ငံမှာ ကျင်းပမယ့် ဟူဂီဖြူရီနဲ့ ဂျိုးဆက်ပါကာတို့ရဲ့ ဒဗလျူဘီအိုဟဲဗီးဝိတ်ချန်ပီယံရှစ်ပြိုင်ပွဲကို ကျင်းပဖြစ်တော့မှာ မဟုတ်တဲ့အကြောင်းကိုလည်း ပြောကြားခဲ့ပါတယ်။

အသက်အရွယ်(၂၂)နှစ်သာရှိသေးတဲ့ လက်ဝှေ့ကျော်ဟူဂီဖြူရီဟာ ဗြိတိန်ရဲ့ နာမည်ကြီး လက်ဝှေ့ကျော်တစ်ဦးဖြစ်တဲ့ တိုင်ဆန်ဖြူရီနဲ့ ညီအစ်ကိုဝမ်းကွဲတော်စပ်သူဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် လူငယ်ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲမှာ အင်္ဂလန်ကိုယ်စားပြု အပျော်တမ်းလက်ဝှေ့သမားတစ်ဦးအနေနဲ့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ စူပါဟဲဗီးဝိတ်ပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့တာမို့ ဗြိတိန်ရဲ့နာမည်ရ လက်ဝှေ့သမားတစ်ဦး ဖြစ်လာခဲ့တာပါ။

အဲဒီလို ဗြိတိန်လက်ဝှေ့လောကမှာ ဟူဂီဖြူရီဟာ နာမည်ကြီးလက်ဝှေ့ကျော်တစ်ဦးအဖြစ် ရပ်တည်နေခဲ့သလို ဂျိုးဆက်ပါကာဟာလည်း နယူးဇီလန်မှာတော့ ပရော်ဖက်ရှင်နယ် လက်ဝှေ့ကျော် တစ်ဦးပါ။ ဂျိုးဆက်ပါကာဟာ ၂၀၁၀ ခုနှစ် ဓနသဟာရနိုင်ငံများအားကစားပြိုင်ပွဲမှာ နယူးဇီလန်နိုင်ငံရဲ့ အပျော်တမ်းလက်ဝှေ့သမားတစ်ဦးအနေနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ပေမယ့် လန်ဒန်အိုလံပစ်ပြိုင်ပွဲလို့ လူတိုင်းသိနေတဲ့ ၂၀၁၂ ခုနှစ် နွေရာသီအားကစားပြိုင်ပွဲမှာတော့ ပါဝင်ယှဉ်ပြိုင်ခွင့်နဲ့ လွဲခဲ့ရပါတယ်။

ဂျိုးဆက်ပါကာဟာ သူ့ရဲ့လက်ဝှေ့သမားဘဝသမိုင်းတစ်လျှောက်ကို ပြန်ကြည့်မယ်ဆိုရင် ၂၂ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာမှာ ၂၂ ပွဲစလုံး အနိုင်ရရှိထားခဲ့တဲ့ သမိုင်းမှတ်တမ်းကောင်းတစ်ရပ်ပိုင်ဆိုင်ထားတာကို တွေ့ရမှာဖြစ်ပြီး ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ ၂၂ ပွဲစလုံးမှာလည်း ၁၈ ပွဲက အလဲထိုးနိုင်ပွဲရရှိထားတာကိုလည်းတွေ့ရမှာပါ။ ကျန်တဲ့လေးပွဲကတော့ ဒိုင်းပွဲရပ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဂျိုးဆက်ပါကာနဲ့ စိန်ခေါ်ပွဲတစ်ရပ်ထိုးသတ်ဖို့စီစဉ်ထားတဲ့ ဟူဂီဖြူရီဟာလည်း သူ့ရဲ့လက်ဝှေ့သမားဘဝတစ်လျှောက်မှာ ပွဲပေါင်း ၂၀ ယှဉ်ပြိုင်ထိုးသတ်ခဲ့တာဖြစ်ပြီး ပွဲ ၂၀ စလုံးအနိုင်ရရှိခဲ့ပါတယ်။ အဲဒီ ပွဲ ၂၀ မှာ ၁၀ ပွဲက အလဲထိုးနိုင်ပွဲရရှိခဲ့တာဖြစ်တယ်။ အဲဒီလို လက်ဝှေ့သမိုင်းတစ်လျှောက်မှာ ရှုံးပွဲဆိုတာမရှိခဲ့တဲ့ ဗြိတိန်လက်ဝှေ့လောကမှာ နာမည်ရထားတဲ့ ဟူဂီဖြူရီနဲ့ နယူးဇီလန်လက်ဝှေ့လောကမှာ ရှုံးပွဲမရှိ စံချိန်တင်ထားတဲ့ ဂျိုးဆက်ပါကာတို့ဟာ မေ ၆ ရက်မှာ နယူးဇီလန်နိုင်ငံ အောက်ကလန်မြို့ရဲ့ စပါ့ခ်အရီနာလက်ဝှေ့ကြိုးဝိုင်းထဲမှာ ယှဉ်ပြိုင်ထိုးသတ်ဖို့ စီစဉ်ထားခဲ့ရာ ပွဲကြီးပွဲကောင်းတစ်ပွဲဖြစ်လာမယ့်လို့ မျှော်လင့်ထားခဲ့ပေမယ့် ဟူဂီဖြူရီ ဒဏ်ရာရရှိနေခဲ့တာကြောင့် အဲဒီပွဲစဉ်ယှဉ်ပြိုင်မှုကို ပယ်ဖျက်ရတော့မယ်လို့ ဟူဂီဖြူရီက အခိုင်အမာ ပြောကြားထားခဲ့ပါတယ်။



၂၀၁၆ ခုနှစ် ဧပြီလအတွင်းက ဟူဂီဖြူရီနှင့် ဖရက်ကက်ဆီတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

နိုင်လင်းကြည်
စုစည်းရေးသားသည်

# ပရိသတ် ၉၀၀၀၀ ဆံ့ ဝင်ဘာလေကွင်းမှာ ယှဉ်ပြိုင်ထိုးသတ်ကြမယ့် ဂျိုရှူဟွာနဲ့ ကလစ်ချ်ကို

ဗြိတိန်ပရော်ဖက်ရှင်နယ်လက်ဝှေ့ကျော် အန်တိုနီဂျိုရှူဟွာနဲ့ ယူကရိန်းလက်ဝှေ့အကျော်အမော် ကလစ်ချ်ကိုတို့ဟာ ဧပြီ ၂၉ ရက်မှာ ပရိသတ် ၉၀၀၀၀ ဝင်ဆံ့တဲ့ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရဲ့ ဝင်ဘာလေကွင်းကြီးထဲမှာ အကြိတ်အနယ်ယှဉ်ပြိုင်ထိုးသတ်တော့မှာဖြစ်ပါတယ်။

ဂျိုရှူဟွာနဲ့ ကလစ်ချ်ကိုတို့ဟာ အသက်အရွယ်အပိုင်းအခြားအရ ကွာခြားမှုရှိနေပေမယ့် ပြိုင်ပွဲတစ်ခုရဲ့ရသကို အပြည့်ပေးစွမ်းနိုင်မယ့်ပွဲစဉ်တစ်ပွဲအဖြစ် သူနိုင်ကိုယ်နိုင်အပြိုင်ထိုးသတ်ကြမှာဖြစ်ပြီး ဂျိုရှူဟွာဟာ သူ့ရဲ့လက်ဝှေ့ သမားဘဝသမိုင်းတစ်လျှောက်မှာ ၁၈ ပွဲအထိ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာမှာ ၁၈ ပွဲစလုံးအနိုင်ရရှိထားခဲ့ပါတယ်။ အဲဒီလိုအနိုင်ရရှိခဲ့တဲ့ ၁၈ ပွဲစလုံးဟာလည်း အလဲထိုးနိုင်ပွဲတွေသာ ဖြစ်နေခဲ့တာကြောင့် စံချိန်တင်မှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်ထားတဲ့ လက်ဝှေ့သမားတစ်ဦးလည်းဖြစ်ပါတယ်။

အဲဒီလို ရာနှုန်းပြည့်အလဲထိုးနိုင်ပွဲတွေ ရရှိခဲ့သလို ဟဲဗီးဝိတ်တန်းလက်ဝှေ့ကျော် ဂျိုရှူဟွာဟာ ၂၀၁၆ ခုနှစ် ကတည်းက အိုင်ဘီအက်ဖ်ဟဲဗီးဝိတ်ချန်ပီယံ ဖြစ်ခဲ့ပြီး ၂၀၁၅ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အတွင်း ဗြိတိန်နဲ့ ဓနသဟာရဟဲဗီးဝိတ်ချန်ပီယံအဖြစ်လည်း ရပ်တည်နိုင်ခဲ့တာ ဖြစ်ပါတယ်။

၂၀၁၂ အိုလံပစ်ပြိုင်ပွဲမှာ ဗြိတိန်ကိုယ်စားပြု အပျော်တမ်းလက်ဝှေ့သမားတစ်ဦးအနေနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး စူပါဟဲဗီးဝိတ်ပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုကိုလည်း ဆွတ်ခူးထားနိုင်ခဲ့ပါတယ်။

ဂျိုရှူဟွာအနေနဲ့ လက်ဝှေ့လောကမှာ အလဲထိုးနိုင်ပွဲတွေနဲ့ နာမည်ကြီးနေခဲ့သလို ယူကရိန်းလက်ဝှေ့ကျော် ကလစ်ချ်ကိုကလည်း သူ့ရဲ့ လက်ဝှေ့သမားဘဝသမိုင်းတစ်လျှောက်မှာ ၆၈ ပွဲအထိ ထိုးသတ်ခဲ့ရာတွင် လက်ဝှေ့ကြိုးဝိုင်းအတွင်း ပြည့်ဝတဲ့စွမ်းဆောင်ရည်တွေ ပြသနိုင်ခဲ့ပါတယ်။

ကလစ်ချ်ကိုရဲ့ လက်ဝှေ့သမားဘဝ ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ ၆၈ ပွဲမှာ ၆၄ ပွဲအထိ နိုင်ပွဲရရှိခဲ့တာဖြစ်ပြီး အဲဒီနိုင်ပွဲတွေအနက် ၅၃ ပွဲဟာ အလဲထိုးနိုင်ပွဲတွေရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် သူ့ရဲ့လက်ဝှေ့ကြိုးဝိုင်းအတွင်း ယှဉ်ပြိုင်ထိုးသတ်မှုတွင် လေးပွဲမှာ ရှုံးပွဲကြုံခဲ့ရပါတယ်။

ရှုံးနိမ့်ခဲ့တဲ့ လေးပွဲကိုကြည့်မယ်ဆိုရင် သုံးပွဲဟာ အမေရိကန်လက်ဝှေ့ကျော်တွေကို ရှုံးနိမ့်ခဲ့တာဖြစ်ပြီး နောက်ဆုံးတစ်ပွဲရှုံးနိမ့်ခဲ့တာကတော့ ဗြိတိန်လက်ဝှေ့ကျော် တိုင်ဆန်ဖြူရီကို ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် ဗြိတိန်လက်ဝှေ့ကျော် ဂျိုရှူဟွာကို ရှုံးနိမ့်သွားမလား ဒါမှမဟုတ် ကလစ်ချ်ကိုအနေနဲ့ ဂျိုရှူဟွာကိုအနိုင်ရရှိကာ အိုင်ဘီအက်ဖ်၊ ဒဗလျူဘီအေနဲ့ အိုင်ဘီအို စတဲ့ဟဲဗီးဝိတ်ချန်ပီယံခါးပတ်တွေကို သိမ်းပိုက်သွားနိုင်မလားဆိုတာ ဧပြီ ၂၉ ရက်မှာ စောင့်ကြည့်သွားရမှာဖြစ်ပါတယ်။



# မြို့တော်အလှကိုပျက်စီးစေသူများ (သို့မဟုတ်) စည်းကမ်းမဲ့သောကြော်ငြာများ

သောင်းညွန့်လွင် (သရက်)

၁၅-၁-၂၀၁၇ နေ့က ပြင်သစ်-မြန်မာယဉ်ကျေးမှု (၅၅) နှစ်မြောက်ပွဲနှင့်အတူ မင်္ဂလာပါမြန်မာပွဲတော်ပြုလုပ်စဉ် တစ်ပါတည်းပြုပြင်မွမ်းမံခဲ့သည့် မြေနီကုန်း ခုံးကျော်တံတား အနုပညာစီမံကိန်းအား တရားဝင်ဖွင့်ပွဲပြုလုပ်ခဲ့သည်။

ထိုဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ပြင်သစ်သံအမတ်ကြီး မစ္စတာအိုလီဗီယေးရစ်ရှတို့ တက်ရောက်ခဲ့ကြပြီး ရန်ကုန်မြို့ခံများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတို့၏ထံသို့ ခုံးကျော်တံတားအား လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

**အပန်းဖြေရန်ပြုလုပ်ထား**

ယင်းသို့ မြေနီကုန်း ခုံးကျော်တံတားအား အများပြည်သူ အပန်းဖြေခံစားနားနေနိုင်ရန် ပြုလုပ်ပေးသည်ကို အတုယူ၍ မြန်မာလူငယ်များကလည်း ရန်ကုန်မြို့တွင်း၌ တည်ဆောက်ပြီးသော ခုံးကျော်တံတားများကို လှပပြီး အများပြည်သူများ မျက်စိပသာဒရရှိစေရန် ခံစားနားနေနိုင်ရန်မည်ကဲ့သို့ ဖန်တီးကြမည်ကို မော်ဒယ်ပုံစံငယ်များပြုလုပ်၍ တစ်ခါတည်း ပြသထားသည်ကို ထိုနေ့က စာရေးသူမြင်တွေ့ကြည့်ရှုခဲ့ရပါသည်။

ယခုကဲ့သို့ စိတ်ကူးရရှိ၍ ဖန်တီးမှုများကို မြင်တွေ့ခဲ့ရသဖြင့် စာရေးသူသည် အလွန်ပင်ကြိုတင်ကြည်နူးဝမ်းသာမိခဲ့သည်။ မျိုးဆက်သစ် အင်ဂျင်နီယာလူငယ်တို့၏ ဖန်တီးပုံဖော်မှု စိတ်ကူးများကိုလည်း မချီးကျူးဘဲမနေနိုင်တော့ပါ။ အမှတ်တရဓာတ်ပုံပင် ရိုက်ခဲ့ပါသေးသည်။

စာရေးသူတို့နိုင်ငံသည် ဖွံ့ဖြိုးမှုနှေးကွေးလျက်ရှိနေဆဲဖြစ်ပါသည်။ အစစအရာရာ ခေတ်နောက်ကျနေလျက်ပင်ရှိသေးသည်။ ထို့ကြောင့်လည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ မြန်မာနိုင်ငံတော်ကြီးအား နောင် (၁၀) နှစ်ကြာလျှင် စင်ကာပူနိုင်ငံကို ကျော်လွန်သော သန့်ရှင်းသာယာဖွံ့ဖြိုးသော နေချင့်စဖွယ်နိုင်ငံ ဖြစ်လာစေရမည်ဟု သန္နိဋ္ဌာန်ချထားပြီး စီမံဆောင်ရွက်နေပါသည်။

**ကိုယ့်အမှိုက် ကိုယ်ရှင်း**

သန့်ရှင်းသာယာသော နိုင်ငံတစ်နိုင်ငံဖြစ်ဖို့ရာ အသေးအဖွဲ့ အမှိုက်တစ်ခုမျှမရှိရအောင်လည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်လည်း အမှိုက်ကောက်ခဲ့ပြီး နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးကျော်သူက "ကိုယ့်အမှိုက် ကိုယ်ရှင်း" ဆိုင်းဘုတ်ဆွဲကိုင် လှုပ်ရှားလျက်ရှိသလို ပြည်သူပြည်သားများကလည်း ဝိုင်းဝန်းဆောင်ရွက်ကြလျက်ရှိသည်။

ယင်းကဲ့သို့ အမှိုက်များ သန့်ရှင်းအောင် ပြုလုပ်ဆောင်ရွက်ချက်သည် ယခုအချိန်တွင် ကောက်ရိုးမီးပမာ ဝုန်းခနဲတောက်ပြီး ငြိမ်ကျသွားသောအဖြစ်မျိုးကို တွေ့နေရသည်ဟု စာရေးသူမြင်မိပါသည်။

ခေတ်မီပြီး သန့်ရှင်းသာယာသော မြို့တော်အဖြစ် ရန်ကုန်မြို့ကို ယာဉ်အသွားအလာချောမွေ့စေရန် ကားလမ်း ခုံးကျော်တံတားတည်ဆောက်ခြင်း၊ လူများစည်ကားသောနေရာများ၌ လူကူးခုံးကျော်တံတားများကို နိုင်ငံတော်မှ တည်ဆောက်ပေးလျက်ရှိပါသည်။

ထို့ပြင် အဓိကကျသောလမ်းမကြီးများပေါ်ရှိ စည်းမဲ့ကမ်းမဲ့ ကျူးကျော်ဈေးသည်များအား နေရာသတ်မှတ်၍ စနစ်တကျရောင်းစေခြင်းများကို ပြုလုပ်ပေးခဲ့ပြီးဖြစ်ပါသည်။

**ဘက်ပေါင်းစုံမှ ပြုပြင်ပေး**

မြို့တော်ကို ဘက်ပေါင်းစုံမှ ပြုပြင်ပေးနေလင့်ကစား မြို့တော်၏ အလှကိုဖျက်ဆီးစေသည့် လူတချို့(ဝါ) စီးပွားရေးသမားတချို့ ရှိနေပါသည်။ ယင်းတို့သည် ခြံစည်းရိုး၊ ဓာတ်တိုင်၊ ကားမှတ်တိုင်နှင့် လူကူးခုံးကျော်တံတားများ၌ ကြော်ငြာများကပ်၍ ကြော်ငြာနေသူများဖြစ်ပါသည်။ ၎င်းတို့သည် မိမိ၏စီးပွားရေးကိုသာ ရှေ့တန်းတင်၍ နေရာကျဉ်းကျဉ်းလေး၌ပင် ကြော်ငြာတစ်ရွက်မက လေးငါးဆယ်ရွက်ကပ်၍ ကြော်ငြာနေကြပါသည်။ လှည်းတန်းရှိ လူကူးခုံးကျော်တံတားသည် ကြော်ငြာအကပ်ခံရဆုံးဖြစ်ပါသည်။

ထို့ကြောင့် ခုံးကျော်တံတားများကို အလှအပတို့ဖြင့် ပြုပြင်ဖန်တီးခဲ့သော် ထိုကြော်ငြာရှင်များသည် တစ်နေ့မဟုတ် တစ်နေ့လာကပ်နိုင်ပါသည်။ ကြော်ငြာလိုလျှင် သတင်းစာ၊ ဂျာနယ်တို့၌တစ်လက်မ တစ်ကော်လံကို ၈၀၀၀ ခန့် သာပေးရပါ၍ ထိုသို့ကြော်ငြာသင့်ပါသည်။ မိမိ၏အကျိုးစီးပွားအတွက် လူအများ၏ပိုင်ဆိုင်ရာတို့ကို အရုပ်ဆိုးအကျည်းတန်အောင် မပြုလုပ်သင့်ပါ။ ထိုကြော်ငြာရှင်တို့အား ပညာပေးခြင်း၊ အရေးယူမှုအစီအမံများ ပြုလုပ်သင့်ပြီဖြစ်ပါသည်။

ထိုသို့ ကြော်ငြာကပ်သည်ကလည်း အရုပ်ဆိုးအကျည်းတန်ပြီး မြင်မကောင်းသလို မြေနီကုန်းခုံးကျော်တံတားဘေး၊ ဒဂုံစင်တာအနီး၌ လက်ကမ်းကြော်ငြာဝေနေသူများကလည်း နေ့စဉ်ဆိုသလိုရှိနေပါသည်။ အလှပြင်ဆိုင်၊ ကွန်ပျူတာ၊ သင်တန်း၊ ကျူရှင်သင်တန်းအစရှိသည့် အမျိုးစုံသော လက်ကမ်းကြော်ငြာများဖြစ်သည်။

ကြော်ငြာဝေသူကလည်း ဖြတ်သွားဖြတ်လာလူတိုင်းကိုပေးပါသည်။ အပေးခံရသူများကလည်း ကြော်ငြာစာရွက်ကိုယူပြီး ရှေ့နားရောက်တော့ ပစ်ချသွားပါမည်။ မည်သူကမျှ ထိုကြော်ငြာကို အလေးထားဖတ်ကြမည် မဟုတ်ဟုထင်ပါသည်။ အချိန်တန်လို့ ကြော်ငြာမကုန်လျှင် လမ်းဘေးချောင်တစ်ခုခု၌ ပစ်သွားလေ့ရှိကြပါသည်။ ၎င်းသူတို့ကိုလည်း ပညာပေးခြင်း၊ အရေးယူခြင်းများ ပြုလုပ်ဖို့လိုအပ်လျက်ရှိပါသည်။

**စည်းကမ်းမဲ့ကြော်ငြာများ**

ရန်ကုန်မြို့ကြီးတွင် ထိုထိုသောစည်းမဲ့ကမ်းမဲ့ ပြုမူဆောင်ရွက်နေမှုတို့သည် များပြားလှပါသည်။ ရေးပြ၍ပင် ကုန်အံ့မထင်ပါ။ နောင်(၁၀)နှစ်တွင် စင်ကာပူကိုကျော်နိုင်ဖို့ဆိုလျှင် ယခုကဲ့သို့စည်းကမ်းမဲ့မှုအသေးအဖွဲ့ကလေးကိုမျှ ဆောင်ရွက်ခွင့်မပေးသင့်တော့ပါ။

မည်သူတစ်ဦးယောက်ကိုမျှ ထိခိုက်စေလိုသောဆန္ဒမရှိပါ။ သို့သော် သန့်ရှင်းသာယာလှပသော မြို့တော်ကြီးဖြစ်စေရန် ဤအပြုအမူများဖြစ်သည့် စည်းကမ်းမဲ့လှသော ကြော်ငြာများကို ထိန်းချုပ်သင့်ပြီဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။



**S.S ခင်မောင်အေး** ၏ ဈေးသားထုတ်ဝေပြီးသော (၂) တန်း မှ (၁၀) တန်း ထိ သင်္ချာ စာအုပ်များ




အမှတ်(၂၂၈)၊
အနော်ရထာလမ်း နှင့် ၃၉လမ်း(အထက်) ထောင့်ချိုး
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၅၃ ၁၄၃
၀၁-၉၁၉၀၄၀၂
၀၉-၅၁၃၆၄၄၆
၀၉-၄၅၅၁၆၀၁၅၀
ပညာဗိမာန် စာအုပ်တိုက်
ပညာချွန်

---

**KMD Institute** (Since 1986)
နိုင်ငံတကာအရည်အသွေးစံချိန်မီ ISO 9001:2008 လက်မှတ်ရ

ဆရာဦးသန့်ဇော်ဦး ကိုယ်တိုင်သင်ကြားသော
**LCCI Level I, II, III (စာရင်းကိုင်သင်တန်းများ)**

- Level 1 & 2 Book Keeping and accounts Course ကိုသင်ကြားပေးပါမည်။
- မေးခွန်းဟောင်းများကို အခမဲ့ပြန်လှန်သင်ကြားပေးပြီး Exam အောင်မြင်သည်အထိ တန်းခွဲသစ်များသို့ ပြန်လည် တက်ရောက်သင်ကြားခွင့်ပေးပါမည်။
- Level 3 သင်တန်းပြီးဆုံးပါက KMD တွင် On Job Training ဆင်းနိုင်ပြီး၊ အလုပ်သင် စာရင်းကိုင်အဖြစ် အရည်အချင်း ပြည့်မီပါက လုပ်ငန်းခွင်ဝင်နိုင်အောင် လုပ်ဆောင်ပေးပါမည်။


မြေနီကုန်းစင်တာ — LCCI - I, II SEPT Exam Series — 331, Pyay Road, Myaynigone. Ph : 01-527436, 502233 — 3 - May - 2017 (7:30 am - 10:30 am) [Tue,Wed]


လှည်းတန်းစင်တာ(၂) — LCCI - I, II SEPT Exam Series — 15, 4th Floor, U tun Lin Chan St. Ph : 01-524400, 502211 — 4 - May -2017 (3:30 pm - 5:30 pm) [Wed, Thu, Fri]

---



D ထွက်ဖို့ အောင်ဖို့ ပိုင်ဖို့
**D အောင်ပိုင်**
B.E(EC) Y.T.U(F), B.A(BL), LL.B, MPA, WIPO(Geneva)

The foundation of every state is the education of its youths.

နိုင်ငံတိုင်း၏ အခြေခံအုတ်မြစ်သည် ယင်းနိုင်ငံရှိ ကလေးငယ်များ၏ ပညာရေးပင် ဖြစ်သည်။



# IDAP

**ကိုယ်ပိုင်အထက်တန်းကျောင်း**
(၅တန်း မှ ၁၀တန်း အထိ)
**ဘော်ဒါဆောင် နှင့် အဆင့်မြင့် စာသင်ဝိုင်း**
(၈၊၉၊၁၀ တန်း)
၂၀၁၇-၂၀၁၈ ပညာသင်နှစ် အတွက် **ကျောင်းအပ်လက်ခံပြီ။**
ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဘော်ဒါ၊ အဆင့်မြင့်စာသင်ဝိုင်း အစီအစဉ်များမှ
ကြိုက်နှစ်သက်ရာကို ရွေးချယ်အပ်နှံနိုင်ပါသည်။

ကိုယ်ပိုင်ကျောင်း — (၁၀) ကွေ့အနီး၊ အမှတ် ၇၃၅၊ မောင်းမကန်တမ်းသာလမ်း၊ (၁၉) ရပ်ကွက်၊ ဒဂုံတောင်၊ ရန်ကုန်မြို့။ Ph: 09 452100 400, 09 452100 500

ဘော်ဒါဆောင် — အမှတ် ၃၀၃ (A / B)၊ သိင်္ဂီ(၄) လမ်း၊ (၂၄) ရပ်ကွက်၊ ဒဂုံတောင်၊ ရန်ကုန်မြို့။ Ph: 09 452100 600, 09 452100 700

စာသင်ဝိုင်း — အမှတ် ၀၂၅၊ ကန်သာယာလမ်း၊ အမက(၁) ကျောင်းရှေ့၊ (၂၄) ရပ်ကွက်၊ ဒဂုံတောင်၊ ရန်ကုန်မြို့။ Ph: 09 263 038343, 09 9453344216

တာဝန်ခံသင်တန်းမှူး Ph: 09 452100 300, 09 5182513 — အုပ်ချုပ်ရေးမှူး Ph: 09 450016503

---

## ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှုအသင်း
## လမ်းကြောင်းတာဝန်ခံ သင်တန်းသားခေါ်ယူခြင်း

- သင်တန်းအမှတ်စဉ်(၃) မေလ၊ ဇွန်လ သင်တန်းအမှတ်စဉ်(၄) ဇူလိုင်-ဩဂုတ်လ သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။ မှတ်ပုံတင်မိတ္တူ (၁)စောင်၊ ဓါတ်ပုံ (၃)ပုံနှင့်အတူ ရုံးချိန်အတွင်းလျှောက်ထားနိုင်ပါသည်။ သင်တန်းတစ်ခုလျှင် သင်တန်းသား (၇၅)ဦးသာ
- သင်တန်းအမှတ်စဉ်(၂) သင်တန်းသားများ သင်တန်းဆင်းလက်မှတ်ပေးအပ်ပါမည်။ အသင်းရုံးခန်းသို့ ဧပြီလ (၂၉)ရက်နေ့ နောက်ဆုံးထား အမြန်ဆက်သွယ်ကြပါရန် အကြောင်းကြားပါသည်။
- အသင်းသားများ၏ အသင်းဝင်လက်မှတ်များကို ပြန်လည်မှတ်ပုံတင်ပြီး လက်မှတ်အသစ်များထုတ်ပေးမည်ဖြစ်ပါ၍ အသင်းရုံးသို့ မေလ (၂၀)ရက် နောက်ဆုံးထားဆက်သွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။ ရုံးဖုန်း - ၀၁ ၃၇၂၄၁၉၊ ၀၉ ၇၇၇၅၅၉၀၇၅ ဖြင့် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

---

## ကမ်းခြေမြေကွက်ရောင်းရန်ရှိသည်

ရန်ကုန်မြို့မှ (၅) နာရီခွဲခန့်ခရီး၊ လည်ပတ်သူများလာသည့် **ကမ်းသာယာ** ကမ်းခြေမှ(၁)ကောကျော်၊ အုန်းခြံ မျက်နှာဖွင့်ကျယ်၍ ရှင်းလင်းပြီး၊ ရေကူးကမ်းခြေကောင်းသည်။ ပတ်ဝန်းကျင်တွင်ဟိုတယ်များရှိသည်။
➢ **အဆောက်အဦးဆောက်လုပ်ခွင့်ကျပြီး၊ ဟိုတယ်ဆောက်ရန်၊ ကိုယ်ပိုင်အနားယူရန်၊ ရင်းနှီးမြှုပ်နှံရန် စသည် အခွင့်အရေးကောင်းများရှိသည်။**
ဈေးနှုန်း သိန်း - 3,300-
**ဖုန်း - 09 49,709,415 (ဦးရာလူရဲဇော်)**

---

ကွန်ကရစ်ခွဲ အုတ်ချိုးကော်
ခေတ်မီမြေအုတ်ရိုက်စက် ရမည်
09 4200 35882
09 4200 35884
(မြောက်)ဆင်ပေး(၁)လမ်းထိပ်(၂)တောင်ဒဂုံ

---

## ထမင်းဆိုင်၊ အရောင်းပြခန်း နှင့် ကုန်ထုတ်လုပ်ငန်းများ လုပ်ရန် သင့်တော်သော
**ဆန်စက် နှင့် ခြံရောင်းမည်**

ရန်ကုန်-ပုသိမ်လမ်းမပေါ် (ပုသိမ်မြို့အနီး) မြေဧက (၁)ဧက ပေါ်ရှိ ဆန်စက် ကောင်းကောင်းရောင်းမည်။
ဈေးနှုန်း - 6,000 (သိန်း)၊ ပွဲခ -(1) % ပေးမည်။
**ဆက်သွယ်ရန် - 09 262 404 964 နုံနှိုင်းဖြင့်**

---

**သီဟလင်း**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18') ကားများဖြင့်
လုပ်သားအပြီးအစီး
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
01-570307
09-5112729
09-5126394

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

---

## ကုန်အမှတ်တံဆိပ်သတိပေးတားမြစ်ခြင်း

ကျွန်ုပ်၏အမှုသည်ဦးတင်ဝင်း (အဖ -ဦးမောင်အေး)၊ အမှတ်-၉၊ ဂန္ဓမာလမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့နေသူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးတားမြစ်အပ်ပါသည်။

ကျွန်ုပ်၏အမှုသည်ဦးတင်ဝင်းသည် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၂၈-၈-၂၀၀၉) နေ့က ကုန်အမှတ်တံဆိပ်မှတ်ပုံတင်အမှတ်-၆၆၁၄/၂၀၀၉ ဖြင့် **''ကောင်းကြိုက်မုန့်မျိုးစုံ''** အမည်ကုန်အမှတ်တံဆိပ်ကို မှတ်ပုံတင်ခဲ့ပါသည်။

**''ကောင်းကြိုက်မုန့်မျိုးစုံ''** အမည်ဖြင့် မုန့်မျိုးစုံကို ကိုယ်တိုင်ထုတ်လုပ်၍ မြန်မာနိုင်ငံတစ်ဝန်းသို့ ဖြန့်ချိရောင်းချလျက်ရှိပါသည်။

ကျွန်ုပ်အမှုသည်၏''ကောင်းကြိုက်မုန့်မျိုးစုံ'' ကုန်အမှတ်တံဆိပ်အမည်ကို လူပုဂ္ဂိုလ်အချို့က ရယူသုံးစွဲ၍ မုန့်များ ဖြန့်ဖြူးရောင်းချနေကြောင်းသိရှိတွေ့ရှိနေရပါသည်။

သို့ပါ၍ ကျွန်ုပ်၏အမှုသည်၏ ''ကောင်းကြိုက်မုန့်မျိုးစုံ''၏ ကုန်အမှတ်တံဆိပ်အမည်တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ ရယူသုံးစွဲခြင်းမပြုကြရန် အလေးအနက်သတိပေးတားမြစ်အပ်ပါသည်။

အကယ်၍ ဆက်လက်ရယူသုံးစွဲနေကြောင်းတွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်မင်းစိန်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၃/၈၀)**
၅၆၁(ပ-ထပ်)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ရုံးဖုန်း ၂၄၅၄၀၀၊ အိမ်ဖုန်း-၅၀၀၀၄၃၊ ၀၉ ၅၁၇၅၁၁၇

သစ် ပင် စိုက် ပါ ဒို့ ကမ္ဘာ သာ ယာ လှ ပ စိမ်း မြ မြ

## အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁)မှ (၁၈)အထိ တပည့်များက မိမိတို့အား စစ်ပညာနှင့် စာပေပညာသင်ကြားပေးခဲ့ကြသော အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများ၏ ဂုဏ်ကျေးဇူးကို မမေ့မလျော့သော အထိမ်းအမှတ်အဖြစ် ပူဇော်ကန်တော့ ဩဝါဒခံယူပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ချီးမြှင့်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် -(၁၃၇၉ ခုနှစ် ကဆုန်လဆန်း ၄ ရက်)၂၉-၄-၂၀၁၇ရက် (စနေနေ့)
အာစရိယပူဇော်ပွဲ -၈း၃၀ နာရီ
ညစာစားပွဲ အခမ်းအနား- ၁၈း၀၀ နာရီ
နေရာ - မြို့တော်ခန်းမ၊ ပြင်ဦးလွင်မြို့။

မှတ်ချက်။ ။ ၁၉၉၄ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ စစ်ပညာနှင့် စာပေပညာသင်ကြားပေးခဲ့ကြသော **အသက် ၄၅ နှစ်အထက်** ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် အာစရိယပူဇော်ပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါရန်နှင့် ကျော်လင်းလင်း ဖုန်း-၀၉-၂၀၄၄၀၃၁၊ နိုင်စိုး ဖုန်း-၀၉-၇၉၁၂၄၄၄၀၁တို့အား ဆက်သွယ်နိုင်ပါရန်။

## လက်ထပ်ပြီးစီးခြင်း

Singapore နိုင်ငံ Choa Chu Kang Crescent နေ ဦးလှဝင်း (Director, Suriya Sun Pte. Ltd.,Singapore)-ဒေါ်ခင်လေးကြည်(ရူပဗေဒဆရာမ၊ ရန်ကုန်တက္ကသိုလ်-ငြိမ်း)တို့၏သား ကိုဘုန်းမြင့်အောင်(B.E Mechanical, NTU)-မသဲဦးခင်(B.I.T Monash)တို့၏ညီ၊ ကိုကြည်လှဝင်း(B.E Mechanical, SUTD, PhD Student, SUTD)၏အစ်ကို

**armifpbL0if**

(Bachelor of Electrical & Electronic Engineering, Nanyang Technological University of Singapore)

နှင့်

ရန်ကုန်မြို့နေ ဦးထူးလှိုင်(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှု-၂)၊ (ဒုတိယအထွေထွေမန်နေဂျာ-အေးချမ်းမေတ္တာကုမ္ပဏီလီမိတက်)-ဒေါ်အမာညို(ဌာနခွဲမှူး-ငြိမ်း၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း၊ စက်မှု-၂)တို့၏သမီးငယ်၊ ကိုမင်းသက်ထူး(B.E Electrical, NUS)၏ညီမ

**rIidfqkvtif**

Bachelor of Industrial Management Engineering (Hons)
National University of Singapore

တို့၏ မင်္ဂလာပွဲကို ၂၇-၈-၂၀၁၆ရက်တွင် W Singapore Sentosa Cove တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်၌ ကျင်းပပြီးစီးခဲ့ပြီး ဖြစ်ပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**


ရှင်သာမဏေဓမ္မဗိမာန်
**ပိဋကတ်မြန်မာပြန်တရားတော်များသင်တန်း**

(၁၆)ကြိမ်မြောက် ဖွင့်လှစ်မည့် ပိဋကတ်တော်မြန်မာပြန် တရားတော်များသင်တန်း ကို ၂၀၁၇-ခုမေလ(၆)ရက်မှအောက်တိုဘာ (၁၅)ရက် အထိ၊အပတ်စဉ်(စနေ၊တနင်္ဂနွေ)နေ့များတွင်၊နံနက် (၈း၀၀)မှ(၁၁း၅၀)အထိ ပိဋကတ်ပညာရှင် ဆရာကြီးများက သင်ကြားပို့ချပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုပါက ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊ ရွှေတိဂုံစေတီတော်အရှေ့ဘက်အနီး၊ ရှင်သာမဏေဓမ္မဗိမာန်သာသနာ့ဝန်ဆောင်အဖွဲ့သို့ လျှောက်လွှာ ထုတ်ယူ စာရင်းပေးသွင်းနိုင်ပါသည်။

ရုံးအဖွဲ့- ဖုန်း ၀၁ ၃၈၇၃၃၆၁ ၊ ၀၉ ၄၂၀၁၈၄၃၆၈

သာသနာ့ဝန်ဆောင်အဖွဲ့



**ရှိုင်ရယ် ပတ္တမြား** Apr-28 **Hotel ဧရိတ်ငြိမ်း**
မြဝတီ-မဲဆောက်-ဘားအံ 110000/-
တောင်ကြီး-ကလော-ပင်းတယ 165000/-
09-252055609, 09-445641261



**ကားစီးလုံးငှားသည်။**
AC-Express(45,33,25), အံစာတုံး (14)Seat, Hice (9-7 Seat),
Alphard, Crown, Mark II (ငွေငင်း) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်ငှားသါ။
မြို့တွင်း / မြင်-ခရီးစဉ်မျိုးစုံအတွက် ကားကြီး / သေးမျိုးစုံ ငှားရမ်းနိုင်သည်။
Ph: 09-252522200, 09-33345545, 09-5089800






ဝမ်းတော်ပြည့်ပညာဒါန
**L.C.C.I Level I & II စာရင်းကိုင်သင်တန်း**

စာရင်းကိုင်ပညာကို အခြေခံမှစ၍ အင်္ဂလန်စာမေးပွဲကို ထူးချွန်စွာအောင်မြင်သည်အထိ သင်ကြားပေးမည်။

သင်တန်းဖွင့်မည့်နေ့ ။ ၃-၅-၂၀၁၇(ဗုဒ္ဓဟူးနေ့)ဖွင့်မည်။ (တန်းခွဲ-၁၄-၁၅)
သင်တန်းချိန် ။ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ နံနက်(၇း၃၀)မှ(၉း၃၀)ထိ။

သင်တန်းတက်ရောက်လိုသူများသည် ဝမ်းတော်ပြည့် ဘုန်းတော်ကြီးကျောင်း၊ တောင်ဥက္ကလာပမြို့၊ ပင်းယမှတ်တိုင်၊ ပါရမီလမ်း၊ အမှတ်(၃)ဝိုင်း။ ဖုန်း-09795625290, 095410909, 095088264 သို့ ဆက်သွယ်မေးမြန်း၍ ကြိုတင်စာရင်း သွင်းတက်ရောက်သင်ယူနိုင်ပါသည်။







# YBS ယာဉ်လိုင်းစနစ်ပြောင်းလဲမှု ထူးမခြားနားဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အဆိုတင်သွင်းဆွေးနွေး

**ရန်ကုန် မေ ၂၄**

ရန်ကုန်မြို့ရှိ ဘတ်စ်ကားပြေးဆွဲမှုစနစ်တွင် မ. ထ. သ မှ YBS ယာဉ်လိုင်းစနစ်အဖြစ် ပြောင်းလဲခဲ့မှုသည် သုံးလတာကာလအတွင်းတွင် မ. ထ. သ နှင့် ကွာခြားမှုမရှိဘဲ ထူးမခြားနားပင်ဖြစ်နေသည်ဟု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ယနေ့ ကျင်းပသော လွှတ်တော်အစည်းအဝေးတွင် အဆိုတင်သွင်းဆွေးနွေးခဲ့သည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး အဋ္ဌမမြောက်နေ့ အစီအစဉ်တွင် အင်းစိန်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန် တင်သွင်းခဲ့သော "ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်အား ယခုထက် ပိုမိုကောင်းမွန်လာစေရေးနှင့် ထိရောက်သော စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်ပြီး လုပ်ငန်းဆောင်ရွက်ချက်များအား အများပြည်သူ သိရှိနိုင်ရေး ပွင့်လင်းမြင်သာမှုရှိစွာ ချပြနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်းအဆိုကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ၂၆ ဦးတို့က ရှုထောင့်အသီးသီးမှ ဝေဖန်သုံးသပ် အကြံပြုဆွေးနွေးခဲ့ကြသည်။

ယခုနှစ် ဇန်နဝါရီ ၁၆ ရက်က စတင်ပြောင်းလဲခဲ့သော YBS ယာဉ်လိုင်းစနစ်သည် ရန်ကုန်မြို့ပြ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် ကြီးမားသော ပြောင်းလဲမှုတစ်ရပ်ဖြစ်ပြီး ယခင်စနစ်အဟောင်း၏ ဝန်ဆောင်မှုများအပေါ် စိတ်ကုန်နေသော မြို့နေလူထုနှင့် စေတနာရှင် လုပ်အားပေးအဖွဲ့များကလည်း တစ်တပ်တစ်အား ကြိုဆိုပူးပေါင်းခဲ့ကြသော်လည်း ကြိုတင်ပြင်ဆင်မှုပိုင်းနှင့် ထိရောက်သော အရေးယူဆောင်ရွက်မှုအပိုင်း၊ လိုအပ်ချက်ရှိနေသော ယာဉ်အစီးရေကဏ္ဍ အဆင့်ဆင့် တိုးတက်ပြောင်းလဲလုပ်ဆောင်သွားမည့် အခြေအနေတို့အပေါ်တွင် အများပြည်သူသိရှိမှု အားနည်းခဲ့ရပြီး ယနေ့တိုင် ဘတ်စ်ကားစီးနင်းကြရာတွင် အခက်အခဲများ ရှိနေဆဲပင်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခဲ့ကြသည်။

"ဘတ်စ်ကားစနစ် ပြောင်းလဲမှုမှာ ဘတ်စ်ကားစီးနင်းနေတဲ့သူတွေပါ ပါဝင်ဆွေးနွေးသင့်ပါတယ်။ ဘတ်စ်ကားမစီးဖူးတဲ့သူတွေ ရေးဆွဲတဲ့ပေါ်လစီတွေက ဘတ်စ်ကားစီးနေသူတွေအတွက် အဆင်ပြေချင်မှ ပြေပါလိမ့်မယ်။ အခုက အရင် မ. ထ. သ အပေါ်မှာ YBS ကို ပြောင်းလဲတပ်လိုက်တာပဲ ဖြစ်ပါတယ်။ လုပ်ဆောင်တာ စေတနာမှန်ပေမယ့် နည်းလမ်းမှားနေတယ်လို့ ထင်ပါတယ်"ဟု YBS ယာဉ်လိုင်း ဝန်ဆောင်မှုစနစ်များ၊ လိုအပ်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးအကြံပြုခဲ့သည့် လွှတ်တော်ကိုယ်စားလှယ် ၂၆ ဦးအနက် တစ်ဦးက ဆွေးနွေးသွားရာတွင် ထည့်သွင်းပြောကြားသွားခဲ့သည်။

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့**

## ချယ်လ်ဆီးကွင်းလယ်လူ ကန်တီနှင့် စပါးကွင်းလယ်လူ ဒီလီအလီ ပီအက်ဖ်အေ၏ တစ်နှစ်တာအကောင်းဆုံးဆုများ ဆွတ်ခူး

သတင်း - စာမျက်နှာ ›› ၁၃



## ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် ကျင်းပမည်

**နေပြည်တော် မေ ၂၄**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ကြီးမှူး၍ MOTTAMA HOLDINGS Ltd. တို့က အဓိကကူညီပံ့ပိုးသည့် ၂၀၁၇ ခုနှစ် ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ်ကို ရေပြာတပ်မတော်ဂေါက်ကွင်း နေပြည်တော်တွင် မေ ၃ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional အဆင့်၊ ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲ (H'cap 0 -12)၊ အမျိုးသမီး(H'cap 0 - 18) နှင့် အဆင့်များ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားသည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး (St. Andrew) ဂေါက်စည်းမျဉ်းများအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ဧပြီ ၂၀ ရက်မှ မေ ၁ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေး ပညာရှင်အဆင့် တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှင့် ဝါသနာရှင်အဆင့် တစ်ဦးလျှင် ကျပ် ၁၀၀၀၀ ဖြင့် ဖုန်း-၀၉-၂၆၂၆၀၂၆၃၆၊ ၀၉-၇၇၉၈၄၆၇၆၁ တို့သို့ စာရင်းပေးသွင်းနိုင်သည်။

အမည်စာရင်းပေးသွင်းပြီး ပြိုင်ပွဲဝင်ကြေး အချိန်မီပေးသွင်းခြင်း မပြုပါက ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်ကစားသမားများသည် နေပြည်တော်သို့ ကားဖြင့် လိုက်ပါနိုင်ပြီး ဧပြီ ၂၉ ရက်တွင် ၉ မိုင်ဂေါက်ကွင်းရှေ့မှ နံနက် ၆ နာရီခွဲတွင် ထွက်ခွာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

**(ဖိုးသော်ဇင်)**

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ မကွေးအသင်း ဒုတိယအဆင့်မှ စတင်ကစားရမည်

**ရန်ကုန် မေ ၂၄**

၂၀၁၇ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ပထမအဆင့်နှင့် ဒုတိယအဆင့်ပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်ပြီး လက်ရှိချန်ပီယံ မကွေးအသင်းသည် ဖုန်ဂန်(သို့မဟုတ်) GFA တို့ပွဲမှ အနိုင်ရသည့်အသင်းနှင့် ဒုတိယအဆင့်တွင် ကစားရမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ် ကော်မတီသည် ပထမအဆင့်တွင် ၂၀၁၆ ရာသီ၌ ပထမတန်းပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် အသင်း ၁၀ သင်းမှာ စတင်ကစားရမည်ဖြစ်ပြီး လက်ရှိချန်ပီယံ မကွေးအသင်းအပါအဝင် MNLအသင်းကြီးများမှာ ဒုတိယအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ ပထမအဆင့်ပွဲစဉ်များကို မေ ၂၊ ၃၊ ၄ ရက်၊ ဒုတိယအဆင့် ပွဲစဉ်များကို မေ ၁၀၊ ၁၁၊ ၁၇၊ ၁၈ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ ပထမအဆင့်ပွဲစဉ်များအဖြစ် မေ ၂ ရက်တွင် သုဝဏ္ဏကွင်း၌ ဖုန်ဂန်နှင့် GFA အသင်း၊ အောင်ဆန်းကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် စီးတီးစတားအသင်း၊ မေ ၃ ရက်တွင် သုဝဏ္ဏကွင်း၌ ဖီးနစ်(က)အသင်းနှင့် မောရဝတီအသင်း၊ အောင်ဆန်းကွင်း၌

**စာမျက်နှာ ၁၂ ကော်လံ ၃ သို့**




၂၀၁၆ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲချန်ပီယံ မကွေးအသင်း။

လူကြီးမင်းတို့၏ ထုတ်ကုန်ပစ္စည်းများတွင်အသုံးပြုလျှက်ရှိသော Lable Sticker များအတွက်
သတင်းကောင်းလေး ပေးပါရစေ
LABEL PRINTING SERVICE.
Lable Sticker ဆိုဒ်အမျိုးမျိုး နှင့် ဒီဇိုင်းပုံစံ အမျိုးမျိုးတို့ကို ဂျပန်နည်းပညာများကို အသုံးပြုပြီး ကောင်းမွန်သော ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ Lable Sticker များကို အလိပ်အနေဖြစ်၄င်း အရွက်အနေဖြစ် ၄င်း လူကြီးမင်းတို့ စိတ်တိုင်းကျ ဒီဇိုင်း ပုံစံများအတိုင်း မှန်ကန်သော ဈေးနှုန်းဖြင့် နိုင်ငံတကာစံနှုန်းမီ စတင် ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

Main Label
Label Printing Services
No.38A, Ka Naung Min Thar Gyi Road, Hlaing Thar Yar Industrial Zone(1), Hlaing Thar Yar Township,Yangon, Myanmar . Tel: +95 1 682034